# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)



၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၃၂၅)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား လမ်းညွှန်မှာကြားစဉ်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား လမ်းညွှန်မှာကြား

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌တွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

## တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ် လာစေရေးအတွက် မြန်မာ - ဂျပန် - အမေရိကန် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကျင်းပ

### ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်

**ရန်ကုန် ဩဂုတ် ၂၀**

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ် လာစေရေး အတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အဆိုပါ ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း၊ အမေရိကန်ကုန်သည်ကြီးများအသင်း၊ ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် အမေရိကန် စီးပွားရေးဝန်ဆောင်မှုအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁*


**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က အတည်ပြု**

ပြည်သူ့လွှတ်တော် စာ » ၆

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး**

အမျိုးသားလွှတ်တော် စာ » ၇

**အိန္ဒိယနိုင်ငံ၏ အာကာသလွှန်းပြန်ယာဉ် ချန္ဒရာယန်-၂ ဂြိုဟ်တုပတ်လမ်းပေါ်ရောက်ရှိ**

နိုင်ငံတကာသတင်း စာ » ၁၄



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# နိုင်ငံရေးသမားစစ်စစ် ဆိုသည်မှာ

ဒီမိုကရေစီအသားကျနေသော နိုင်ငံများတွင် နိုင်ငံရေးသမားများ တွင်ကျယ်လေ့ရှိသည်။ အာဏာရသူများ လုပ်ပိုင်ခွင့်ရှိသူများဟူသည် နိုင်ငံရေးသမားများသာဖြစ်ချေသည်။ ဤကဲ့သို့ နိုင်ငံရေးသမားတို့၏ အခန်းကဏ္ဍက ကြီးမားအားကောင်းလာသည့်အခါ နိုင်ငံရေးကို နိုင်ငံရေးနှင့် တူအောင်လုပ်သည့် နိုင်ငံရေးသမားစစ်စစ်များရှိသကဲ့သို့ နိုင်ငံရေးသမားအယောင်ဆောင် အခွင့်အရေးသမားများ၊ နိုင်ငံရေးသမား အတုအယောင်များ၊ နိုင်ငံရေးမျက်နှာဖုံးစွပ်ကာ ကိုယ်ကျိုးရှာသူများ ကလည်း ရှိလာသည်။

သည်လို အနေအထားများကို အကြောင်းပြု၍ နိုင်ငံရေးသမား များကို သရော်ကြသူများ၊ နိုင်ငံရေးသမားဆိုလျှင် လူလိမ်များအဖြစ် ပုံဖော်ကြခြင်းများက ထင်သာမြင်သာဖြစ်နေသည်။ အမှန်က အများ ပြည်သူနှင့် ပတ်သက်လုပ်ကိုင်ရသည့်သူများ အားလုံးသည် သည်လို သရော်ခံရသည်များ ရှိတတ်သည်ချည်း။ ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ရုပ်ရှင်သရုပ်ဆောင် အစရှိသည့် သက်မွေးဝမ်းကျောင်း နယ်ပယ်စုံက သူများနှင့် ပတ်သက်သည့် ပြက်လုံးများ၊ လှောင်ပြောင်သရော်သည့် ဟာသများက အများအပြားရှိသည်သာ ဖြစ်ချေ၏။

မည်သို့ဆိုစေ၊ နိုင်ငံရေးသမားဆိုသည်က သရော်လှောင်ပြောင်မှုများ၊ ဟာသပြက်လုံးများကြားက အရေထူထူဖြင့် နိုင်ငံ့အရေး၊ အများပြည်သူ အရေးကို ကိုယ်ကျိုးထက်ဦးစားပေးကာ ဆောင်ရွက်ရသူများ ဖြစ်ရ ပါသည်။

ဒီမိုကရေစီ မရင့်ကျက်သေးသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံ အဖို့မူ နိုင်ငံရေးသမားဟူသည် အနစ်နာခံရဆုံး သူရဲကောင်းများဟု မြင်သူများရှိသကဲ့သို့ နိုင်ငံရေးသမားဆိုလျှင် လှောင်ပြောင်ထိခိုက်ကာ ဆိုချင် ပြောချင်သူများကလည်း ရှိနေသည်မှာ မဆန်းလှ။

ပြည်သူ့ကိုယ်စားလှယ်စစ်စစ် နိုင်ငံရေးသမားအစိုးရဆိုသည်ကို နှစ်ကာလရှည်ကြာ မကြုံဆုံရဖူးသည့်၊ ဖွံ့ဖြိုးတိုးတက်မှု အလွန်နိမ့်ကျ နေသည့် ဆင်းရဲနွမ်းပါးလှသော နိုင်ငံတစ်ခုအဖို့မူ နိုင်ငံရေးသမား စစ်စစ်များ ပိုမိုလိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံ့အရေး၊ ပြည်သူ့ အရေးကို ကိုယ်ကျိုးစီးပွားထက် ပိုအလေးထားသည့် နိုင်ငံရေးသမားစစ်စစ် များကို ဆိုလိုပါ၏။

နိုင်ငံရေးသမားစစ်စစ်ဟူသည် ပြည်သူလူထုကို အခြေပြုရသည်။ ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားကာ ပြည်သူနှင့်အတူနေ၊ ပြည်သူနှင့်အတူ စံစားခံစားရသူများဖြစ်၏။ ပြည်သူ့အကျိုးအတွက်၊ နိုင်ငံ၏ရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးကြီး၊ ပညာဉာဏ် ကြီးကြီးဖြင့် ဦးဆောင်စီမံမှုများ ရေးဆွဲချမှတ်နိုင်သူ၊ စဉ်းစားတွေးခေါ် နိုင်သူ၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ၊ အရည်အချင်းပြည့်ဝသူ၊ ရင့်ကျက်သူဖြစ်ရန် လိုပါသည်။

ထို့ပြင် နိုင်ငံရေးသမားစစ်စစ်ဟူသည် ပြည်သူလူထု၏ အားပေး ထောက်ခံမှုအပေါ် ရပ်တည်ရသူများဖြစ်သော်လည်း ပြည်သူလူထုကို လိမ်ညာ မဲဆွယ်သူများမဟုတ်။ မဖြစ်နိုင်သည်များကို ဆွယ်တရားဟောကာ မဲလိုချင်သူများမဟုတ်။ အပေါ်ယံ လူပြိန်းကြိုက် မီးရှူးမီးပန်းများ လွှတ်တင်ရင်း မဲတောင်းသူမဟုတ်။

နိုင်ငံရေးသမားစစ်စစ်များသည် လူထုအကျိုးကို အာရုံစိုက်၍ အလုပ်ကို အင်တိုက်အားတိုက် လုပ်ကြသူများသာ ဖြစ်လေသည်။ ရွေးကောက်ပွဲ မဲရရေးဆိုသည်ကို အာရုံထဲထည့်ထားသူများမဟုတ်။

အမြော်အမြင်ကြီး ရင့်ကျက်လှသည့် ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့သော နိုင်ငံရေးသမားများဆိုလျှင် ဆန့်ကျင်ဘက်အဖွဲ့အစည်းမှ ဖြစ်သည်ဆိုဦးတော့ နိုင်ငံ့အရေး၊ ပြည်သူ့အရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမည်ဆိုပါက အတူလက်တွဲအလုပ်လုပ်ကိုင်ရန် ဝန်မလေး ခဲ့သည်မှာ သမိုင်းဖြစ်ပါသည်။

မြန်မာနိုင်ငံက ဆင်းရဲနွံတွင်းမှ ရုန်းထွက်ရန် ကြိုးပမ်းရမည့် တာဝန်ကြီးများ၊ နိမ့်ကျနေသော ပညာရေးစနစ်ကို မြှင့်တင်ရန်၊ ပြည်သူ့ ကျန်းမာရေးစနစ်များ အားကောင်းလာရန်၊ အဂတိတရားများ၊ လာဘ်ပေး လာဘ်ယူမှုများကြောင့် ပျက်စီးယိုယွင်းလာခဲ့သော ယန္တရားတစ်ခုလုံးကို ပြန်လည်တည့်မတ်ရန်၊ တိုင်းရင်းသားလူမျိုးစုများနှင့် နားလည်မှုရယူကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် အစရှိသော လေးလံ ကြီးမားလှသည့် တာဝန်ကြီးများက ထုနှင့်ထည်နှင့် ရှိနေသည်ဖြစ် သောကြောင့် အရည်အချင်းပြည့်ကာ အမြော်အမြင်ကြီး၊ ကိုယ်ကျိုး မဖက်သည့် နိုင်ငံရေးသမားစစ်စစ်များ အများအပြားပင် လိုအပ်နေသည် မှာ အမှန်ပါပင်။

အရေအတွက်အားဖြင့် မနည်းပါးလှသော နိုင်ငံရေးပါတီများရှိသည့် မြန်မာနိုင်ငံတွင် နိုင်ငံရေးသမားစစ်စစ်များ အများအပြား ပေါ်ထွန်းပါစေ သတည်း။ ။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်း ဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင် များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြသည်။

**သတင်းစဉ်**



# မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဩဂုတ် ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဘားအံမြို့နှင့် မုဒုံမြို့တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေး မိုးလေဝသ)တွင် ၂ ဒသမ ၀၅ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ သံတွဲမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၇၈ လက်မနှင့် ခရမ်းမြို့တွင် ၁ ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိမ် အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယား ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်း ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင် ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီး ခဲ့သည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သည် ယနေ့ ည ၇ နာရီခွဲတွင် ထိုင်း လေကြောင်းလိုင်းဖြင့် နေပြည်တော် မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာ သည်။



ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့ လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံး တာဝန်ရှိသူများ က နေပြည်တော် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံ ရသည့်ဒေသများအတွက် ထောက်ပံ့မှု များ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ မော်တော် ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး)နှင့် မော်တော် ယာဉ်အသင်းများက စုစုပေါင်း လှူဒါန်း ငွေကျပ် ၅၀၀၀၀၀၀၊ ရန်ကုန်မြို့မှ ဒေါက်တာဝေလင်းထွန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၀၊ နတ်မောက် ပရဟိတအဖွဲ့ပေါင်းစုံ ကွန်ရက်နှင့် နတ်မောက်မြို့နယ်အသင်း (နေပြည် တော်)က ငွေကျပ် ၁၅၁၅၅၀၀၊ သီတာ ရေစင်ပရဟိတက ငွေကျပ် ၃၀၀၀၀၀ နှင့် မူဆယ်မြို့ ဈေးရပ်ကွက်(ဈ-၁၃၀)နေ ဦးစိုင်းအေးသောင်၊ ဒေါ်ထင့်နိုင်၊ သမီးကြီး ဒေါ်အောင်သန္တာ MA(Eng) Victoria English Language Training Class က လှူဒါန်း ငွေကျပ် ၅၀၀၀၀၀ တို့အား လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံ ရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

အဆိုပါ ဖိုရမ်အား မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း(Myanmar Investment Promotion Plan-MIPP) တို့အရ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအား သိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**အသီးသီးရှိ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်း အသီးသီး ရှိသည်။

**တိုးတက်မှုအမြင့်မားဆုံး**

ဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဂျီဒီပီ သည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေး တိုးတက်မှုအမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ အစိုးရ၏ ပြုပြင် ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုပါကြောင်း၊ ယခုအခါ သီလဝါအထူးစီးပွားရေး ဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော Suzuki နှင့် Toyota တို့ အပြင် Yakult Probiotic drink လုပ်ငန်းလည်း ပါဝင်ပါကြောင်းနှင့် မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံခဲ့**

ဆက်လက်၍ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် General Electric၊ Chevron နှင့် Ford ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံ Overseas Private Investment Corporation မှ မြန်မာနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေး ကုမ္ပဏီတစ်ခု

*စာမျက်နှာ ၄ သို့*





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ် လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် အမှာစကား ပြောကြားစဉ်။**

ဓာတ်ပုံ-သက်အောင်၊ သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာ မေးမြန်းစဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဖြစ်သည့် Apollo Towers ကုမ္ပဏီမှ တစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသော တာဝါတိုင် ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာမေးမြန်း**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်သို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာ မေးမြန်းခဲ့သည်။

**အလေးထားပြောကြား**

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးခြင်း၊ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အား မိတ်ဆက်ခြင်းနှင့် စီမံချက်ဘဏ် (PROJECT BANK) နှင့် မြေယာဘဏ် (LAND BANK) တို့အကြောင်းကို အလေးထားပြောကြားခဲ့ပြီး အဆိုပါ ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ် နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအလားအလာများတိုးတက်လာစေရေးအတွက် စီစဉ်ဆောင်ရွက်မှုများအား မြန်မာ့ဆိုင်းဝိုင်း၏ အစီအစဉ် ကျနပုံကို ဥပမာပေးလျက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုလည်း အစီအစဉ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းအသစ်များနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးမှု အစီအစဉ်ကို ဆက်လက်ပြုလုပ်သည်။




**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့က အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးအတွက် "ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ၎င်းစိန်ခေါ်မှုများအတွက် မြန်မာ-ဂျပန်-အမေရိကန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးစဉ်။**
သတင်းစဉ်

**ဆွေးနွေး**

ပထမ စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့က အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးအတွက် **"ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ၎င်းစိန်ခေါ်မှုများအတွက် မြန်မာ - ဂျပန် - အမေရိကန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု"** ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် လိုအပ်သည့် အခွင့်အလမ်းအဖြစ် ယူဆနိုင်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ဆက်လက်၍ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက **"ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍနှင့် မြန်မာ့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ကြုံတွေ့နေရသည့် ၎င်းတို့၏ စိန်ခေါ်မှုများ"** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ရန် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရေး အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိဂုံးချုပ်အမှာစကား ပြောကြား၍ ဖိုရမ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ဂျပန်နိုင်ငံ အအိချိခရိုင်တွင် ခန့်အပ်ထားသည့် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Toshio Nishimura နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ဂျပန်နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးသွင်းအားစုမြေဩဇာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးစေရေးကောင်းမွန်တိုးတက်စေသည့် မဟာဗျူဟာများ၊ ကျေးလက်ရေ ရရှိရေးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ ချမှတ် ဆောင်ရွက်နေမှုကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# ရှာင်မြို့နယ် ဘက်စုံစံပြကျေးရွာ၌ တောင်သူများအား ပံ့ပိုးပစ္စည်းများ ထောက်ပံ့

**ရှာင် ဩဂုတ် ၂၀**

ရှာင်မြို့နယ် ကျောက်ငှက်ကျေးရွာအုပ်စု ကျောက်ငှက်ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ ဘက်စုံသီးနှံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေးသင်တန်းနှင့် ဘက်စုံစံပြကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးသုံးသွင်းအားစုများဖြစ်သည့် သဘာဝမြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးသန့်က ဘက်စုံစံပြကျေးရွာ ဆောင်ရွက်ရခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တောင်သူများအား သဘာဝမြေဩဇာ အိတ်များ၊ သဘာဝဆေးရည် စသည့် ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# မိတ္ထီလာမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၂၀**

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ရေဘေးသင့်ပြည်သူများအတွက် မိတ္ထီလာမြို့ပရဟိတအဖွဲ့များနှင့် ဦးဆောင်စေတနာရှင်အဖွဲ့မှ ပူးပေါင်း၍ ဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီးရှေ့တွင် အလှူခံဌာန ဖွင့်လှစ်အလှူခံလျက်ရှိရာ အလှူရှင်စေတနာရှင်များက အလှူငွေများ နေ့စဉ်ပေးအပ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ရေဘေးသင့်ပြည်သူများအတွက် မိတ္ထီလာမြို့ရှိ ကမ်းလက်များ၊ ရတနာမယ်၊ ချန်ပီယံမုန့်တိုက်၊ အဖြူရောင်ကြယ်၊ မြတ်နိုးပီတိ၊ မျိုးဆက်သစ် မြတ်ပါရမီ၊ ရွှေစောလူးမေတ္တာမွန်၊ ငြိမ်းအေးဝေစည်၊ သီလရှင် ဘက်စုံလှူဒါန်းရေးနှင့် လူမှုကူညီရေးအသင်း၊ ဥက္ကလာပညီနောင်၊ လုမ္ဗိနီ၊ လွတ်လပ်ရေးပရဟိတလူငယ်၊ မိတ္ထီလာကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၊ ကုန်သည်ကြီးများအသင်း၊ GTC ကျောင်းသား ကျောင်းသူဟောင်းများ စသည့်ပရဟိတအဖွဲ့များနှင့် ဦးဆောင်စေတနာရှင်များက ပူးပေါင်း၍ ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်အထိ အလှူခံဌာန ဖွင့်လှစ်ပြီး အလှူခံလျက်ရှိရာ စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။ ထိုသို့ စေတနာရှင်များကအလှူငွေများနေ့စဉ် လာရောက်လှူဒါန်းခဲ့ရာ ဩဂုတ် ၁၉ ရက်အထိ အလှူငွေကျပ် ၂၆၂ သိန်းကျော် ရရှိပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) **Mr. Suchart Tonjaroen** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁)နှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ သဘင်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြားအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးကျရောက်လျက်ရှိသည့် ဒေသများနှင့် မြန်မာအလုပ်သမားများအား ကူညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)နှင့်အဖွဲ့သည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၁၂ ရက်မြောက်နေ့ အစည်းအဝေး ကျင်းပနေမှုကို ဧည့်သည်တော်အဖြစ် တက်ရောက်လေ့လာကြသည်။



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) **Mr. Suchart Tonjaroen** အား တွေ့ဆုံစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁)နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းမည်။

**မိုး/ဇလ**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ရေလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၀

**အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရေလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(I-20)အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် မေးခွန်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ထို့နောက် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက လေ့လာစိစစ်တွေ့ရှိချက်များကို တင်ပြဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြန်လည်ရှင်းလင်း တင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင် ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် တာဝန်ရှိသူများ၊ ရေလုပ်ငန်းရှင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မေးခွန်းရှင် ကိုယ်စားလှယ်များ၊ ရေလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က အတည်ပြု



ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်



ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း

**နေပြည်တော် ဩဂုတ် ၂၀**

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် အတည်ပြုလိုက်သည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသည့် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၇၀ ကို အတည်ပြုရန် လွှတ်တော်သို့ တင်သွင်းသည်။

## ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၇၀ နှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း"** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့ပြင် ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **"နယ်ခြားစောင့်တပ် (၁၀၀၁)မှ သိမ်းယူထားသော လေ့ကားထစ်လယ် (၂၄) ကေအတွက် နစ်နာကြေးငွေပေးရန် စီစဉ်ထားမှု ရှိ၊ မရှိနှင့် သိမ်းဆည်းထားပြီးသော ဧရိယာထဲမှ အသုံးမပြုသည့်မြေများ ပြန်လည်စွန့်လွှတ်ရန်အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အမှတ်(၁၀၀၁) နယ်ခြားစောင့်တပ်အနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ဂန့်ဂွင်းကျေးရွာအုပ်စု ကွင်းမှတ် OSS ဂန့်ဂွင်း၊ ဦးပိုင်အမှတ် ၁ ရှိ မြေလွတ်မြေရိုင်း ၉၇၀ ကေကို မြေနှင့် အခွန်ဆင့်ဆိုချက်အရ တပ်ပိုင်မြေအဖြစ် အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက အခမဲ့လွှဲပြောင်း လက်ခံရရှိခဲ့ပါကြောင်း။

## လျော်ကြေးပေးချေရန် ကျန်ရှိခဲ့သော တောင်သူ ၂၁ ဦး၏ လယ်မြေဧရိယာ ၂၄ ဧက ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်

တပ်ပိုင်မြေအတွင်းပါဝင်ခဲ့သည့် တောင်သူ ၂၂ ဦး ၏ လယ်မြေဧရိယာ ၃၀ ဒသမ ၇၀ ဧကနှင့် ဥယျာဉ်ခြံမြေဧရိယာ ၁ ဒသမ ၅၀ ဧက စုစုပေါင်း ၃၂ ဒသမ ၂၀ ဧကအတွက် လျော်ကြေးငွေကျပ် ၅၉၃၆၀၀၀၀ အား ပေးလျော်ခဲ့ပြီးဖြစ်သော်လည်း ချီဖွေမြို့နယ် မြေစာရင်းဦးစီးဌာနမှ မှားယွင်းတိုင်းတာတွက်ချက်ခဲ့မှုကြောင့် တောင်သူ ၂၁ ဦး၏ လယ်မြေဧရိယာ ၂၄ ဧကအား ထပ်မံပေးချေရန် ကျန်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူ ၂၂ ဦးအား လျော်ကြေးငွေများပေးလျော်ခဲ့ပြီးဖြစ်သော်လည်း မြို့နယ်မြေစာရင်းဦးစီးဌာန၏ မှားယွင်းတွက်ချက်မှုအရ လျော်ကြေးပေးချေရန် ကျန်ရှိခဲ့သော တောင်သူ ၂၁ ဦး၏ လယ်မြေဧရိယာ ၂၄ ဧကသည် တပ်၏လျာထား အဆောက်အဦများနှင့် လွတ်ကင်းပြီး အသုံးပြုခြင်းမရှိသဖြင့် ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သိမ်းဆည်းခြံကာထားပြီး ဧရိယာ၏ ပြင်ပကျန် လယ်မြေနှင့် ယာမြေများကို ဆက်လက်သိမ်းဆည်းရန် မရှိကြောင်း၊ ဒေသခံတောင်သူများအား အသိပေးရှင်းလင်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## မောက်မယ်မြို့နယ် ဟိုလွိုင် ကျေးရွာအုပ်စု ကုန်းလေမုတ် ကျေးရွာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ထည့်သွင်းလျာထားပြီးဖြစ်

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **"မောက်မယ်မြို့နယ် ဟိုလွိုင် ကျေးရွာအုပ်စု ကုန်းလေမုတ်ကျေးရွာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှမ်းပြည်နယ် မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းလေမုတ်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောက်မယ် ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီဓာတ်အားလိုင်း ၀ ဒသမ ၀၅ မိုင်၊ ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပြီး အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **"ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ အသေးစားရေအား လျှပ်စစ်စက်ရုံအား ဓာတ်အားတိုးမြှင့် ထုတ်လုပ်ပေးနိုင်ရန်အတွက် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကတ္တလူကျေးရွာရှိ အသေးစား ရေအားလျှပ်စစ်စက်ရုံ၏ စီမံခန့်ခွဲမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သဖြင့် အဆိုပါ အသေးစားရေအားလျှပ်စစ်စက်ရုံ၏ ထိန်းသိမ်းပြုပြင်မှုနှင့် အဆင့်မြှင့်တင်မှုစရိတ်များအား စက်ရုံများလွှဲပြောင်းပြီးချိန်မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ခြင်းမရှိတော့ပါသဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်သာ စီမံဆောင်ရွက်နိုင်သည့်ကိစ္စရပ် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အတူ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **"မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပလိပ်တို့ ကျေးရွာတွင် 33/11KV3MVA ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြား

ထို့ပြင် ဇီးကုန်းမဲဆန္ဒနယ်မှ ဦးညဏ်ထွန်း၏ **"နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် PARDON သို့တည်းမဟုတ် လွတ်ငြိမ်းချမ်းသာခွင့် AMNESTY ဖြစ်သည်ကို ကွဲပြားစွာသိလိုခြင်းနှင့် ၉-၅-၂၀၁၉ ရက်စွဲပါ သတင်းထုတ်ပြန်ချက်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးရေးအတွက် အကျဉ်းသား၊ အကျဉ်းသူများ လွှတ်ပေးရန် စနစ်တကျစိစစ်ခဲ့သည့် မူဝါဒများကို ရှင်းလင်းစွာသိလိုခြင်း"** မေးခွန်း၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၏ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ ကျန်းမာရေးဆေးကုသမှုခံယူရာတွင် အဆင်ပြေလွယ်ကူချောမွေ့စွာ ကုသနိုင်စေရန် ရန်ကုန်နှင့် မန္တလေးအစရှိသည့် မြို့ကြီးများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆေးရုံ(ရဲဆေးရုံ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ **"ဂွမြို့နယ် ဆတ်သွားချောင်း သဖြာဆိပ်တွင် ဖမ်းဆီးရမိခဲ့သည့် သစ်တင်လှေအား သစ်တောဝန်ထမ်း၊ ရဲဝန်ထမ်းများ လက်သို့အပ်နှံခဲ့ပြီးမှ လွတ်မြောက်သွားခြင်းအား မည်ကဲ့သို့အရေးယူမည်ကိုသိလိုခြင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**

**ဓာတ်ပုံ-ထိုက်ထိုက်**



ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) **Mr. Suchart Tonjaroen** နှင့်အဖွဲ့အား တွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ အကြိမ်(၄၀)မြောက် အာဆီယံ ပါလီမန်များညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် ဒေါ်စုစုလွင်သည် ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) Mr. Suchart Tonjaroen နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံ လွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေး၊ ထိုင်းနိုင်ငံတွင်ကျင်းပမည့် အာဆီယံပါလီမန်များ အစည်းအဝေး 40th AIPA General Assembly နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဦးဘိုဘိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ ဒေါ်နော်လုလုစိုး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

## သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသများသို့ သန်လျင်မြို့နယ်မှ အလှူငွေနှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၀**

မွန်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် သန်လျင်မြို့နယ်မှ စေတနာရှင်၊ အလှူရှင်များက စုပေါင်း၍ အလှူငွေနှင့် ဆန်၊ ဆီ၊ ဆား၊ အသင့်စားခေါက်ဆွဲခြောက်များနှင့် ဆေးဝါးများကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် သန်လျင်မြို့နယ် စေတနာရှင် ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၀၀၊ ဆန်အိတ် ၁၀၀ နှင့် ဆန်၊ ဆီ၊ ဆား ဆေးဝါးများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းမင်းအောင်တို့ထံ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်၊ ဦးအောင်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း

**နေပြည်တော် ဩဂုတ် ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၏ **Consultant အတိုင်ပင်ခံအဆင့် အထူးကုဆရာဝန်များအား တိကျရှင်းလင်းသောတာဝန်ခွဲဝေမှုပေးနိုင်ရန် လိုအပ်သော ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ကိစ္စများသည် လက်တွေ့မြေပြင်တွင် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အဓိကသည် ၂၀၁၁ ခုနှစ်က ထုတ်ဝေခဲ့သည့် ဆေးရုံစီမံခန့်ခွဲမှုလက်စွဲစာအုပ်ဖြစ်ပါကြောင်း၊ ထိုစာအုပ်ကို ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် အပြီးဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ထိုစာအုပ်သည် ရှေ့လာမည့် နှစ် ၂၀ အထိ မှီငြမ်းစာအုပ်အဖြစ် အသုံးပြုရမည်ဖြစ်သည့်အတွက် လက်တွေ့အခြေအနေနှင့် ကိုက်ညီမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားပြီးဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားပြီး ဖြစ်ပါကြောင်း၊ ဆေးခန်းများအတွက် ငွေကျပ် သိန်း ၃၈၀ ခန့်၊ ဝန်ထမ်းအိမ်ရာများအတွက် ငွေကျပ် ၃၁၆ သိန်းခန့် လျာထားပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ အဝီစိတွင်းတူးခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ သန့်စင်ခန်းဆောက်လုပ်ခြင်းနှင့် ကွန်ကရစ်လမ်းဆောက်လုပ်ခြင်း စသည်တို့ ပါဝင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၏ **ကမ္ဘာတစ်ဝန်း တိုးပွားလာသော ဝက်သက်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် ကပ်ရောဂါအသွင် ဖြစ်ပွားမလာအောင် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **ပြည်သူများကို ပြည့်စုံသော ကျန်းမာရေးဝန်ဆောင်မှုပေးရန်အတွက် နိုင်ငံတော်အဆင့် မူဝါဒချမှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ မြစ်ရေဝင်အရပ်နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ခြေဒေသရှိ ကျေးရွာအချို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ် လေကန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်၊ တမံငယ်များကို ရေချိုမိုးရေစုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ သဘာဝဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း**က များပြားလှသည့် ကန်များ၊ ဆည်များ၊ တမံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန် မိမိတို့နိုင်ငံ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်မှုနှင့် မည်သို့ စီမံသုံးစွဲဆောင်ရွက်နိုင်မည်နည်းဆိုသည်မှာ အဓိကစဉ်းစားရမည့်အချက် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘဏ္ဍာငွေခွဲဝေသုံးစွဲနေသည့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအနေဖြင့် ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်ကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရန် ကိစ္စရပ်များတွင် မည်သို့စီမံသုံးစွဲနေသည်ကို ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနည်းစေပြီး ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် အမှန်တကယ်ရေကိုအသုံးပြုနိုင်မှု ကိစ္စရပ်များတွင် အကျိုးရှိရှိ ငွေကြေးသုံးစွဲရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

## ရေရှားပါးမှုပြဿနာကို မဖြစ်ခင်ကတည်းက ဒေသအလိုက် တည်ရှိနေသော မိုးရေကန်၊ သောက်ရေကန်၊ တမံငယ်၊ ဆည်ငယ်များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရယူပြီး နည်းဗျူဟာ၊ မဟာဗျူဟာများရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်**က မြေအောက်ရေကို လူ့အဖွဲ့အစည်းကသာ ပိုင်ဆိုင်သော်လည်း ပုဂ္ဂလိကပိုင်အဖြစ် ပြည်သူများရှုမြင်ပြီး ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ ကိုယ်ကျိုးအတွက်သော်လည်းကောင်း၊ စီးပွားရေးအတွက်သော်လည်းကောင်း အလွန်အကျွံထုတ်ယူသုံးစွဲနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ရေရှားပါးမှုပြဿနာကို မဖြစ်ခင်ကတည်းက ဒေသအလိုက် တည်ရှိနေသော မိုးရေကန်၊ သောက်ရေကန်၊ တမံငယ်၊ ဆည်ငယ်များကို အမျိုးသားရေအရင်းအမြစ်ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရယူပြီး နည်းဗျူဟာ၊ မဟာဗျူဟာများ ရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဦးကျော်တုတ်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၆၁/ ၂၀၁၉)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မဟာမိတ်တောင်သူလယ်သမားပါတီ** ကို မှတ်ပုံတင်အမှတ် (၉၂) ဖြင့် ၂-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၇/ ၂၀၁၅)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မဟာမိတ်တောင်သူလယ်သမားပါတီ**အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ၉-၁-၂၀၁၉ ရက်နေ့မှစ၍ ၈-၇-၂၀၁၉ ရက်နေ့အထိ (၆)လ ယာယီ ရပ်ဆိုင်း၍ ပါတီတွင်းပြဿနာများပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (ဂ)နှင့်အညီ ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ရပ်ဆိုင်းထားသည့်ကာလ ကုန်ဆုံးသည်အထိ ပါတီတွင်းပြဿနာများ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်ပြင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၁၆-၈-၂၀၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၆/ ၂၀၁၉) တွင် ဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (င) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မဟာမိတ်တောင်သူလယ်သမားပါတီ** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ယင်းပါတီကို ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## Myanmar Tradenet 2.0 စနစ်အား မိတ်ဆက်ခြင်းနှင့် E-Trade Opportunities and Challenges in Myanmar နှင့် ပတ်သက်၍ အများပြည်သူထံ အသိပညာပေးရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၀**

Myanmar Tradenet 2.0 စနစ်အား မိတ်ဆက်ခြင်းနှင့် E-Trade Opportunities and Challenges in Myanmar နှင့် ပတ်သက်၍ အများပြည်သူထံ အသိပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရှင်းလင်းပွဲသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းရပ်များ၊ National Single Window အထောက်အကူပြု Tradenet 2.0 စနစ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ မိတ်ဆက်တင်ပြခြင်း၊ Trading Across Border နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းတို့ အပါအဝင် ကုန်သွယ်မှုနှင့် ဆက်စပ်သည့်ကိစ္စရပ်များအား Public Private Dialogue ပုံစံဖြင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးအတွက် Awareness Work Shop ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ**

**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

( ခ ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

( ဂ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများက နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

ခြွင်းချက်။ တရားသူကြီးများသည် ဥပဒေတစ်ရပ်ရပ်အရ ကျမ်းသစ္စာပြုရန် ကင်းလွတ်ခွင့်ရှိသူဖြစ်ပါက ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသောအမှုများကို တရားသူကြီးတစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သော International Army Games-2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၉ ရက် ညပိုင်းတွင် မော်စကိုမြို့မှ ပြန်လည်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကိုကိုရှိန်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Mr. Andrey Baronov၊ စစ်သံမှူး Colonel Eduard Okladnikov နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခရီးစဉ်အတွင်း International Army Games - 2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရုရှားနိုင်ငံစစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MOI Website ၏ News Room ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးရုံးရှိ MOI Website News Room အား တက်ရောက်ဖွင့်လှစ်ပေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် MOI Website အား လက်ပ်တော့ကွန်ပျူတာဖြင့် စတင်ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MOI Website ကို တာဝန်ယူဆောင်ရွက်နေမှုနှင့် News Room ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် သတင်းစီးဆင်းမှု လျင်မြန်ချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် Cyber Security လုပ်ငန်းစဉ်ကိုလည်း ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြ**

MOI Website ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲအနေဖြင့် Webportal, Social Media, (Facebook, Viber, Twitter) တို့မှ ပြည်တွင်း၊ ပြည်ပသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြမှုဖြင့် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်တွင် ကြည့်ရှုသူ ၁ ဒသမ ၄ သန်းကျော်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မူလချုပ်ထားတဲ့ စာချုပ်အရ စာချုပ်ပါအချက်တွေကို ပြင်ဆင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် သဘောတူညီမှ ပြင်ဆင်နိုင်ပါတယ် ကျွန်တော်တို့ဘက်က ပြင်ဆင်လိုတဲ့အချက်တွေ ပြုစုပြီးပေးပို့တဲ့အခါ ဒီအပေါ်မှာ တစ်ဖက်က ပြန်ပြင်လိုတဲ့အချက်တွေ၊ နောက်ထပ် သူတို့အနေနဲ့ ပြင်ဆင်ချင်တဲ့အချက်တွေ၊ ဖြည့်စွက်ချင်တာတွေ စသဖြင့် အပြန်အလှန်ညှိနှိုင်းကြရတဲ့အနေအထားမျိုး ဖြစ်ပါတယ်

**ဩဂုတ် ၁၉ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၁/ ၂၀၁၉) တို့အပေါ် ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည် -**

**မေး ။ ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအနေနဲ့ စာချုပ်ပါစည်းကမ်းတွေအရ ပေးသွင်းရမယ့် ငွေတွေကို မပေးသွင်းဘဲ ဒဏ်ကြေးပဲ ပေးဆောင်နေတာ သူတို့ကို လှည့်သုံးဖို့ အခွင့်အရေးပေးနေသလိုဖြစ်နေတယ်လို့ မနေ့က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဒလမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေးက ဆွေးနွေးခဲ့ပါတယ်။ ဒီလိုအခြေအနေဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို သိပါရစေ။**

**ဖြေ** ။ ။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားအနေနဲ့ရော၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ရော မည်သည့်ကုမ္ပဏီအဖွဲ့အစည်းကိုမှ အခွင့်အရေးပေးထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း၊ လုပ်သာကိုင်သာရှိအောင် အခွင့်အလမ်း ဖန်တီးပေးထားခြင်းမျိုး လုံးဝမရှိပါဘူးလို့ ရှင်းရှင်းလင်းလင်း အသိပေးလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ အကြောင်းအရာက ကုန်လွန်ခဲ့ပြီးဖြစ်တဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကြွေးကျန်ဖြစ်ပေါ်ခဲ့မှု အပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေ စာရင်းပူးပေါင်းကော်မတီတို့က ထောက်ပြွန်တဲ့ သတ်မှတ်ကာလအတွင်း အချိန်မီ ငွေပေးသွင်းမှုမရှိဘဲ ဒဏ်ကြေးပေးဆောင်မှုနဲ့ နောက်ကျပေးသွင်းမှုဖြစ်ပွားခဲ့ရတဲ့ ဖြစ်စဉ်အပေါ် ဆွေးနွေးသွားခြင်း ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးရာမှာလည်း ရုပ်သံလွှင့်ကုမ္ပဏီများက ပေးသွင်းရမယ့် ၃ ဒသမ ၂၅ ဘီလီယံ အစား တစ်လကို ဒဏ်ကြေးငွေ တစ်ရာခိုင်နှုန်းနဲ့ ပေးသွင်းနေမှုကို ထောက်ပြဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ် ဖြစ်ပေါ်ရတဲ့အကြောင်းရင်းကို အတိုချုပ်ပြီးရှင်းပြရရင် ဒါက ၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါ အချက်များအတိုင်း ဆောင်ရွက်နေရင်းက ဖြစ်ပေါ်လာရတဲ့ဖြစ်စဉ် ဖြစ်ပါတယ်။ စာချုပ်ပါအချက်အရ ပေးသွင်းရမယ့်ငွေကို သုံးလတစ်ကြိမ် သတ်မှတ်ပြီး စတုတ္ထမြောက်လမှာ ပေးသွင်းရတဲ့ စနစ်ဖြစ်ပါတယ်။ ပေးသွင်းရမယ့်လထက် တစ်လနောက်ကျရင် သွင်းရမယ့် ငွေကြေးရဲ့ တစ်ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒီလိုသတ်မှတ်ချက်တွေအရ သတ်မှတ်ကာလအတွင်း မပေးသွင်းနိုင်တဲ့အခါမှာ နောက်ကျတဲ့ လအလိုက် ဒဏ်ကြေးပေးဆောင်ရတာမျိုး ဖြစ်ပါတယ်။

ဒီနေရာမှာ ၃ ဒသမ ၂၅ ဘီလီယံလုံးကို နှစ်လုံးပေါက် မပေးသွင်းဘဲ ဒဏ်ကြေးပဲ ပေးဆောင်နေခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ ၃ ဒသမ ၂၅ ဘီလီယံဆိုတာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက် ပေးသွင်းရမယ့် ငွေပမာဏဖြစ်ပြီး ဒါကို ၃ လတစ်ကြိမ် အရစ်ကျပေးသွင်းသွားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သတ်မှတ်လတွေမှာ ပေးသွင်းနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ၂၀၁၈ ခုနှစ် မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများမှာ ပထမအရစ်၊ ဒုတိယအရစ်၊ တတိယအရစ် စသဖြင့် သတ်မှတ် ဒဏ်ကြေးများအပါအဝင် ပေးသွင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို နောက်ကျပေးသွင်းနေတဲ့ အနေအထားမျိုး နောင်အလားတူ မဖြစ်ရလေအောင် သက်ဆိုင်ရာတို့က ထောက်ပြဆွေးနွေးခဲ့တာဖြစ်တယ်လို့ မှတ်ယူပါတယ်။

**မေး ။ ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအနေနဲ့ ၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ လက်ရှိမှာ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပြီးတော့ ဒီစာချုပ်ရဲ့ အားနည်းချက်၊ အားသာချက်တွေအပေါ် အမြဲတမ်းအတွင်းဝန်ရဲ့အမြင်သဘောထားကို သိပါရစေ။ အားနည်းချက်တွေကို ဘယ်လိုပြင်ဆင်သွားမယ်ဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**



**အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်**

**ဖြေ** ။ ။ ဒီလိုဖြစ်စဉ်မျိုး ထပ်ပြီးမဖြစ်အောင် ကျွန်တော်တို့ ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါ မူလစာချုပ်အရ ဒီလိုဖြစ်စဉ်မျိုးကို ဖြစ်ပွားနေစေတဲ့ တစ်နည်းအားဖြင့် ငွေကြေးပေးသွင်းမှုအပိုင်းမှာ အားနည်းချက်ရှိနေစေတဲ့အချက်တွေကို မဖြစ်မနေပြင်ဆင်ဖို့ လိုအပ်တယ်ဆိုတာ တွေ့လာရပါတယ်။ နောက်ကျဒဏ်ကြေးကို တစ်လ တစ်ရာခိုင်နှုန်းနဲ့ ပုံသေကောက်ခံနေမှု(အစား) ထိရောက်တဲ့ ဒဏ်ကြေးငွေ နှုန်းထားတစ်ခု ပြင်ဖို့လိုမယ်၊ နောက်ကျပေးသွင်းနိုင်တဲ့ ကာလကိုလည်း အတိုင်းအတာတစ်ခုအထိ သတ်မှတ်ဖို့လိုမယ်၊ သတ်မှတ်တဲ့အတိုင်းအတာထက် ကျော်လွန်ခဲ့ရင် အရေးယူဆောင်ရွက်မှုကို ဘယ်လိုလုပ်မယ်ဆိုပြီး ချမှတ်ထားဖို့လိုတယ်ဆိုတာ တွေ့လာရပါတယ်။ ဒီလိုအပ်ချက်တွေကို ပြင်ဆင်ဖို့ မူလစာချုပ်အပေါ်မှာ ပြဋ္ဌာန်းချက်တွေနဲ့အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။

မူလချုပ်ထားတဲ့ စာချုပ်အရ စာချုပ်ပါအချက်တွေကို ပြင်ဆင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် သဘောတူညီမှ ပြင်ဆင်နိုင်ပါတယ်။ ကျွန်တော်တို့ဘက်က ပြင်ဆင်လိုတဲ့ အချက်တွေ ပြုစုပြီး ပေးပို့တဲ့အခါ ဒီအပေါ်မှာ တစ်ဖက်က ပြန်ပြင်လိုတဲ့အချက်တွေ၊ နောက်ထပ် သူတို့အနေနဲ့ ပြင်ဆင်ချင်တဲ့အချက်တွေ၊ ဖြည့်စွက်ချင်တာတွေ စသဖြင့် အပြန်အလှန်ညှိနှိုင်းကြရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

တစ်ဖက်ကလည်း စာချုပ်ပြင်ဆင်ရေးကို ဆောင်ရွက်သလို တစ်ဖက်ကလည်း ကြွေးကျန်ပမာဏ မများရအောင်၊ နောက်ကျပေးသွင်းတဲ့ကာလတွေ မကြာမြင့်ရလေအောင် ရုံးစာနဲ့ တရားဝင်အကြောင်းကြားမှုတွေ၊ သတ်မှတ်ကာလမကျော်လွန်ရလေအောင် သတိပေးမှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သလို ရုပ်သံလွှင့်အဖွဲ့အစည်းတွေ အားလုံးပါဝင်တဲ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ရဲ့ တစ်လခွဲ တစ်ကြိမ် ကျင်းပပြုလုပ်တဲ့ အစည်းအဝေးများမှာ အစီအစဉ်တစ်ခုအနေနဲ့ ထည့်သွင်းပြီး သတ်မှတ်ကာလအတွင်း ပေးဆောင်ရမယ့်ငွေများ ပေးသွင်းဖို့၊ နောက်ကျတဲ့ကာလ မကြာမြင့်စေဖို့ ၊ အခုလို နောက်ကျဒဏ်ကြေး ပေးဆောင်နေမှု အပေါ်မှာ သက်ဆိုင်ရာလွှတ်တော်နဲ့ စာရင်းစစ်ချုပ်ရုံးများရဲ့ ထောက်ပြွန်မှု၊ ဖြေရှင်းဆောင်ရွက်နေရမှုတွေကို ရှင်းလင်းပြောကြားပြီး နှိုးဆော်ဆောင်ရွက်မှုများ လုပ်ခဲ့ပါတယ်။

**“ဒီလိုဖြစ်စဉ်မျိုး ထပ်ပြီးမဖြစ်အောင် ကျွန်တော်တို့ ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါ မူလစာချုပ်အရ ဒီလိုဖြစ်စဉ်မျိုးကို ဖြစ်ပွားနေစေတဲ့ တစ်နည်းအားဖြင့် ငွေကြေး ပေးသွင်းမှုအပိုင်းမှာ အားနည်းချက်ရှိနေစေတဲ့ အချက်တွေကို မဖြစ်မနေပြင်ဆင်ဖို့ လိုအပ်တယ်ဆိုတာ တွေ့လာရပါတယ်။ နောက်ကျဒဏ်ကြေးကို တစ်လ တစ်ရာခိုင် နှုန်းနဲ့ ပုံသေကောက်ခံနေမှု (အစား) ထိရောက်တဲ့ ဒဏ်ကြေးငွေ နှုန်းထားတစ်ခု ပြင်ဖို့လိုမယ်၊ နောက်ကျပေးသွင်းနိုင်တဲ့ ကာလကိုလည်း အတိုင်းအတာတစ်ခုအထိ သတ်မှတ်ဖို့လိုမယ်၊ သတ်မှတ်တဲ့ အတိုင်းအတာထက် ကျော်လွန်ခဲ့ရင် အရေးယူ ဆောင်ရွက်မှုကို ဘယ်လိုလုပ်မယ်ဆိုပြီး ချမှတ်ထားဖို့လိုတယ်ဆိုတာ တွေ့လာရပါတယ်”**

**ကျွန်တော်တို့ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား အနေနဲ့ရော၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ရော မည်သည့်ကုမ္ပဏီအဖွဲ့ အစည်းကိုမှ အခွင့်အရေး ပေးထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း၊ လုပ်သာကိုင်သာရှိအောင် အခွင့်အလမ်း ဖန်တီးပေးထားခြင်းမျိုး လုံးဝမရှိပါဘူးလို့ ရှင်းရှင်းလင်းလင်း အသိပေးလိုပါတယ်**

တစ်ဖက်ကလည်း ကြွေးကျန်ပမာဏများတဲ့ဖြစ်စဉ်တွေ မဖြစ်ရလေအောင် အဓိကကျတဲ့ အချက်နှစ်ချက်ကို စာချုပ်မှာ ပြင်ဆင်ဖြည့်စွက်ဖို့ ရုပ်သံလွှင့်ကုမ္ပဏီများနဲ့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်လို့ ပြင်ဆင်ချုပ်ဆိုမယ့်စာချုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို သဘောထားမှတ်ချက်များ တောင်းခံထားပြီး ဖြစ်ပါတယ်။ အကြံပြုလာတဲ့ သဘောထားမှတ်ချက်များနဲ့အညီ စာချုပ်ပြင်ဆင် ချုပ်ဆိုနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ စာချုပ်မှာ ပြင်ဆင်ဖြည့်စွက်တဲ့အချက်တွေကို ရှင်းပြပေးစေလိုပါတယ်။ ဒီလိုပြင်လိုက်ခြင်းအားဖြင့် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲဆိုတာလည်း သိရပါစေ။**

**ဖြေ** ။ ။ ပြင်ဆင်ရာမှာ ပထမတစ်ချက်ကတော့ အရင်လို နောက်ကျဒဏ်ကြေးကို တစ်လ တစ်ရာခိုင်နှုန်း ပုံသေမသတ်မှတ်ဘဲ ပထမလ ၁ ရာခိုင်နှုန်း၊ ဒုတိယလ ထပ်တိုး ၁ ဒသမ ၅ ရာခိုင်နှုန်း၊ တတိယလ ထပ်တိုး ၂ ရာခိုင်နှုန်း စသဖြင့် တိုးပြီး ယခင်လက ဒဏ်ကြေးနဲ့ ပေါင်းပြီးဆောင်ရတဲ့ ဒဏ်ကြေးတိုးစနစ် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြောရရင် -

(၁)လ နောက်ကျလျှင် ဒဏ်ကြေး ၁ ရာခိုင်နှုန်း = ၁ ရာခိုင်နှုန်း
(၂)လ နောက်ကျလျှင် ဒဏ်ကြေး ၁ ရာခိုင်နှုန်း + ၁.၅ ရာခိုင်နှုန်း = ၂.၅ ရာခိုင်နှုန်း
(၃)လ နောက်ကျလျှင် ဒဏ်ကြေး ၂.၅ ရာခိုင်နှုန်း + ၂ ရာခိုင်နှုန်း = ၄.၅ ရာခိုင်နှုန်း
(၄)လ နောက်ကျလျှင် ဒဏ်ကြေး ၄.၅ ရာခိုင်နှုန်း + ၂.၅ ရာခိုင်နှုန်း = ၇ ရာခိုင်နှုန်း
(၅)လ နောက်ကျလျှင် ဒဏ်ကြေး ၇ ရာခိုင်နှုန်း + ၃ ရာခိုင်နှုန်း = ၁၀ ရာခိုင်နှုန်း
(၆)လ နောက်ကျလျှင် ဒဏ်ကြေး ၁၀ ရာခိုင်နှုန်း + ၃.၅ ရာခိုင်နှုန်း = ၁၃.၅ ရာခိုင်နှုန်း

နောက်တစ်ချက်ကတော့ ယခင်က မပါရှိခဲ့တဲ့ နောက်ကျနိုင်တဲ့ကာလ ကန့်သတ်ချက် ထည့်သွင်းခြင်းဖြစ်ပါတယ်။ (၆)လအထိ ဆက်တိုက်ပေးသွင်းခြင်း မရှိဘူးဆိုရင် သတ်မှတ် ဒဏ်ကြေးပေးဆောင်နေပေမယ့်လည်း စာချုပ်ပိတ်သိမ်းပြီး အရေးယူနိုင်ဖို့ကို ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ခွင့်ရှိတယ်လို့ ဖြည့်စွက်ထည့်သွင်းခဲ့တဲ့အချက်ဖြစ်ပါတယ်။

ဒီလို ပြင်ဆင်ဖြည့်စွက်နိုင်ခြင်းအားဖြင့် ဒဏ်ကြေးစနစ်တိုးမြှင့်လာမှု၊ ကာလကန့်သတ်ချက်ရှိလာမှု ၊ ကန့်သတ်ချက်ကျော်လွန်ရင် ဖြစ်ပေါ်လာနိုင်တဲ့ အရေးယူဆောင်ရွက်နိုင်မှုတို့ကြောင့် ပေးသွင်းရမယ့်ငွေများကို သက်ဆိုင်ရာကာလအလိုက် ပေးသွင်းနိုင်တဲ့အခြေအနေကို ပိုမိုဖြစ်ပေါ်စေပြီး သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လျာထားရရှိငွေကို တိုးပွားစေမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေမျိုး ထပ်မံမဖြစ်ပွားနိုင်အောင် ထိရောက်တဲ့ဆောင်ရွက်မှုမျိုး ဖြစ်ပါတယ်။

**မေး ။ ။ ရုပ်သံလွှင့်ခတွေကို တခြားမှာ လှည့်သုံးသလိုဖြစ်နေတယ်၊ ပြည်သူ့ဘဏ္ဍာတွေ ဆုံးရှုံးမှုရှိတယ်ဆိုပြီး ပြောနေကြတဲ့အပေါ် ဘာများပြောကြားချင်ပါသလဲ။**

**ဖြေ** ။ ။ ရုပ်သံလွှင့်ကုမ္ပဏီများကို စာချုပ်ပါအချက်များအတိုင်း တိကျစွာ ဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ စာချုပ်ပါ အချက်တွေဟာ အားနည်းမှုတွေရှိခဲ့တဲ့အပေါ် ပြင်ဆင်မှုတွေလည်း လုပ်နေပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။*

*(စာတည်းအဖွဲ့)*

# A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူ Technician များ ပျိုးထောင်ပေးရာ အင်းစိန် GTI

*နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ*

**ဆယ်စုနှစ်တစ်ခုကျော်တိတ်ဆိတ်သွေ့ခြောက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရွာမ(ပြည်တော်သာ) ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) (သို့မဟုတ်) အင်းစိန် GTI ကျောင်းတော်ကြီးသည် ကျောင်းသူကျောင်းသားများဖြင့် သက်ဝင်စိုပြည်ခဲ့သည်မှာ ပညာသင်နှစ်နှစ်ခုတိုင်ခဲ့ပြီ ဖြစ်သည်။**



ဦးမောင်မောင်ဦး (အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် မြို့ပြအင်ဂျင်နီယာ (Civil Engineering)၊ အီလက်ထရွန်နစ် အင်ဂျင်နီယာ (Electronic Engineering)၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (Electrical Power Engineering)၊ စက်မှုအင်ဂျင်နီယာ(Mechanical Engineering)၊ စက်မှုလုပ်ငန်း အင်ဂျင်နီယာ (Industrial Engineering)၊ သုတနည်းပညာဘာသာရပ် (Information Technology) များကို သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းကာလမှာ သုံးနှစ်ဖြစ်ကာ သင်တန်းပြီးဆုံးပါက A.G.T.I ဒီပလိုမာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး ထူးချွန်စွာ အောင်မြင်သူများအား နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ပြုထားသည်။







**"အင်းစိန် GTI ကျောင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးစက်မှုလက်မှုပညာသင်ကျောင်းဖြစ်ပြီး နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိပြီဖြစ်၊ ၂၀၁၅ ခုနှစ်တွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ပြည့်မြောက်ခဲ့သည့်အတွက် အထိမ်းအမှတ်ပွဲများကို ကျင်းပပြုလုပ်ခဲ့၊ သမိုင်းဝင် အဆောက်အအုံတစ်ခု ဖြစ်သည့်အတွက် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် အပြာရောင်ကမ္ပည်းပြားကိုလည်း တပ်ဆင်သတ်မှတ်ထားပြီးဖြစ်"**

### ရမှတ်အပေါ် မူတည်ရွေးချယ်

ယခင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အင်းစိန် GTI ပထမနှစ်သင်တန်းများကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သောမည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်းစိန် GTI ကျောင်းအုပ်ကြီး တွဲဖက်ပါမောက္ခ ဦးမြတ်ကိုက " ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်က စပြီးကျောင်းပြန်ဖွင့်တာဖြစ်တဲ့အတွက် A.G.T.I က ဒုတိယနှစ်ပဲ ရှိပါသေးတယ်။ ကျွမ်းကျင်သူ Technician တွေကို မွေးထုတ်ပေးနေတာ ဖြစ်ပါတယ်။ လက်ရှိမှာ Quality Assurance ဖြစ်အောင်ဖော်ဆောင်ဖို့ ဆောင်ရွက်နေပါတယ်။ ကျွမ်းကျင်သူ Technician တွေဖြစ်ဖို့ အင်းစိန် GTI ကို လာရောက်ကြဖို့ဖိတ်ခေါ်ပါတယ် " ဟု ဆိုသည်။

ကျောင်းဝင်ခွင့်ကို ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အင်္ဂလိပ်စာနှင့် သင်္ချာရမှတ်စုစုပေါင်းအနိမ့်ဆုံး ၁၄၄ မှတ်ဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အနိမ့်ဆုံး ၁၃၄ မှတ်ဖြင့် လည်းကောင်း ခေါ်ယူခဲ့ကြောင်း အင်းစိန် GTI မှ သိရသည်။

### စုစုပေါင်း ၄၆၀ လက်ခံသင်ကြားပေး

အင်းစိန် GTI တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပထမနှစ်ကျောင်းသား ကျောင်းသူ ၂၆၅ ဦးနှင့် ဒုတိယနှစ် ၁၉၅ ဦး စုစုပေါင်း ၄၆၀ လက်ခံသင်ကြားပေးလျက်ရှိသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၏ ကနဦးအစမှာ စက်မှုလက်မှုပညာသင်ကျောင်း Government Engineering School အဖြစ် ၁၉၉၅ ခုနှစ် ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့လမ်းမတော်ဘုတာရုံအနောက်ဘက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် အဆိုပါနေရာမှ အင်းစိန်ဘူတာ အရှေ့ဘက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering ဟု ခေါ်ဆိုခဲ့သည်။

၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering and Technical High School ဟု ခေါ်ဆိုခဲ့သည်။

၁၉၁၂ ခုနှစ်မှစ၍ ယနေ့အထိ Government Technical Institute (GTI) ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ ၁၉၉၅-၁၉၉၆ ခုနှစ် ဒုတိယနှစ်သင်တန်းများကို သန်လျင် GTI သို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်ဟု မှတ်တမ်းများအရ သိရပြီး ၂၀၀၀ ပြည့်နှစ်တွင် အင်းစိန် GTI ကို စတင်ပိတ်ထားခဲ့သည်။

၂၀၀၇ ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက်တွင်မူ အင်းစိန် GTI ကျောင်းတော်ကြီး၏ ပရဝဏ်တစ်ခုလုံးတွင် ဝန်ထမ်းအိမ်ရာ၊ ကားအရောင်းပြခန်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကကျောင်းတစ်ခု စသဖြင့်နေရာပေး၍ ၎င်းတို့၏ ကိုယ်ပိုင်မြေနေရာသဖွယ် အသုံးပြုခဲ့ကြသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက သမိုင်းအစဉ်အလာကြီးမားသည့် **စက်မှုလက်မှုသိပ္ပံအင်းစိန် GTI ကို ယခင်ကအတိုင်း နယ်ပယ်စုံစက်မှုအတတ်သင်သိပ္ပံကျောင်းအဖြစ် ပြန်လည်ထိန်းသိမ်းပြီး သင်တန်းကျောင်းအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့သည်။

အဆိုပါ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန် GTI သည် ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော သမိုင်းဝင်ကျောင်းဖြစ်ပြီး အလယ်အလတ်ကျွမ်းကျင် A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများကို အဓိကလေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သော ကျောင်းတစ်ကျောင်း ဖြစ်ပါကြောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် အင်းစိန် GTI ၌ မူလအတိုင်း နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း ဖြေကြားခဲ့သည်။

### အနာဂတ်မှာ အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာစေဖို့

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ပထမဦးဆုံးမေးခွန်းဖြစ်ပြီး အင်းစိန် GTI ကျောင်းကြီး ပြန်လည်ဖွင့်လှစ်ရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖြစ်ပုံကို ဦးမောင်မောင်ဦးက "နောင်ကို ဘယ်အစိုးရမျိုးကမှ ဒါမျိုးထပ်မံမကျူးလွန်မိစေဖို့ အသိပေးလိုစိတ်၊ နောင်မျိုးဆက်သစ်တို့ရဲ့အနာဂတ်မှာ အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းခဲ့တာဖြစ်ပါတယ် "ဟု ပြောသည်။

အင်းစိန် GTI ကျောင်းတော်ကြီးတွင် ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်းများ၊ အဆောင်များ၊ အားကစားကွင်းနှင့် သင်ထောက်ကူပစ္စည်းများ တည်ရှိနေဆဲဖြစ်သည်။

### ပထမနှစ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန် GTI) ပထမနှစ် သင်တန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အင်းစိန် GTI စက်မှုအင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသားမောင်ဇင်မိုးလွင်က " ဒီကျောင်းကြီးအောင်မြင်တိုးတက်၊ နာမည်ဂုဏ်သတင်းကြီးချိန်တုန်းက ကျွန်တော်တို့ကတော့ မမွေးသေးပါဘူး။

*စာမျက်နှာ ၁၁ သို့*

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ(၉) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားတက်ရောက်




မြဝတီ သြဂုတ် ၂၀

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ကရင်ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီက မြဝတီမြို့ ရွှေကုက္ကိုလ်ကျေးရွာ၌ ကျင်းပသည့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ (၉)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်သည်။** (ဝဲပုံ)

အခမ်းအနားတွင် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မျိုးထွဋ်က မိန့်ခွန်း ပြောကြား သည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဂုဏ်ထူးဆောင်(၃) ဗိုလ်မှူးကြီး စောထွန်းလှိုင်ထံမှ ပေးပို့သည့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ(၉)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ သဝဏ်လွှာကို ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ညွန့်က ဖတ်ကြားပြီး ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူက အမှာစကား ပြောကြားသည်။

**ဂုဏ်ပြုကပြဖျော်ဖြေ**

ဆက်လက်ပြီး ရွှေကုက္ကိုလ်မြိုင် အထက်တန်းကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားအကများဖြင့် ဂုဏ်ပြုကပြဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။

**ရဲခေါင်ညွန့်**

---

*စာမျက်နှာ ၁၀ မှ*

၁၇ နှစ်ကျော်ကြာ ပိတ်ထားခဲ့ရပြီး အခုလို ပြန်ဖွင့်လှစ်လိုက်တဲ့အချိန်မှာ တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မိသားစုနဲ့ တစ်မြို့တည်းနေလို့ရတယ်။ အခြားတက္ကသိုလ်တွေလို အဝေးကြီးသွားစရာမလိုဘူး။ သွားရေးလာရေးအဆင်ပြေတယ်။ အချိန်ကုန်သက်သာတဲ့အတွက် စာလေ့လာကျက်မှတ်ချိန် ပိုရတယ်၊ ပညာရေးကို ပိုပြီးအာရုံစိုက်နိုင်ပါတယ် ” ဟု ဆိုသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ညနေပိုင်း သင်တန်းများအနေဖြင့် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

“ အင်းစိန် GTI ကျောင်းက အရင်ကတည်းက နာမည်ကြီးတယ်။ စာသင်ချိန်က တစ်နေ့ကို ၇ နာရီလောက်ပေးထားပြီး လက်တွေ့ပိုင်းကို ပိုပြီးဦးစားပေးတယ်။ ဆရာနဲ့ကျောင်းသား အချိုးမမျှတဲ့ အခက်အခဲနည်းနည်းကလွဲလို့ စက်ပစ္စည်းကိရိယာ၊ သင်ထောက်ကူပစ္စည်းတွေလည်း ပြည့်စုံပါတယ် ” ဟု မြို့ပြ အင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသူ မမြင့်မိုရ်ထွဋ်ဦးက ဆိုသည်။

လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသား မောင်ပြည့်ဖြိုးသန်းက လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ဖြန့်ဖြူးရေးအပိုင်းကို စိတ်ဝင်စားပြီး ကျွမ်းကျင်သည့် ပညာရှင်တစ်ယောက်ဖြစ်လိုသည့်အတွက် ၎င်းအနေဖြင့် Electrical Power - EP ဘာသာရပ်ကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ အင်းစိန် GTI သည် ယခင်ကတည်းက နာမည်ကြီးကျောင်းဖြစ်ပြီး မိမိတို့လက်ထက်တွင် ကျွမ်းကျင်သည့် ပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားခြင်းဖြင့် ကျောင်း၏ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောသည်။

ကာလတိုသင်တန်းများအနေဖြင့် အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်း သင်တန်း၊ စက်ရုံပိုင်းဆိုင်ရာ စက်ကိရိယာများ ထိန်းချုပ်တပ်ဆင်ခြင်းသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိဖွင့်လှစ်ခဲ့ပြီး အထည်ချုပ်ဆိုင်ရာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း၊ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ဆက်လက်အကောင်အထည်ဖော် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။


အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)ကျောင်းဝင်းအတွင်း တစ်နေရာ။

အင်းစိန် GTI ကျောင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး စက်မှုလက်မှုပညာသင် ကျောင်းဖြစ်ပြီး နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိပြီဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ပြည့်မြောက်ခဲ့သည့်အတွက် အထိမ်းအမှတ်ပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။ သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သည့်အတွက် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုအဖြစ် အပြာရောင်ကမ္ပည်းပြားကိုလည်း တပ်ဆင်သတ်မှတ်ထားပြီးဖြစ်သည်။

“ ကျောင်းကြီးရှေ့က ဖြတ်သွားတိုင်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်၊ ဂုဏ်သိက္ခာရှိရှိ ကျောင်းတက်နေကြတဲ့ လူငယ် ကျောင်းသားမျိုးဆက်သစ်တွေကို မြင်ရတော့ ဝမ်းသာမိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေဟာ လူငယ်ကျောင်းသားတွေကို ဘယ်လောက်တန်ဖိုးထားတယ်၊ မျှော်လင့်တယ်၊ ဘယ်လောက်အထိ အားကိုးတယ်ဆိုတာ သက်သေပြနေတာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်က ကျောင်းသားတစ်ယောက် ဖြစ်ခဲ့တဲ့ ကျွန်တော့်အနေနဲ့လည်း ဒီကျောင်းတော်ကြီးကို ကျောင်းသားတွေလက်ထဲ ပြန်ရောက်အောင်ပေးအပ်နိုင်ခဲ့တာကို ကျေနပ်ပျော်ရွှင်မိပါတယ်။ ဒီကျောင်းတော်ကြီးမှာတက်ရောက်ခဲ့တဲ့ ကျောင်းသားဟောင်းတွေလည်း ကျွန်တော့်လိုပဲ ထပ်တူခံစားဂုဏ်ယူကြမယ်လို့ ယုံကြည်ပါတယ်” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက ဆိုသည်။ ။

---

*စာမျက်နှာ ၉ မှ*

ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးမှုဆိုတာကတော့ ရရှိရမယ့် ဘဏ္ဍာငွေလုံးဝမရရှိတော့ဘဲ အချည်းနှီးဆုံးရှုံးသွားတာကို ဆိုလိုတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ရုပ်သံလွှင့်ကုမ္ပဏီများအကြား ပေးသွင်းရမယ့် ငွေများကတော့ တစ်စုံတစ်ရာ ဆုံးရှုံးခဲ့ခြင်းမျိုး မရှိခဲ့ပါဘူး။ နောက်ကျပေးသွင်းခဲ့မှု ကလည်း စာချုပ်ပါ ဒဏ်ကြေးများအတိုင်း ပေးသွင်းခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဘဏ္ဍာငွေတွေ ဆုံးရှုံးမှုရှိတယ်ဆိုတဲ့အချက်ကတော့ လုံးဝ မှန်ကန်မှု မရှိပါဘူးလို့ ပြောကြားလိုပါတယ်။

**မေး ။ ။ လွှတ်တော်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး စာချုပ်တွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ချုပ်ဆိုမယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်း တင်ပြခဲ့တယ်လို့ သိရပါတယ်။ ဒီအပေါ်မှာ ထပ်မံ ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

**ဖြေ ။** ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အပေါ်မှာ ထောက်ညွှန်ခဲ့တဲ့အချက်များအပေါ် အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေဖို့ ဆောင်ရွက်မယ့်အစီအမံတွေကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးအသီးနဲ့ လွှတ်တော်တို့ထံ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုရှင်းလင်းတင်ပြချက် အပေါ်မှာလည်း ဒီကိစ္စရပ်ကို ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်ကြီးအနေနဲ့ လက်ခံတဲ့အကြောင်း သူ့ရဲ့ဆွေးနွေးချက်ထဲမှာ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

တကယ်တော့ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တွေ့မြင်ရတဲ့ အားနည်းချက်တွေကို ထောက်ပြဝေဖန်မှုများအပေါ် ကျွန်တော်တို့အနေနဲ့ ကြိုဆိုလက်ခံရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ ဌာန၊ အဖွဲ့အစည်းအနေနဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို သိရှိနားလည်စေချင်ပါတယ်။ အခုဆိုရင် ကိုယ်စားလှယ်တော်ကြီး သိချင်တဲ့အချက်တွေကို အကျိုးအကြောင်းနဲ့ ရှင်းလင်းပြောကြားနိုင်ခဲ့တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးအပြင် အများပြည်သူပါ သိရှိသွားပြီဖြစ်လို့ များစွာအကျိုးရှိတယ်လို့ ယုံကြည်ပါတယ်။ အခုလို လာရောက်မေးမြန်းတဲ့ မြန်မာ့သတင်းစဉ်ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**သတင်းအဖွဲ့**

**“စာချုပ်ပါ အချက်တွေဟာ အားနည်းမှုတွေရှိခဲ့တဲ့အပေါ် ပြင်ဆင်မှုတွေလည်း လုပ်နေပြီဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးမှုဆိုတာကတော့ ရရှိရမယ့် ဘဏ္ဍာငွေလုံးဝမရရှိတော့ဘဲ အချည်းနှီးဆုံးရှုံးသွားတာကို ဆိုလိုတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ရုပ်သံလွှင့်ကုမ္ပဏီများအကြား ပေးသွင်းရမယ့် ငွေများကတော့ တစ်စုံတစ်ရာ ဆုံးရှုံးခဲ့ခြင်းမျိုး မရှိခဲ့ပါဘူး။ နောက်ကျပေးသွင်းခဲ့မှုကလည်း စာချုပ်ပါ ဒဏ်ကြေးများအတိုင်း ပေးသွင်းခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဘဏ္ဍာငွေတွေ ဆုံးရှုံးမှုရှိတယ်ဆိုတဲ့အချက်ကတော့ လုံးဝမှန်ကန်မှုမရှိပါဘူးလို့ ပြောကြားလိုပါတယ်”**



# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၉၂၁၁ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၉ သန်း လျော့နည်းခဲ့

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ မှ ဇူလိုင်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၄၇ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၁၆၄ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၂၁၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလ မှ ဇူလိုင်လထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၉၈ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၀၃၃ သန်း ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၂၃၁ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာသန်း ၈၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ၈၆၉ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ သန်း လျော့နည်းခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇူလိုင်လထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက်(+/-) |
|---|---|---|---|---|
| ၁။ | လယ်ယာထွက်ပစ္စည်း | ၂၈၀၄.၆၉၆ | ၂၅၂၁.၇၇၃ | ၂၉၂.၉၂၃ |
| ၂။ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၃၂၈.၉၀၆ | ၁၅၈.၆၆၂ | ၁၇၀.၂၄၄ |
| ၃။ | ရေထွက်ပစ္စည်းများ | ၆၄၂.၄၃၆ | ၆၀၃.၂၈၅ | ၃၉.၁၅၁ |
| ၄။ | သတ္တုတွင်းထွက်ပစ္စည်း | ၁၂၈၈.၄၆၀ | ၁၇၇၆.၆၄၈ | -၄၈၈.၁၈၈ |
| ၅။ | သစ်တောထွက်ပစ္စည်း | ၁၄၃.၃၁၄ | ၁၆၁.၇၁၅ | -၁၈.၄၀၁ |
| ၆။ | စက်မှုကုန်ချောပစ္စည်း | ၈၁၃၀.၉၉၁ | ၆၆၅၈.၁၄၆ | ၁၄၇၂.၈၄၅ |
| ၇။ | အခြားပစ္စည်းများ | ၆၉၈.၆၈၄ | ၁၃၁၇.၄၈၇ | -၆၁၈.၈၀၃ |
| | **စုစုပေါင်း** | **၁၄၀၄၇.၄၈၇** | **၁၃၁၉၇.၇၁၆** | **၈၄၉.၇၇၁** |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့ပါသည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇူလိုင်လထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက်(+/-) |
|---|---|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၇၇၁.၁၆၁ | ၅၄၈၅.၃၉၀ | -၇၁၄.၂၂၉ |
| ၂။ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၆၇၆.၀၄၆ | ၅၈၃၇.၉၆၆ | -၁၆၁.၉၂၀ |
| ၃။ | လူသုံးကုန်ပစ္စည်း | ၂၇၃၈.၉၉၀ | ၃၀၃၇.၉၄၃ | -၂၉၈.၉၅၃ |
| ၄။ | CMP | ၁၉၇၇.၈၃၁ | ၁၆၇၁.၉၉၁ | ၃၀၅.၈၄၀ |
| | **စုစုပေါင်း** | **၁၅၁၆၄.၀၂၈** | **၁၆၀၃၃.၂၉၀** | **-၈၆၉.၂၆၂** |

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာနှင့် စာမေးပွဲဝင်ကြေးအတွက် ငွေသွင်းတံဆိပ်ခေါင်း ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှင့် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက စက်တင်ဘာ ၂ ရက်တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် ၁၊ ၅၊ ၆၊ ၇၊ ၈ တို့ဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃၊ ၄ တို့ဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန် ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိအမှန်တကယ် နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုင်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများက စာမေးပွဲဝင်ကြေး ငွေကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာ တစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းကာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့် ပြုမည်မဟုတ်ကြောင်း၊ မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ၊ မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ် (၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ် နယ်မြေ၊ အမှတ်(၁၂) ရပ်ကွက် ပါရမီလမ်း အခြေခံပညာကျောင်းသုံးစာအုပ် သိုလှောင်ရုံအနီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ရန်ကုန်မြို့၊ လသာလမ်း အမှတ် (၁၆၆) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# Miss Universe Mandalay 2019 ပြိုင်ပွဲအတွက် စာနယ်ဇင်းရှင်းလင်း

**မန္တလေး ဩဂုတ် ၂၀**

Miss Universe Mandalay Organization က ကြီးမှူးကျင်းပသော Miss Universe Mandalay 2019 ပြိုင်ပွဲအတွက် ဆန်ခါတင်ရွေးချယ်ခံရသူ ၂၀ တို့အား မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က မန္တလေး ကျုံးတောင်ဘက်ထောင့် ၂၆ လမ်းရှိ Hilton Hotel အမရပူရ ခန်းမ၌ ကျင်းပသည်။

Miss Universe Mandalay 2019 ပြိုင်ပွဲတွင် Winner အဖြစ် ရွေးချယ်ခံရသူသည် ရန်ကုန်မြို့၌ ၂၀၂၀ ပြည့်နှစ် မေလတွင် ပြုလုပ်မည့် Miss Universe Myanmar 2020 ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖြစ် ပြိုင်ပွဲဝင်များက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ Miss Universe Mandalay 2019 ပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်တွင် မန္တလေးမြို့ မြို့ပတ်လမ်းရှိ ဟိုတယ်ရွှေပြည်သာ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Miss Universe Mandalay 2019 ပြိုင်ပွဲတွင် Winner ဆုအပြင် People Choice Award၊ Best Body ၊ Photogenis စသည့် Title ဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

လာမည့် ၂၀၂၀ ပြည့်နှစ် မေလတွင် ပြုလုပ်မည့် Miss Universe Myanmar 2020 ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအနေဖြင့် ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ရွေးချယ်သည့် ပြိုင်ပွဲဖြစ်ပြီး မန္တလေးပြိုင်ပွဲတွင် Winner ဖြစ်သူက Miss Universe Myanmar ပြိုင်ပွဲသို့ တိုင်းဒေသကြီးကိုယ်စားပြုအနေဖြင့် ဝင်ရောက် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း၊ Miss Universe Myanmar ပြိုင်ပွဲတွင် ထပ်မံရွေးချယ်ခံရပါက နိုင်ငံတကာပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို ပံ့ပိုးသည့် အလှူရှင်များအား ဂုဏ်ပြုပန်းခြင်းများကို ပြိုင်ပွဲကြီးမှူးသည့် Model Updae Entertainment မှ ကိုမျိုးမင်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များသည် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ယှဉ်ပြိုင်နိုင်ရန် မန္တလေးတိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူနှင့် မန္တလေးတိုင်းဒေသကြီး နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်သူများသာ ပါဝင်နိုင်မည်ဖြစ်ကာ ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်များအဖြစ် မန္တလေးမြို့ ပါတိတ်တိုင်းပြည်အထည်ဆိုင်မှ ဒေါ်နွဲ့နွဲ့စန်း၊ ဒီဇိုင်နာ ကိုမျိုးမင်းစိုး၊ ရုပ်ရှင်သရုပ်ဆောင် နဝရတ်တို့က ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အနုပညာရှင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် အလှမယ်များနှင့်အတူ အဖြူရောင်နှလုံးသား အသင်းက ဩဂုတ် ၂၇၊ ၂၈ ရက်တို့တွင် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး၌ အောက်ဆီဂျင်များ လှူဒါန်းခြင်း၊ ထမင်းများ ကျွေးမွေးခြင်းတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပရီမီယာလိဂ် ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်တွင် မန်ယူနှင့် ဝုဖ်တို့ သရေကျ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂)၏ နောက်ဆုံးပွဲစဉ်ကို ဩဂုတ် ၂၀ ရက် အင်္ဂါနေ့ နံနက်ပိုင်းတွင် မန်ယူနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝုဖ်အသင်းသည် ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၂၇ မိနစ်တွင် ရက်ရှ်ဖို့ဒ်၏ ဖန်တီးမှုမှတစ်ဆင့် မာရှယ်လ်က မန်ယူအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဝုဖ်အသင်းသည် ပထမပိုင်းတွင် မန်ယူအသင်းဘက်သို့ ဂိုးပေါက် မခြိမ်းခြောက်နိုင်ခဲ့ဘဲ ဒုတိယပိုင်းတွင် ကွင်းလယ်ကစားသမားအချို့ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၅ မိနစ်တွင် မော်တင်ဟို ဖန်တီးမှုကို ရူဘင်နေးဗက်စ်က ဝုဖ်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန် ၆၈ မိနစ်တွင် အနိုင်သေချာမည့် ပယ်နယ်တီအခွင့်အရေးရရှိကာ ပေါ့ဂ်ဘာကန်သွင်းခဲ့ရာမှ ဝုဖ်ဂိုးသမား ပတ်ထရီစီယို က ကာကွယ်ခဲ့၍ မန်ယူတို့ အနိုင်ဂိုး ဆုံးရှုံးခဲ့ရသည်။ ပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် ဧည့်သည် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ကိုးကြိမ်နှင့် ဝုဖ်အသင်းသည် ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်ရရှိကာ နှစ်သင်းစလုံးသည် နှစ်ကြိမ်စီသာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၂) အပြီးတွင် မန်ယူအသင်းသည် တစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ် လေးမှတ်ဖြင့် အဆင့်လေးတွင် ရပ်တည်နေပြီး ဝုဖ်အသင်းသည် နှစ်ပွဲသရေ ရမှတ် နှစ်မှတ်ဖြင့် အဆင့် ၁၃ တွင် ရပ်တည်နေသည်။ ပွဲစဉ် (၃)တွင် မန်ယူအသင်းသည် အိမ်ကွင်းတွင် ပဲလေ့စ်အသင်းကို ဧည့်ခံကစားရမည်ဖြစ်ပြီး ဝုဖ်အသင်းသည်လည်း အိမ်ကွင်းတွင် ဘန်လေအသင်းကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

✤ *ကျော့ဖုံးမှ*

အုပ်စု(ခ) ပွဲစဉ်များ အပြီးတွင် ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ အုပ်စု (က) ပွဲစဉ်များမှာ ဩဂုတ် ၂၃ ရက်မှ ပြီးဆုံးမည်ဖြစ်သောကြောင့် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမည့်အသင်းများ ထွက်ပေါ်ခြင်း မရှိသေးပေ။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့အကြားတွင် AA အဖွဲ့၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးကာ သုံးဦးဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်သုံးစီး ပျက်စီး




**နေပြည်တော် ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့အကြား ပက်ခွက်ဆိပ်ကျေးရွာနှင့် ပြိုင်းတောကျေးရွာအနီး၌ ယနေ့တွင် AA အဖွဲ့၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးကာ သုံးဦးဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်သုံးစီး ပျက်စီးသွားကြောင်း သိရသည်။

**မိုင်းခွဲတိုက်ခိုက်**

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာသည့် အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ရဲမှူးဦးစီးစစ်ကြောင်း ၁ နှင့် တပ်ခွဲ ၁ ခွဲသည် နံနက် ၉ နာရီခန့်တွင် တပ်ဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် ချီတက်လာစဉ် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး ပုဏ္ဏားကျွန်းမြို့မှ ၁၆ မိုင်ခန့်အကွာ ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့အကြား ပက်ခွက်ဆိပ်ကျေးရွာအနီးနှင့် ပြိုင်းတောကျေးရွာ အနီးတို့တွင် AAအဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် ရဲအရာရှိ တစ်ဦး၊ ရဲတပ်သားတစ်ဦး၊ စုစုပေါင်း နှစ်ဦးကျဆုံးကာ ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး တပ်ဖွဲ့ပိုင်မော်တော်ယာဉ် သုံးစီးပျက်စီးခဲ့ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများမှ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
၁၀း၃၀ - သဘာဝဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်မှု
၁၃း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်"(၂) ပေါင်ယု၊ ထိုက်ယုနှင့် ပေါင်ချိုင်းတို့မင်္ဂလာဂုဏ်ရည် ခန်းမဆောင်တွင် ပထမဆုံး တွေ့ဆုံခြင်း (၂)
၁၃း၄၅ - အခြေအနေအချိန်အခါနေရာ မရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကိုသတိပြုပါ

**ညပိုင်း**

၁၆း၂၅ - မြို့ပြအတု
၁၆း၄၀ - People Talk "အများပြည်သူအလေးထား ဆန်ဈေးကွက်ရဲ့စွမ်းပကား"
၁၇း၁၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အထက်တန်းစား"
၁၇း၃၀ - MRTV Travelogue
၁၈း၂၀ - "နည်းပညာထဲက ဒေတာစင်တာ"
၁၈း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "သတ်ပုံမှားတဲ့နေ့" (ဒေါင်းဝေ၊ ယွန်းဆက်၊ မသန်းသန်းဆင့်၊ ဒေါ်ဝါဝါ၊ ဒေါ်မြတ်မြတ်ငွေး)(ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၁၉း၁၅ - ဤအပြုအမူမျိုးပြုလုပ်သင့်ပါသလား(အဂတိ)
၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ"(အပိုင်း-၁၁)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - ဂီတသမား၊ ဂီတစကား "ပဥ္စသီခတေးသီချင်း(၂)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

## လှိုင်သာယာတွင် တရားမဝင်ပိုးသတ်ဆေးများ စစ်ဆေးတွေ့ရှိ၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်

**နေပြည်တော် ဩဂုတ် ၂၀**

စိုက်ပျိုးရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ရန်ကုန်မြောက်ပိုင်းခရိုင် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့၊ အထူးရဲအဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဩဂုတ် ၁၆ ရက်တွင် သတင်းအရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် အောင်ဇေယျ City အိမ်ရာ အင်း၀(၅)လမ်း အမှတ်(၁၈၅)ခြံဝင်းသို့ ဝင်ရောက်



စစ်ဆေးရာ(**ဝဲအောက်ပုံ**) အင်းလေး ရတနာကုမ္ပဏီလီမိတက်မှ တရားမဝင်တင်သွင်းထားသော ၂၀၀ လီတာဆံ့ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးပီပါ အလုံး၁၁၀ တွေ့ရှိရသဖြင့် ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုးသတ်ဆေးဥပဒေအရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် နိုင်ငံအတွင်း သုံးစွဲခွင့်ပြုမည့် ပိုးသတ်ဆေးများ၏ အာနိသင်ထိရောက်မှုရှိရန်၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အန္တရာယ်ရှိမှု နည်းစေရန်၊ အရည်အသွေးပြည့်မီသော ပိုးသတ်ဆေးများ တောင်သူများ လက်ဝယ် အသုံးပြုနိုင်ရန်အတွက် စိစစ်၍ ပိုးသတ်ဆေးမှတ်ပုံတင်နှင့် လိုင်စင်များကို ကြီးကြပ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၁ အရ မည်သူမျှမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်း မပြုလုပ်ရဟုတားမြစ်ထားကာ ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၂ အရ မည်သူမျှ လိုင်စင် မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့် လုပ်ငန်း၊ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း မပြုလုပ်ရဟု တားမြစ်ထားပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ စိစစ်ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေးများတင်သွင်း၊ ဖော်စပ်ထုတ်လုပ်၊ ပြန်လည်ထုပ်ပိုး၊ ဖြန့်ဖြူးရောင်းချဆောင်ရွက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် ပိုးသတ်ဆေးပုဒ်မ (၄၄) အရတရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောအမှုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်မြောက်ပိုင်း၌ ခိုးမှု၊ လုယက်မှု ကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ မိမိတိုင်းဒေသကြီးနယ်မြေအတွင်း ခိုးမှု၊ လုယက်မှုများ လျော့နည်းကျဆင်းရေး ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် မသင်္ကာသူများအား သတင်းစုံစမ်းနေစဉ် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ ဝေယံမင်း (ခ)ဝေယံနှင့် ငြိမ်းချမ်း (ခ)မျောက်ကြီး တို့ နှစ်ဦးကို တွေ့ရှိသဖြင့် ၎င်းတို့ ကိုင်ဆောင်လာသော Lenovo အနက်ရောင်ဖုန်းတစ်လုံးနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆို ပြသနိုင်မှု မရှိသဖြင့် ရဲစခန်းသို့ခေါ်ယူ စစ်ဆေးခဲ့သည်။

အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မသင်္ကာသူ ဝေယံမင်း(ခ)ဝေယံနှင့် ငြိမ်းချမ်း(ခ)မျောက်ကြီးတို့ နှစ်ဦးကို အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ မရှိ အသေးစိတ်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ၇လပိုင်းအတွင်း ဒဂုံမြောက်မြို့နယ် (၃၄)ရပ်ကွက် လောပိတလမ်းပေါ်တွင် စက်ဘီးစီးနင်းနေသူ အမျိုးသားတစ်ဦးထံမှ Mi အမျိုးအစား ရွှေရောင်ဖုန်းတစ်လုံး၊ (၃၂)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်တွင် စက်ဘီးစီးနင်းနေသူ အမျိုးသားတစ်ဦးထံမှ Huawei အမျိုးအစား အနက်ရောင် ဖုန်းတစ်လုံး၊ (၄၂)ရပ်ကွက် ဦးဝိစာရလမ်းပေါ်တွင် စက်ဘီးစီးနင်းနေသူ အမျိုးသားတစ်ဦးထံမှ Oppo အမျိုးအစား ရွှေရောင်ဖုန်းတစ်လုံး၊ (၃၅)ရပ်ကွက် မန္တလေးလမ်းမပေါ်တွင် စက်ဘီးစီးနင်းနေသူ အမျိုးသားတစ်ဦးထံမှ Vivo အနက်ရောင် ဖုန်းတစ်လုံး၊ လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် အလယ်တန်းကျောင်းရှေ့ရှိ နေအိမ်အတွင်းမှ Mi အမျိုးအစား ရွှေရောင်ဖုန်းနှစ်လုံး၊ (၁/၁၁)ရပ်ကွက် သုခမိန်လမ်းရှိ နေအိမ်အတွင်းမှ Oppo အမျိုးအစား ရွှေရောင်ဖုန်းတစ်လုံးနှင့် Huawei အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံး၊ (၂)ရပ်ကွက် တပင်ရွှေထီးလမ်း အထက(၁) ကျောင်းရှေ့တွင် ရပ်ထားသော ဟိုက်ဂျက်ယာဉ်မှ ဘက်ထရီတစ်လုံး၊ (၅) ရပ်ကွက်၊ ယူနီဆက်ပ်ဆေးခန်းအနီး ရပ်ထားသော ဟိုက်ဂျက်ယာဉ်မှ ဘက်ထရီတစ်လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ဝေယံမင်း(ခ)ဝေယံနှင့် ငြိမ်းချမ်း(ခ)မျောက်ကြီးတို့နှစ်ဦးအား (**အပေါ်ပုံ**) ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းအသီးသီးသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။



**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၏ အာကာသလွန်းပြန်ယာဉ် ချန်ဒရာယန်-၂ ဂြိုဟ်တုပတ်လမ်းပေါ် ရောက်ရှိ



အိန္ဒိယနိုင်ငံက လွှတ်တင်ခဲ့သည့် ချန်ဒရာယန်-၂ အာကာသလွန်းပြန်ယာဉ်။

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံ၏ ဒုတိယအကြိမ် လကမ္ဘာပေါ်သို့ ခရီးစဉ်သွားရောက်မည့် ချန်ဒရာယန်-၂ အာကာသလွန်းပြန်ယာဉ်သည် ဩဂုတ် ၂၀ ရက်တွင် ဂြိုဟ်တုပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)က ပြောကြားခဲ့သည်။

ဂြိုဟ်တုပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့မှုသည် ချန်ဒရာယန်-၂ အာကာသလွန်းပြန်ယာဉ်၏ ကြီးကျယ်သည့် သမိုင်းဝင် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း သိရသည်။ ဗစ်ကရမ်ဟု အမည်ပေးထားသည့် လဆင်းယာဉ်ကို ချန်ဒရာယန်-၂ အာကာသ လွန်းပြန်ယာဉ်ပေါ် တင်ဆောင်လျက် ပြီးခဲ့သည့် ဇူလိုင် ၂၂ ရက်က လွှတ်တင်ခဲ့သည်။ လဆင်းယာဉ်သည် စက်တင်ဘာ ၇ ရက်တွင် လမျက်နှာပြင်ပေါ် ဖြည်းဖြည်းချင်း ဆင်းသက်နိုင်ရန် ကြိုးစားမည်ဖြစ်သည်ဟု ဆိုသည်။

ချန်ဒရာယန်-၂ အာကာသလွန်းပြန်ယာဉ်သည် ကမ္ဘာမြေ၏ ပထမဆုံးဓာတ်ပုံများကို ယခုလအစောပိုင်းက မှတ်တမ်းတင်ရိုက်ကူးကာ ပေးပို့ခဲ့သည်။ အကယ်၍ လကမ္ဘာသို့သွားသည့် ခရီးစဉ် အောင်မြင်ခဲ့မည်ဆိုပါက အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံပြီးလျှင် လကမ္ဘာပေါ်သို့ ရောက်ရှိသည့် လေးခုမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

လကမ္ဘာသို့ ခရီးစဉ်သွားရောက်မှုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၅၀ နီးပါးရှိပြီး ခရီးစဉ်အတွင်း လမျက်နှာပြင်ပေါ်ရှိ ရေ၊ ဒြပ်စင်ပစ္စည်းများ၊ ကျောက်ပုံဆောင်ခဲများနှင့် သက်ဆိုင်သည့် အချက်အလက်များကို စုစည်း ရှာဖွေ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကက်ရှ်မီးယားအရေး အိန္ဒိယ၊ ပါကစ္စတန်ဝန်ကြီးချုပ်များနှင့် အမေရိကန်ဆွေးနွေး

**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အိန္ဒိယနှင့် ပါကစ္စတန်တို့မှ ခေါင်းဆောင်များနှင့် ဩဂုတ် ၁၉ ရက်က သီးခြားစီ ပြောဆိုဆွေးနွေးခဲ့ပြီး ကက်ရှ်မီးယားပဋိပက္ခကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားသွားရန် တိုက်တွန်းခဲ့သည်။ ဩဂုတ် ၆ ရက်တွင် အစ္စလာမ်ဘာသာဝင်များ အဓိကနေထိုင်ရာ ဒေသနှစ်ခုဖြစ်သည့် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားသည်ကို အိန္ဒိယမှ ပြန်လည်ရုပ်သိမ်းပြီးနောက်တွင် ဒေသတွင်း တင်းမာမှုများ မြင့်တက်ခဲ့သည်။

ပါကစ္စတန်အစိုးရသည် အဆိုပါကိစ္စကို ချက်ချင်းတုံ့ပြန်ခဲ့ပြီး အိန္ဒိယကိုလည်း ၎င်း၏ဆုံးဖြတ်ချက်ကို ပြန်ပြင်ရန် တောင်းဆိုခဲ့သည်။ နှစ်နိုင်ငံစလုံးမှ ဝန်ကြီးချုပ်များနှင့် အမေရိကန်သမ္မတထရမ့်တို့ တယ်လီဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့သည်။ သမ္မတထရမ့်က အိန္ဒိယဝန်ကြီးချုပ်နှင့် ဆွေးနွေးရာ၌ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဒေသတွင်းငြိမ်းချမ်းရေးကို ထိန်းချုပ်ရန်အတွက် တင်းမာမှုများ ဖြေလျှော့ရန် လိုအပ်သည်ဟု အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီကလည်း အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများ ကင်းဝေး သည့်နေရာတစ်ခု ဖန်တီးရန် လိုအပ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု အိန္ဒိယ ဝန်ကြီးချုပ်ရုံးမှ ပြောသည်။ ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းနှင့် ထရမ့်တို့ ပြောဆိုရာတွင်လည်း လက်ရှိတင်းမာမှုများကို ဖြေလျှော့ရန် လိုအပ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတထရမ့်သည် အိန္ဒိယနှင့် စီးပွားရေး၊ လုံခြုံရေးကိစ္စများ ချည်နှောင်ရာတွင် လက်ရှိဖြစ်ပေါ်နေသော ပြဿနာများကြောင့် ထိခိုက်မှုမရှိစေရေး ကြိုးပမ်းလျက်ရှိပြီး ပါကစ္စတန်နှင့် ဆက်ဆံရေးမပျက်ပြားအောင်လည်း ကြိုးပမ်းနေသည်။ ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်ရှိ အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် အမေရိကန်၏အဓိက မိတ်ဖက်နိုင်ငံဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဆူဒန်သမ္မတဟောင်း ဘတ်ရှာ အကျင့်ပျက်ခြစားမှုဖြင့် အမှုရင်ဆိုင်နေရ

**ဘာရိန်း ဩဂုတ် ၂၀**

ဆူဒန်သမ္မတဟောင်း အိုမာအယ်ဘတ်ရှာသည် တနင်္လာနေ့က အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် အမှုရင်ဆိုင်နေရသည်။ သမ္မတဟောင်း အိုမာအယ်ဘတ်ရှာ၏ ကြားနာစစ်ဆေးမှုကို ဩဂုတ် ၁၉ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။

၎င်းကို တရားစွဲဆိုနိုင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့် လုပ်ဆောင်မှုများသည် ဆူဒန်နိုင်ငံအတွက် အရေးကြီးသည့်အချိန်ကာလလည်းဖြစ်သည်။ မြို့တော်ခါတွန်ရှိ တရားရုံးသို့ သမ္မတဟောင်းဘတ်ရှာကို ခေါ်ဆောင်လာသည့်အချိန်တွင် လုံခြုံရေးများ တင်းကျပ်စွာ ချထားခဲ့သည်။

တရားရုံးတွင် ဘတ်ရှာက ခုံချောပ သူထိုင်ရသည့်နေရာတွင် နေရာယူခဲ့သည်။ ဘတ်ရှာသည် ၁၉၈၉ ခုနှစ် ဆူဒန်နိုင်ငံတွင် ၎င်းအာဏာရလာသည့် အချိန်မှစကာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သူလည်း ဖြစ်သည်။ တရားသူကြီးက ၎င်းကို ယခုမည်သည့်နေရာတွင် နေထိုင်သနည်းဟု မေးသည့်အခါ ဘတ်ရှာက အကျဉ်းထောင်တွင် နေထိုင်နေသည်ဟု ဖြေကြားခဲ့သည်။



ဆူဒန်သမ္မတဟောင်း ဘတ်ရှာကို တရားရုံးသို့ ခေါ်ဆောင်လာစဉ်။

ယခင်သမ္မတဟောင်း ဘတ်ရှာသည် ဆော်ဒီအာရေဗျမှ ငွေကြေးဒေါ်လာသန်းနှင့်ချီ၍ လက်ခံခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်သေ အချက်အလက်များ ပြသကြသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကလည်း ဘတ်ရှာကို ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဆူဒန်နိုင်ငံအနောက်ပိုင်းတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအတွက် ဖမ်းဝရမ်း ထုတ်ထားသည်။

ဆူဒန်စစ်ကောင်စီသည် ဘတ်ရှာကို အာဏာမှ ဖြုတ်ချခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ပေးပို့ရန် တုံ့ဆိုင်းနေကြသည်။ အရပ်သားခေါင်းဆောင်သည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာရေး အသွင်ကူးပြောင်းရေးအတွက် အရေးပါသည့် အာဏာခွဲဝေမှုစာချုပ်တွင် ဆူဒန်စစ်ကောင်စီနှင့် အတိုက်အခံမဟာမိတ်တို့ကြား လက်မှတ်ရေးထိုးထားကြသည်။

**အင်န်အိတ်ချ်ကေ**

## ဟော်မုဇ် ရေလက်ကြား လုံခြုံရေးမဟာမိတ်အဖွဲ့တွင် ဘာရိန်းနိုင်ငံ ပူးပေါင်းပါဝင်မည်




ဘာရိန်းဘုရင် အစ်ဆာအယ်ခါလစ်ဖာ

**မနာမာ ဩဂုတ် ၂၀**

ဟော်မုဇ်ရေလက်ကြား လုံခြုံရေးအတွက် အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့တွင် ပါဝင်ကြရန် အမေရိကန်က အဆိုပြုထားရာ အဆိုပါလှုပ်ရှားမှုတွင် ဘာရိန်းနိုင်ငံလည်း ပူးပေါင်းပါဝင်မည်ဟု သိရသည်။ ဘာရိန်းဘုရင် အစ်ဆာအယ်ခါလစ်ဖာသည် အပြည်ပြည်ဆိုင်ရာ မဟာမိတ်ပူးပေါင်းအဖွဲ့အတွင်းသို့ ဝင်ရောက်ရန် ဩဂုတ် ၂၀ ရက်က အတည်ပြုခဲ့ကြောင်း ဘာရိန်းနိုင်ငံပိုင် မီဒီယာတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံသည်လည်း အဆိုပါ မဟာမိတ်ပူးပေါင်းလှုပ်ရှားရေးအဖွဲ့အတွင်းသို့ ပါဝင်မည်ဟု ကြေညာခဲ့ရာ ဘာရိန်းနိုင်ငံသည် ဒုတိယမြောက် ပူးပေါင်းလာသည့်နိုင်ငံ ဖြစ်လာခဲ့သည်။ ဘာရိန်းနိုင်ငံသည် မဟာမိတ်ပူးပေါင်းအဖွဲ့အတွက် အရေးကြီးသည့် အခြေစိုက်စခန်းတစ်ခု ဖြစ်လာလိမ့်မည်ဟု လေ့လာသူများက ပြောသည်။ အမေရိကန် ဗဟိုကြီးကြပ်ကွပ်ကဲရေးရုံးကလည်း ဘာရိန်းဘုရင်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပင်လယ်ရေကြောင်း လုံခြုံစိတ်ချရရေးဒေသတွင်း တင်းမာမှုများ လျှော့ချနိုင်ရေးတို့ကို လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်ရေးသည် ကမ္ဘာ့စီးပွားရေးအတွက် အရေးကြီးဆုံး အရာပင်ဖြစ်သည်။ လွတ်လပ်စွာ ကုန်သွယ်စီးဆင်းမှုကို ခြိမ်းခြောက်လာခြင်းသည် အပြည်ပြည်ဆိုင်ရာအတွက် ပြဿနာပင် ဖြစ်သည်ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ပါဝင်သည်။ အီရန်နှင့် အမေရိကန်တို့ကြား တင်းမာမှုများ မြင့်တက်လာချိန်တွင် အမေရိကန်အစိုးရသည် ပင်လယ်ရေကြောင်း လွတ်လပ်စွာ သွားလာမှုအတွက် လုံခြုံစိတ်ချမှုရစေရေး ပူးတွဲစစ်ရေးလှုပ်ရှားမှုတွင် နိုင်ငံများ ပူးပေါင်းပါဝင်လာကြရန် တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဘတ်စ်ကားမတော်တဆမှုကြောင့် လူ ၁၇ ဦး သေဆုံး

**အစ္စတန်ဘူလ် ဩဂုတ် ၂၀**

တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဘတ်စ်ကား မတော်တဆမှုကြောင့် လူပေါင်း ၁၇ ဦး သေဆုံးခဲ့သည်ဟု ဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။

ဒူစီပြည်နယ်မှ ထွက်လာသော လော်ရီကားနှင့် ဘတ်စ်ကားတို့ တိုက်မိပြီးနောက် ယခုလို မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မတော်တဆမှုကြောင့် အဝေးပြေးလမ်းမကြီးထက်တွင် နာရီပေါင်းများစွာ ပိတ်ဆို့မှုများ ပေါ်ပေါက်ခဲ့သည်ဟု ချမ်ဟူရီရက် သတင်းစာတွင် ဖော်ပြထားသည်။

ကားမောင်းသူနှင့် ယာဉ်နောက်လိုက်တို့မှာ ကားပေါ်တွင် ပိတ်မိနေခဲ့ပြီး နှစ်နာရီကြာ ကယ်တင်မှု ပြုလုပ်ခဲ့ရကြောင်း သိရသည်။ မတော်တဆမှု ဖြစ်ပွားရခြင်းအကြောင်းကိုမူ မသိရသေးပေ။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ဟောင်ကောင် ပဋိပက္ခဖြစ်ပွားမှုကို လှုံ့ဆော်သည့် တွစ်တာနှင့် ဖေ့စ်ဘွတ်အကောင့်များကို ပိတ်ပင်

**ဟောင်ကောင် ဩဂုတ် ၂၀**

ဟောင်ကောင်၌ ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများကို ပိုမိုဆိုးရွားလာစေရန် လှုံ့ဆော်သည့် အကောင့်များကို ပိတ်ပင်လိုက်ကြောင်း အမေရိကန် လူမှုမီဒီယာကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် တွစ်တာနှင့် ဖေ့စ်ဘွတ်တို့က ပြောကြားခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှုကို လှုံ့ဆော်ရန် ရည်ရွယ်လျက် ဖွင့်ထားသည့် အကောင့်များတွင် တရုတ်အာဏာပိုင်များ ပါဝင်နေကြောင်း အဆိုပါ ကုမ္ပဏီကြီးနှစ်ခုက အတည်ပြုခဲ့သည်။ တွစ်တာကုမ္ပဏီက တရုတ်ပြည်မကြီးမှ ဖြစ်ဖွယ်ရှိသည့် အကောင့်ပေါင်း ၉၃၆ ခုတို့ကို ဩဂုတ် ၁၉ ရက်တွင် ပိတ်ပင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအကောင့်များတွင် တွေ့ရသည့် အချက်အလက်များက ဟောင်ကောင်၌ ဖြစ်ပွားနေသည့် ဆန္ဒပြမှုများနှင့် ပတ်သက်၍ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်အတွက် ပိတ်ပင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်အစိုးရက ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက် အသုံးပြုမှုကို ပိတ်ပင်ထားသည်ဖြစ်ရာ အဆိုပါ အကောင့်အများစုတို့သည် တွစ်တာသို့ ဝင်ရောက်ရန် VPN ခေါ် ကွန်ရက်မှတစ်ဆင့် တွစ်တာသို့ ဝင်ရောက်ခဲ့ကြကြောင်း အဆိုပါ ကုမ္ပဏီများက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရီးယားလေကြောင်းလိုင်းက ဂျပန်သို့ လေကြောင်းခရီးစဉ် ပျံသန်းမှုများ လျှော့ချမည်

**ဆိုးလ် ဩဂုတ် ၂၀**

တောင်ကိုရီးယားနှင့် ဂျပန်တို့အကြား နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတင်းမာလာနေချိန်တွင် ဂျပန်နိုင်ငံဆီသို့ ခရီးသွားလာမှု လျော့ကျလာနေသည့်အတွက် တောင်ကိုရီးယားနိုင်ငံမှ ဂျပန်သို့သွားမည့် လေကြောင်းခရီးစဉ် အများအပြားကို ရပ်နားမည်ဖြစ်ကြောင်း ကိုရီးယားအဲ လေကြောင်းလိုင်းက ပြောကြားခဲ့သည်။

လာမည့်စက်တင်ဘာလမှစတင်ကာ ကိုရီးယားနိုင်ငံတောင်ပိုင်း ဘူဆန်မြို့နှင့် ဂျပန်နိုင်ငံ အိုဆာကာစီရင်စုရှိ ကန်ဆိုင်လေဆိပ်အကြား ခရီးစဉ်ပျံသန်းပြေးဆွဲမှုများကို လုံးဝရပ်နားလိုက်တော့မည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းက ဩဂုတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ကိုရီးယားအဲ လေကြောင်းလိုင်းအနေဖြင့် လာမည့် နိုဝင်ဘာလမှ စတင်ကာ ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျယ်ဂျူအပန်းဖြေစခန်းနှင့် ဂျပန်နိုင်ငံရှိ နာရီတာနှင့် ကန်ဆိုင်လေဆိပ်များအကြား ခရီးစဉ်ပျံသန်းမှုကို ရပ်နားရန် စီစဉ်နေသည်ဟု ဆိုသည်။ ထို့ပြင် အင်ချွမ်းလေဆိပ်နှင့် ဂျပန်ရှိကိုမတ်စု၊ ကာဂိုရှိမာနှင့် အဆာဟိကာဝါ လေဆိပ်များအကြား ပျံသန်းပြေးဆွဲမည့် လမ်းကြောင်းသုံးခုကိုလည်း လာမည့် စက်တင်ဘာလ နှောင်းပိုင်းမှ စတင်ကာ တစ်လခန့်ကြာအောင် ရပ်နားထားမည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# အီရတ်နှင့် ဆီးရီးယားတို့တွင် အိုင်အက်စ်တို့ အင်အားပြန်လည် စုစည်းနေ

**-- -- ခြူးစန္ဒီမွေး -- --**

**ဆီးရီးယားမှာရှိတဲ့ အမေရိကန်ကို ကျောထောက်နောက်ခံပြုထားတဲ့တပ်ဖွဲ့တွေ အိုင်အက်စ်အကြမ်းဖက်အဖွဲ့တွေကို ချေမှုန်းပြီး ငါးလအကြာမှာ အိုင်အက်စ်အဖွဲ့ဟာ လူသူအင်အားပြန်လည်စုစည်းပြီး ပြောက်ကျားတိုက်ခိုက်မှုနဲ့ အီရတ်နဲ့ဆီးရီးယားတစ်လွှားမှာ တိုက်ခိုက်မှုတွေ ပြန်လည်လုပ်ဆောင်လာပြန်ပါတယ်။ ဘဏ္ဍာရေးစနစ်ကိုလည်း ပြန်လည်စုစည်းနေပြီး တပ်သားသစ်စုဆောင်းဖို့အတွက်ကတော့ မဟာမိတ်တွေ ဖွင့်လှစ်ထားတဲ့ ဒုက္ခသည်စခန်းတွေကို ပစ်မှတ်ထားနေတယ်လို့ အမေရိကန်၊ အီရတ်တပ်ဖွဲ့နဲ့ ထောက်လှမ်းရေးအရာရှိတွေက ပြောပါတယ်။**



ဆီးရီးယားနိုင်ငံ မန်ဘိုင်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် စစ်ဆေးရေးဂိတ်၌ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

### ထောက်ပံ့မှုတွေ ဖြတ်ချတာလား

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တွေကို အလုံးစုံ ချေမှုန်းနိုင်ပြီလို့ပြောပေမယ့် အဲဒီဒေသမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ကာကွယ်ရေးအရာရှိတွေကတော့ ဒီလိုမျိုး မယူဆပါဘူး။ အကြမ်းဖက်အုပ်စုတွေ ဆက်လက်ရှိနေဆဲပဲလို့ ယုံကြည်ကြပါတယ်။ ထောက်လှမ်းရေးမှူးချုပ်တစ်ယောက်ရဲ့အစီရင်ခံစာမှာတော့ ယခုနှစ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဆီးရီးယားမှာ တာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ ကို ထက်ဝက်ခန့် လျှော့ချမယ်လို့ ကြေညာခဲ့တာအတွက် ဒါဟာ အိုင်အက်စ်တွေကို တိုက်ခိုက်နေတဲ့ ဆီးရီးယားမိတ်ဖက်အဖွဲ့အစည်းတွေကို ထောက်ပံ့ပေးမှုတွေ ဖြတ်ချလိုက်တာပဲဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ အခုအချိန်မှာတော့ အမေရိကန်နဲ့ အပြည်ပြည်ဆိုင်ရာက တပ်ဖွဲ့တွေဟာ အိုင်အက်စ်တွေကို မြို့ပြတွေဆီ ထွက်ပြေးမသွားနိုင်အောင် ထိန်းချုပ်ဖို့ ကြိုးစားကြပါတယ်။

### စိုးရိမ်မှု အနည်းငယ်သာရှိ

အိုင်အက်စ်တွေဟာ အရင်တုန်းက သူတို့သိမ်းပိုက်ခဲ့တဲ့နယ်မြေတွေကို ပြန်လည်သိမ်းယူဖို့ ကြိုးစားလိမ့်မယ်ဆိုတာနဲ့ ပတ်သက်လို့ကတော့ စိုးရိမ်မှုအနည်းငယ်သာ ရှိကြပါတယ်။ အရင်တုန်းကဆိုရင် အိုင်အက်စ်တွေ သိမ်းပိုက်ခဲ့တဲ့ပမာဏဟာ ဗြိတိန်နိုင်ငံ အရွယ်အစားလောက်ရှိပြီး လူဦးရေ ၁၂ သန်းနီးပါးရဲ့အသက်ကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

အခုအချိန်ထိတိုင်အောင်ပဲ အဲဒီအကြမ်းဖက်အုပ်စုဟာ အီရတ်နဲ့ ဆီးရီးယားတို့မှာ တိုက်ခိုက်ရေးသမားပေါင်း ၁၈၀၀၀ ခန့် ကျန်ရှိနေသေးပြီး ရွှေ့ပြောင်းစခန်းချလျက် ရှိပါတယ်။ သူတို့တွေဟာ၊ ချုံခိုတိုက်ခိုက်တာတွေ၊ ပြန်ပေးဆွဲတာတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ လူမျိုးစုခေါင်းဆောင်တွေကို ပစ်မှတ်ထားပြီး လုပ်ကြံတာတွေ လုပ်ဆောင်ကြပါတယ်။

### စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံထား

နောက်ပြီးတော့ အိုင်အက်စ်တွေမှာ အမေရိကန်ဒေါ်လာသန်း ၄၀၀ နီးပါးခန့်ဟာ ဆီးရီးယားနဲ့ အီရတ် ဒါမှမဟုတ် အိမ်နီးချင်းတိုင်းပြည်တွေမှာ ခိုးပြီး သိုဝှက်ထားတာမျိုး ရှိပါတယ်။ ငါးဖမ်းလုပ်ငန်း၊ ကားပွဲစားလုပ်ငန်း၊ ဆေးခြောက်စိုက်ပျိုးမှုတွေမှာ အဲဒီငွေတွေကို ရင်းနှီးမြှုပ်နှံထားတယ်လို့ ယူဆရပါတယ်။ ဒါ့အပြင် အိုင်အက်စ်တွေဟာ ဘဏ္ဍာငွေရရှိရေး ခြိမ်းခြောက်ပြီး ငွေတောင်းတာမျိုးတွေ လုပ်ကိုင်ပါတယ်။ အီရတ်နိုင်ငံ မြောက်ပိုင်းမှာဆိုရင် သီးနှံတွေပေးဖို့ လယ်သမားတွေကငြင်းဆိုရင် မီးရှို့ဖျက်ဆီးတာတွေ လုပ်သွားပါတယ်။ ပြီးခဲ့တဲ့ ခုနှစ်လတာအတွင်းမှာတော့ ဆီးရီးယားမြောက်ပိုင်းမှာရှိတဲ့ ဒုက္ခသည်စခန်းတွေမှာ အိုင်အက်စ်တွေ ထိုးဖောက်ဝင်ရောက်လာပါတယ်။

### အကြမ်းဖက်သမားလက်သစ်အတွက် နေရာလား

ဒုက္ခသည်စခန်းတွေမှာ လူပေါင်း ၇၀၀၀၀ အတွက် ထားစရာနေရာ အဆင်သင့် မရှိပါဘူး။ အဲဒီလူပေါင်း ၇၀၀၀၀ မှာ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေရဲ့မိသားစုတွေ ပါဝင်ပါတယ်။ နောက်ပြီး ဆီးရီးယားကာ့ဒ် မဟာမိတ်တွေ အုပ်ချုပ်နေတဲ့ အယ်လ်ဟို ဒုက္ခသည်စခန်းမှာဆိုရင် အိုင်အက်စ်တွေရဲ့အယူအဆတွေ ပြန့်ပွားနေပြီး အနာဂတ်မှာ ပေါ်ပေါက်လာမယ့် အကြမ်းဖက်သမားတွေအတွက် နေရာတစ်ခုလို ဖြစ်နေတယ်လို့ အမေရိကန် ထောက်လှမ်းရေးအရာရှိတွေက ပြောပါတယ်။

အမေရိကန်က ကျောထောက်နောက်ခံပြုထားတဲ့ ဆီးရီးယားကာ့ဒ်တပ်ဖွဲ့ဝင်တွေဟာ အိုင်အက်စ်တိုက်ခိုက်ရေးသမားပေါင်း ၁၀၀၀၀ ကျော်ကို ထိန်းသိမ်းထားရပြီး အဲဒီထဲမှာ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားပေါင်း ၂၀၀၀ ခန့် ပါဝင်ပါတယ်။

### ပြန်လည်ထကြွလာနိုင်

မကြာသေးခင်က ထွက်ပေါ်လာတဲ့ ကုလသမဂ္ဂအစီရင်ခံစာမှာလည်း အယ်လ်ဟိုဒုက္ခသည်စခန်းမှာ နေထိုင်ကြတဲ့ မိသားစုဝင်တွေဟာလည်း လိုက်လျောညီထွေစွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိလျှင် တစ်နေ့နေ့မှာ အန္တရာယ်ခြိမ်းခြောက်မှု တစ်ခု ဖြစ်လာလိမ့်မယ်လို့ ပါရှိပါတယ်။ အိုင်အက်စ်တွေဟာ အီရတ်နဲ့ ဆီးရီးယားတို့မှာတင် မကဘဲ အနောက်အာဖရိကကနေ ဆိုင်းနိုင်းအထိပါ ပြန်လည်ထကြွလာမှုတွေ ဖြစ်လာနိုင်တယ်လို့ အီရတ်၊ အမေရိကန်နဲ့ အနောက်တိုင်းက ထောက်လှမ်းရေးအရာရှိတွေ၊ စစ်ဘက်အရာရှိတွေက ဖော်ပြကြပါတယ်။ ဒီအကြမ်းဖက်သမားတွေဟာ အမေရိကန်ရဲ့အကျိုးစီးပွားနဲ့ မဟာမိတ်တွေရဲ့ အကျိုးစီးပွားအတွက် အန္တရာယ်ပါပဲ။ ဒါပေမယ့် ထရမ့်ကတော့ ဆီးရီးယားက တပ်ဖွဲ့ဝင်တွေကို လျှော့ချပြီး အီရန်နဲ့ ရင်ဆိုင်နိုင်ဖို့တပ်တွေကို အရှေ့အလယ်ပိုင်းဒေသကို ပြောင်းရွှေ့လိုပါတယ်။

### နယ်စပ်မှာစိမ့်ဝင်လာ

အခုအချိန်မှာတော့ အိုင်အက်စ်တွေဟာ အင်အားလျော့နည်းနေတုန်းပါပဲ။ ဒါပေမယ့် သူတို့ဟာ ကမ္ဘာအနှံ့ လှုပ်ရှားမှုတွေ ရှိပါတယ်လို့ ဗြိတိန်နိုင်ငံရဲ့ အကြမ်းဖက်သုတေသနစင်တာက ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဆူဒန်နီရိုင်နီက ပြောပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကာကွယ်ရေးအရာရှိတွေကတော့ အိုင်အက်စ်တွေဟာ ကျေးလက် နယ်မြေတွေမှာ အင်အားလျော့ချနေပြီး အီရတ်နဲ့ ဆီးရီးယားနယ်စပ်တို့မှာ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေ စိမ့်ဝင်လာတယ်လို့ ပြောပါတယ်။ အီရတ်ရဲ့မြောက်ပိုင်းနဲ့ အနောက်ပိုင်းပြည်နယ်တွေကတော့ တစ်ချိန်တုန်းက အိုင်အက်စ်တို့ရဲ့လက်အောက်ကို ကျရောက်ခဲ့ဖူးပြီး အခုအချိန်ထိတိုင်အောင်လည်း တိုက်ခိုက်မှုတွေ ဆက်လက်ရှိနေဆဲပါပဲ။

### ရက်စက်မှုတွေ ပြန်လည်ပေါ်ပေါက်

အခုနှစ် ပထမခြောက်လအတွင်းမှာပဲ အဲဒီပြည်နယ်တွေမှာ တိုက်ခိုက်မှုပေါင်း ၁၃၉ ခု ဖြစ်ပွားခဲ့ပါတယ်။ လူပေါင်း ၂၇၄ ဦး သေဆုံးခဲ့ပါတယ်။ သေဆုံးသူအများစုကတော့ အရပ်သားတွေ ဖြစ်ကြပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း ပါပါတယ်။ အရင် အိုင်အက်စ်တွေ သိမ်းပိုက်ခဲ့တုန်းကလို ရက်စက်တဲ့ သတ်ဖြတ်မှုမျိုးတွေ မတွေ့ရတော့ပေမယ့် ဩဂုတ်လအစောပိုင်းမှာတော့ အီရတ်နိုင်ငံ မြောက်ပိုင်းမှာ ရက်စက်ကြမ်းကြုတ်တဲ့ ဖြစ်ရပ် ဖြစ်ပွားခဲ့ပါတယ်။ ဆူလာဟူဒင်ပြည်နယ် ဆာမရာမြို့မှာ အိုင်အက်စ်သစ္စာခံတစ်ဦးက ရဲတစ်ဦးကို လူရှေ့မှာ ခေါင်းဖြတ်သတ်ခဲ့ပါတယ်။

### ရဲတွေခြိမ်းခြောက်ခံရ

အဲဒီဒေသဟာ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း မကြာခဏ တိုက်ခိုက်ခံရတဲ့နေရာဖြစ်ပြီး အဲဒီပြည်နယ်က ရဲတွေဟာလည်း အလုပ်ကနေ နုတ်ထွက်ဖို့ မကြာခဏဆိုသလို ခြိမ်းခြောက်ခံရပါတယ်။ အိုင်အက်စ်ခေါင်းဆောင်တွေဟာ အီရတ်နဲ့ ဆီးရီးယားတို့မှာ ရှုံးနိမ့်သွားပြီဖြစ်ပေမယ့် တိုက်ခိုက်မှုတွေကို ဆက်လက်လုပ်ဆောင်ဖို့ အင်အားစုဆောင်းတာတွေ လုပ်နေတုန်းပဲလို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အကြမ်းဖက်တိုက်ခိုက်မှု နှိမ်နင်းရေးကော်မတီမှ သုတေသီတွေက ပြောပါတယ်။ ဖေဖော်ဝါရီလကနေ ဇွန်လအထိ အိုင်အက်စ်တွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်တဲ့ အစီရင်ခံစာမှာတော့ အိုင်အက်စ်အုပ်စုဟာ ဆီးရီးယားမှာ ပြန်လည်လှုပ်ရှားလာပြီး အီရတ်မှာလည်း အလားတူ လုပ်ရပ်တွေ လုပ်ဆောင်နေတယ်လို့ ပါရှိပါတယ်။

### အပြောတွေက ဆန့်ကျင်ဘက်တွေဖြစ်နေ

အမေရိကန်သမ္မတထရမ့်က အိုင်အက်စ်တွေကို လုံးဝ နှိမ်နင်းနိုင်ပြီလို့ ပြောဆိုခဲ့ပေမယ့် သူ့ရဲ့ ထောက်လှမ်းရေးအေဂျင်စီ၊ အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးက အရာရှိတွေကတော့ အိုင်အက်စ်တွေရဲ့အန္တရာယ် ဆက်လက်ရှိနေဆဲပဲလို့ ပြောတာမို့ သမ္မတထရမ့်နဲ့ ထောက်လှမ်းရေးအရာရှိတွေကြား ဆန့်ကျင်ဘက်အပြောတွေ ရှိနေပါတယ်။

> **"အခုအချိန်မှာတော့ အိုင်အက်စ်တွေဟာ အင်အားလျော့နည်းနေတုန်းပါပဲ။ ဒါပေမယ့် သူတို့ဟာ ကမ္ဘာအနှံ့ လှုပ်ရှားမှုတွေ ရှိပါတယ်လို့ ဗြိတိန်နိုင်ငံရဲ့ အကြမ်းဖက်သုတေသနစင်တာက ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဆူဒန်နီရိုင်နီက ပြောပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကာကွယ်ရေးအရာရှိတွေကတော့ အိုင်အက်စ်တွေဟာ ကျေးလက်နယ်မြေတွေမှာ အင်အားလျှော့ချနေပြီး အီရတ်နဲ့ ဆီးရီးယားနယ်စပ်တို့မှာ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေ စိမ့်ဝင်လာတယ်လို့ ပြောပါတယ်"**

**ကိုးကား -နယူးယောက်တိုင်းမ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မြို့လှအုပ်စုနှင့် ဆွာမင်းလမ်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ရေတာရှည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မြို့လှအုပ်စုရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ရေတာရှည်မြို့နယ် မြို့လှမြို့ခမ္မာရုံ၌ ဩဂုတ် ၁၈ ရက်က လည်းကောင်း၊ ယင်းအုပ်စုရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို မုန်စီကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံပွဲများပြုလုပ်ရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ ပြည်သူများနှင့်တွေ့ဆုံမှုများဆောင်ရွက်မှသာ ပြည်သူများ၏အခက်အခဲ၊ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ဆုံပွဲများ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကိုပြောကြားသည်။

ထို့နောက် မြို့လှမြို့ပေါ်(၅)ရပ်ကွက်နှင့် ဘုရားကုန်း၊ နတ်တောင်၊ ဆတ်သေ၊ ကက္ကူ၊ ဒေါင်းနန်းကျ၊ ဇေယျသိမ်၊ ရဲကုန်း၊ ဝဲဒေါင့် စသည့်ကျေးရွာအုပ်စုများမှ ဒေသခံများနှင့် မုန်စီ၊ ရွှေကဇော်၊ ကွမ်းအုံ၊ ဆွာတောင်၊ ဆွာမြောက်၊ အင်ဒိုင်း၊ ဒိုးတန်း၊ ဘိုးတော်ကုန်း၊ကုန်းကြီး စသည့် ကျေးရွာအုပ်စုများမှ ဒေသခံများက လိုအပ်ချက်များနှင့် သိရှိလိုသောအကြောင်းအရာများကို မေးမြန်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း မြို့လှအုပ်စုနှင့် ဆွာမင်းလမ်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲကျင်းပစဉ်။

# စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တင်လှူပူဇော်ပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းမြို့ ဇေယျာပူရ စစ်ကိုင်းတောင်ရိုးသောတာပန်ရပ်ကွက်၌ ပထမစစ်ကိုင်းကျောက်တော်ကြီး လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၈ ရက်က အဆိုပါရပ်ကွက်ရှိ စေတီတော်ကြီး၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စိန်ဖူးတော်နှင့်ထီးတော်ဘုံအဆင့်ဆင့်တို့ကို တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက ပင့်ဆောင်လှည့်လည်အပူဇော်ခံပြီး ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားကိုကျင်းပရာ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြ၍ တက်ရောက်ကြည်ညိုကြသည့် ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ကရိန်းဖြင့် ပင့်ဆောင် တင်လှူပူဇော်ခဲ့ကြသည်။

ဇေယျာပူရ စစ်ကိုင်းတောင်ရိုးသောတာပန်ရပ်ကွက်ရှိ ပထမစစ်ကိုင်းကျောက်တော်ကြီး လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးကို သာသနာတော်နှစ် ၂၂၆၈ ခု ကောဇာသက္ကရာဇ် ၁၀၈၆ခုနှ၌ အင်းဝပြည့်ရှင် တနင်္ဂနွေမင်းတြားကြီး တည်ထားကိုးကွယ်ခဲ့ပြီး ဉာဏ်တော် ၁၂၂ ပေ အမြင့်ဆောင်သော စေတီတော်မြတ်ကြီးဖြစ်ရာ ယခုအခါ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု ပဋိပတ္တိမဟာဌာန၊ မဟာ ဌာနမှူးဖြစ်တော်မူသော ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမ၊ ဆွေမျိုးသားချင်းအပေါင်းတို့က ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပြန်လည်ပြုပြင်မွမ်းမံ၍ တင်လှူပူဇော်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၁၈ ရက်က လွိုင်ကော်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေးအတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ စက်မှုအထက်တန်းကျောင်းသို့ သွားရောက်ပြီး အဆိုပါကျောင်းဝင်းအတွင်း၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၅၀၉ ဒသမ ၅၅၃ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် စက်မှုလက်မှုသိပ္ပံ သုံးထပ် စာသင်ဆောင်နှင့် ဆောက်လုပ်ဆဲ သုံးထပ် စာသင်ဆောင်တို့ကို လည်းကောင်း၊ သင်ခန်းစာများကို လက်တွေ့လေ့ကျင့်သင်ကြားခြင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ကျောင်းဆောင်သစ်များတွင် အသုံးပြုမည့် ကျောင်းသုံး၊ ရုံးသုံး ပရိဘောဂပစ္စည်းများ သိုလှောင်သိမ်းဆည်းမှုကို လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွင် ပို့ချလျက်ရှိသည့် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်မီးသွယ်တန်းနည်းသင်တန်းများကိုလည်းကောင်း ကြည့်ရှုခဲ့သည်။

ဝန်ထမ်းအိမ်ရာတွင် ရေခက်ခဲမှုရှိသဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က အဝီစိရေတွင်းတစ်တွင်းရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်သာချောင်ချိရေးအတွက် ငွေကျပ်သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့အဝင် အနီးရှိ လွယ်တမူကျေးရွာ၌ အိမ်ရာသစ်ဖော်ထုတ်နိုင်ရေးလျာထားမှုနှင့် လွိုင်ကော်မြို့လယ် ဘီလူးချောင်းကူး(ကန္ဒရဝတီတံတား) အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကိုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတွင် လက်တွေ့ဆောင်ရွက်မှုကို ကြည့်ရှုစဉ်။

ဆက်လက်၍ ရှမ်းစုရပ်ကွက် ရွှေကျောင်းဘုန်းတော်ကြီးကျောင်းအနောက်ဘက်ရှိ ကမ်းနားလမ်း ကွန်ကရစ်ခင်းထားသည့်အခြေအနေနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကျန်သည့်လမ်းပိုင်းများကို စစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV (တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း-NRC) ရုံးဆောက်လုပ်နေသည့် လုပ်ငန်းအား အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း၊ တပ်မတော်စစ်ဆေးရုံနှင့် နည်းပညာတက္ကသိုလ်(လွိုင်ကော်)တို့ ဆက်သွယ်သည့် ၁ ဒသမ ၂၃ မိုင်ခန့်ရှိလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဆင်ဘိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆင်ဘို ဩဂုတ် ၂၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက်က ဆင်ဘိုဒေသအတွင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံရေးနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ဘိုမြို့သို့ရောက်ရှိပြီး အောင်မင်္ဂလာရပ်ကွက် ဒက္ခိဏာရာမကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်ထံ အလှူငွေကျပ် ၁၀ သိန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆန်ငါးအိတ်တို့ကို လှူဒါန်းပေးအပ်ခဲ့ကြသည်။ ယင်းနောက် အဆိုပါကျောင်းဝင်းအတွင်း ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုဘဏ္ဍာ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့အဆင့်အလိုက် ဦးစားပေးစနစ်နှင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ ဆင်ဘိုဒေသကို လာရောက်ရခြင်းသည် ဒေသခံ ပြည်သူများ၏လိုအပ်သည်များ၊ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်သည်ကို ချက်ချင်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် လုပ်ငန်းများကို ဘတ်ဂျက်နှစ်အလိုက် စီမံကိန်းရေးဆွဲ၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ရ ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဒေသခံများက ဆင်ဘိုဒေသဖွံ့ဖြိုးရေးအတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးရေး၊ လယ်ယာမြေများဖော်ထုတ်ပေးနိုင်ရေး၊ မြို့နယ်အဆင့်သတ်မှတ်ပေးရေး၊ မူးယစ်ဆေးသုံးစွဲမှုကိစ္စရပ်များ၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေး၊ ဒေသအတွက်အဓိကလိုအပ်သည့် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေးစသည်တို့ကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့တော်ခန်းမဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ခန်းမသစ်ဆောက်လုပ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း၊ ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ နှစ်ခြင်းအသင်းတော်သိက္ခာတော်ရဆရာတော်များ၊ ကက်သလစ်အသင်းတော်ဘုန်းတော်ကြီးများ အသင်းသား အသင်းသူများနှင့်တွေ့ဆုံကာ အသင်းတော်နှစ်ခုအတွက် ဆန်အိတ်ငါးအိတ်စီနှင့် ငွေကျပ်၁၀ သိန်းစီကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဆင်ဘိုမြို့ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အခမဲ့ဆေးဝါးကုသရေးအစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆေးရုံအတွင်းလူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ဆေးရုံအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ယင်းနောက် ဆင်ဘို၌ အခြေခံပညာအထက်တန်းကျောင်း၊ အာစီနှစ်ထပ်စာသင်ဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

အမှိုက်ကင်းစင် ပတ်ဝန်းကျင်၊ လှပကမ္ဘာမြေတစ်ခွင်

# ပျဉ်းမနားမြို့နယ်၌ ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

ပျဉ်းမနားမြို့နယ် ရွှေချီအုပ်စု ချမ်းအေးရပ်ရှိ ဦးလတ်လမ်းနှင့် ဦးရန်ကျော်လမ်း (ညီနောင်လမ်းနှစ်လမ်း) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က ချမ်းအေးရပ်ရှိ အဆိုပါလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် လမ်းကော်မတီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အဖွဲ့များ၊ ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးကော်မတီမှ လမ်းအင်ဂျင်နီယာများ၊ ရွှေချီရပ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လမ်း ကော်မတီများနှင့် လမ်းသူလမ်းသားများက ခင်းကျင်းပြီးစီး သော ကွန်ကရစ်လမ်း သစ်နှစ်လမ်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဖွင့်လှစ်လိုက်သည့် လမ်းနှစ်လမ်းမှာ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၀ ပေ၊ ထု ရှစ်လက်မရှိ ကွန်ကရစ်လမ်းဖြစ်ကာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကြယ်စင်နိုင်း ကုမ္ပဏီက တာဝန်ယူခင်းကျင်းပေးခဲ့ကြောင်း သိရသည်။


ပျဉ်းမနားမြို့နယ် ရွှေချီအုပ်စု၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပစဉ်။

**ရဲရဲ (ပျဉ်းမနား)**

# ကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသော ဆန်များကို ညောင်လေးပင်မြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများသို့ ထောက်ပံ့

ညောင်လေးပင် ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအား အာဆီယံအပေါင်းသုံး အရေးပေါ်အရန် ဆန်ရိက္ခာအစီအစဉ် (၃)၏ အလိုအလျောက် ခလုတ်ဆွဲစနစ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၀ တန်ကို ဩဂုတ် ၁၈ ရက်က မဒေါက်မြို့ တရုတ်ဘုံကျောင်းခန်းမ၌ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်ရိက္ခာ ထောက်ပံ့လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းသောဆန်များကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးက လက်ခံခဲ့ပြီး သဘာဝဘေးသင့်ပြည်သူများထံသို့ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ညောင်လေးပင်မြို့နယ်တွင် သဘာဝဘေးသင့် အိမ်ထောင်စု ၁၇၈၁ စု လူဦးရေ ၉၂၄၄ ဦးအတွက် ဆန်တန်ချိန် ၁၀ တန်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# သရက်မြို့၌ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သရက် ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ရေနံ့သယ်ဆောင်ခွင့်+မြို့ပြလမ်း၊ တံတားလုပ်ငန်းများ၊ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်သော မြို့ပြ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းကို ယမန်နေ့က တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်တိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခဲ့သည်။


သရက်မြို့၌ လမ်း၊ တံတားလုပ်ငန်းများကို တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးက လမ်းတံတားအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့် လုပ်ငန်းနှစ်ခု၊ ငွေကျပ် ၄၆ ဒသမ ၅ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော လုပ်ငန်း ၁၂ ခု၊ ငွေကျပ် ၁၉၅ ဒသမ ၁၈ သန်း၊ တံတား သုံးခု၊ ၁၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းများကို အလေအလွင့်မရှိစေရေးနှင့် စံချိန်စံညွှန်း ကိုက်ညီအောင် ဆောင်ရွက်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**


**မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ရေမျက်ဒေသရှိ သတ္တုတူးဖော်ရေးလုပ်ကွက်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ် (၂) သတ္တုတွင်းလုပ်ငန်း သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီနှင့် ထာဝရကံကောင်းသော ကုမ္ပဏီအုပ်စုက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပစဉ်။** (အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင် သန်းထွန်းနှင့် ဒေါက်တာ ကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူ တို့က ကျွန်းပင် ၆၀၀၊ မန်ဂျန်ရှား ၅၀၀၊ လျော်ဖြူ ၁၅၀၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။) **မင်းဇော်ဦး (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၄၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၇၉၅ | ကျပ် | ၈၂၅/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၃ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၇ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၉ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၃ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၁ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၅ · ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၃၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၀၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၄၃၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၅၉၈ | ၇၁၇၆၀၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၂၀၃၄၀ | ၈၃၃၉၄၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၅၁၇ | ၄၃၄၂၈၀၀ |
| FPB | ၂၆၅၀၀ | ၂၆၀၀၀ | ၄၈၂ | ၁၂၅၃၂၅၀၀ |
| TMH | ၃၀၀၀ | ၃၀၅၀ | ၉၂၁ | ၂၇၉၄၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မွန်ပြည်နယ်မှ ရေဘေးသင့်ဒေသများသို့ အဆိုတော် ချမ်းချမ်း စားသောက်ကုန်ပစ္စည်းများ သွားရောက်လှူဒါန်း

အဆိုတော် ချမ်းချမ်းသည် ဆရာဖြစ်သူ ဦးဂျွန်လွင်(Stars & Models) နှင့်အတူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ ရေဘေးသင့်ဒေသများအတွက် စေတနာရှင်များ ကူညီလှူဒါန်းထားသော ငွေကြေးနှင့် အလှူပစ္စည်းများကို ဩဂုတ် ၁၂ ရက်က ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ရာ တွေ့ကြုံခဲ့ရသည့် အခြေအနေများကို ယခုလို ပြောပြခဲ့သည်။

"ညီမအနေနဲ့ ရေဘေးသင့်ဒေသသတင်းတွေမှာ ပြည်သူအချို့ တကယ်ဒုက္ခရောက်နေပြီး စားဖို့တောင် အခက်အခဲဖြစ်နေတာကို တွေ့လိုက်ရတယ်၊ ပြီးတော့ မြေတွေပြိုကျတာနဲ့ လူတွေအသေအပျောက်တွေပါ တွေ့လာရလို့ အင်မတန် ဝမ်းနည်းရတယ်၊ ဒါကြောင့် ဆရာ ဂျွန်လွင်ကိုလည်း အလှူလေးသွားလှူဖို့ တိုင်ပင်ပြီး ပြောကြရာကနေ အခုလို ကိုယ်တိုင်သွားလှူဖြစ်တဲ့အထိ ဖြစ်လာတာပါ၊ သွားတဲ့အခါမှာလည်း အခက်အခဲတော့ မရှိပါဘူး၊ မန္တလာမင်း ခရီးသည်ပို့ဆောင်ရေးက ညီမရဲ့အလှူပစ္စည်းတွေကို ကူညီပြီး သယ်ပေးကြပါတယ်၊ ပြီးတော့ ညီမသွားတဲ့အခါမှာ လမ်းတွေကလည်း တော်တော်လေး အဆင်ပြေနေပါပြီ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့တွေ၊ တပ်မတော်သားတွေ၊ ရွာခံတွေကလည်း ပျက်စီးသွားတဲ့ လမ်းတွေကို ရေကျတာနဲ့ ချက်ချင်း ပြုပြင်တာမျိုးတွေတွေ့ရတယ်"ဟု သွားရောက်လှူဒါန်းဖြစ်ခဲ့ပုံနှင့် သွားခဲ့ရသည့် အခြေအနေကို ချမ်းချမ်းက ပြောပြသည်။



မွန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအား အဆိုတော် ချမ်းချမ်းနှင့်အဖွဲ့ ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်စဉ်။

ရေဘေးသင့်ဒေသများ၏ အခြေအနေနှင့်ပတ်သက်၍လည်း ချမ်းချမ်းက "ညီမက မော်လမြိုင်ဘက်ကို ပွဲတွေအတွက် ခဏခဏ သီချင်းသွားဆိုနေရတာဆိုတော့ တွေ့နေကျပုံစံမျိုးတွေ၊ သဘာဝအလှတွေအစား တောင်ပြိုထားတာတွေ၊ ရေလွှမ်းနေတဲ့ လယ်ယာတွေပဲ တွေ့ရတယ်၊ ပြီးတော့ တောင်ပြိုကျလို့ အောက်က ဘုန်းကြီးကျောင်းတွေ ၊ အိမ်တွေ မြေအောက် ပိကုန်တာလည်း တွေ့ရတယ်၊ ပြီးတော့ ကုန်စည်သယ်တဲ့ တွဲကားကြီးတွေ အနားယူနေချိန်မှာ တောင်ပြိုလိုက်တာကြောင့် အားလုံးပိပြီး ပျက်စီးနေတာတွေလည်း တွေ့ရတယ်၊ ဘယ်နေရာကြည့်ကြည့် မြေကြီးနဲ့ ရေတွေပဲ တွေ့ရတော့တယ်" ဟု ပြောပြသည်။

ကယ်ဆယ်ရေးစခန်းများ၏ အခြေအနေ တွေ့မြင်ခဲ့ရပုံကိုလည်း "ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ထားတဲ့နေရာမှာတော့ လူတွေအများကြီးပါပဲ၊ ရွာခံတွေပေါ့၊ သူတို့အတွက်လည်း တကယ်ကို စိတ်မကောင်းဖြစ်ခဲ့ရပါတယ်၊ မနေ့က အားလုံး ပျော်ရွှင်နေကြပေမယ့် နောက်တစ်နေ့ ချက်ချင်း ဒီလိုကြီးဖြစ်သွားတဲ့ ဖြစ်ရပ်က တကယ်ကို အသက်ရှင်ရပ်တည်ဖို့တင် မကပါဘူး၊ စိတ်ခါတ်တွေကိုပါ ရိုက်ချိုးခံလိုက်ရသလိုပါပဲ၊ ကယ်ဆယ်ရေးစခန်းမှာ ကိုယ်နဲ့မသိတဲ့ သူတွေနဲ့ ဘေးချင်းကပ် အတူအိပ်နေရတာမျိုးတွေ၊ စောင်မရှိ၊ ခြင်ထောင်မရှိတဲ့ အဖြစ်တွေက တကယ်ကို ရင်ထဲခံစားစေရတဲ့ မြင်ကွင်းတွေပါဘဲ၊ သူတို့အပေါ် ကိုယ်ချင်းစာစိတ်ကြောင့် ခုလိုသွားလှူဖြစ်ခဲ့တာပါ"ဟု ချမ်းချမ်းက ဆိုသည်။

ချမ်းချမ်းသည် ရေဘေးသင့်ဒေသသို့ သွားရောက်လှူဒါန်းရာတွင် ရေဘေးဒဏ်ကို ဆိုးရွားစွာခံခဲ့ရသော မြို့နယ်တစ်ခုဖြစ်သည့် ကျိုက်မရောမြို့နယ်သို့ သွားရောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

လှူဒါန်းရာတွင် ရေဘေးသင့်ပြည်သူများအတွက် အနယ်နယ် အရပ်ရပ်မှ အလှူရှင်များ လှူဒါန်းပေးထားသော စောင် အထည် ၈၀၀ နှင့် ခြင်ထောင် အလုံး ၃၀၀၊ အထုပ် ၅၀ ပါ အမျိုးသမီးလစဉ်သုံးပစ္စည်း အဆွဲ ၅၀၊ ဆပ်ပြာမွှေးခဲ ၂၀၀ နှင့် ရွှေဝါဆပ်ပြာတောင့် ၂၀၀၊ ဆား အထုပ် ၅၀၀၊ ဒန်အိုး အလုံး ၁၀၀၊ ငါးပိထောင်းဘူး ၂၅၀၊ ကြက်ဥဘဲဥ အလုံး ၅၅၀၊ ကိုရီးယား အထည်စက်ရုံမှ အဝတ်အထည် ၂၅၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကြက်သွန်ကြော်ထုပ်များ၊ စာကလေးခွေထုပ်များ၊ လက်ဖက်ခြောက်ထုပ်များ၊ နှစ်ပြန်ကြော်များ၊ ဖယောင်းတိုင်နှင့် မီးခြစ်များ၊ ဓာတ်ဆားနှင့် ရှူဆေးများ အပါအဝင် ဆေးဝါးအစုံ၊ သောက်ရေသန့်များ စသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ တန်ဖိုး ကျပ် ၃၉ သိန်းကျော်ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## ရေဘေးသင့်ပြည်သူနှင့် တိုက်ပွဲရှောင်ပြည်သူများသို့ လှူဒါန်းနိုင်ရန် ရန်ပုံငွေအငြိမ့် ကပြမည်

ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ဦးစီးတည်ထောင်ခဲ့ပြီး သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ မင်းမော်ကွန်း၊ မိုးမိုး၊ ထွန်းထွန်းနှင့် ရဲလေးတို့ ပထမဆုံး ကပြဖျော်ဖြေခဲ့သော နှင်းဆီသခင်အငြိမ့်သည် ယခုအခါတွင် မြန်မာပြည်တွင်းရှိ နေရာအချို့၌ ဖြစ်ပွားနေသော ရေဘေးသင့်ပြည်သူနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ရန်ပုံငွေအငြိမ့် ပြန်လည်ကပြရန်နှင့် ရရှိလာသော ငွေကြေးများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

အကယ်ဒမီနေတိုးက "ကျွန်တော်တို့ တစ်ချိန်က နှင်းဆီအဖွဲ့ဆိုပြီး အငြိမ့်လေးကပြခဲ့တာပေါ့နော်၊ အခုတော့ ရာမညနှင်းဆီဆိုပြီး နာမည်ပေးဖို့ စဉ်းစားနေတုန်းပါ၊ အဓိကကတော့ ပြန်လည်ထူထောင်ရေးအတွက်ရည်ရွယ်ပြီး ပြန်ကဖြစ်မှာပါ၊ ကျွန်တော်တို့ နှင်းဆီအဖွဲ့သားတွေက ကိုယ့်နိုင်ငံရဲ့တိုင်းရင်းသားတွေကိုလည်း ကူညီနိုင်မယ်၊ ပြီးတော့ ပရိသတ်တွေလည်း ကျွန်တော်တို့ရဲ့အနုပညာကို ခံစားရင်းနဲ့ အလှူလေးလည်း ပါဝင်နိုင်မယ့်နည်းတစ်ခုကို စဉ်းစားဖြစ်တာပါ၊ အဲဒီတော့ နှင်းဆီဖောင်ဒေးရှင်းအတွက်ရော၊ အလှူအတွက်ပါ အငြိမ့်ပြန်ကကြမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြတာပါ"ဟု အကယ်ဒမီနေတိုးက ပြောသည်။

အဆိုပါဖျော်ဖြေပွဲကို မကြာမီကျင်းပနိုင်ရန် ပြင်ဆင်နေကြောင်း၊ ယခင်က နှင်းဆီသခင် အမည်ဖြင့် ၂၀၁၃ ခုနှစ်က ပထမဆုံးအကြိမ် စတင်ဖျော်ဖြေခဲ့သော်လည်း နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် 'နှင်းဆီပဝါခြုံတဲ့လက်' အမည်ဖြင့်လည်းကောင်း၊ 'နှင်းဆီ' အမည်ဖြင့်လည်းကောင်း ပြောင်းလဲကပြခဲ့ပြီး ယခု ရေဘေးသင့်ပြည်သူနှင့် တိုက်ပွဲရှောင် ပြည်သူများအတွက် ရန်ပုံငွေအငြိမ့် ပြန်လည်ကပြမည့်အချိန်တွင် 'ရာမညနှင်းဆီ'အငြိမ့်ဟု အမည်ပြောင်းလဲ၍ ကပြရန်ပြင်ဆင်နေကြောင်း သိရသည်။

**ကိုလင်း**

## အမွေဆိုသည်မှာ ထိုက်သင့်သူသာ ရရှိစမြဲကို ဟာသနှော၍ ပညာပေးရိုက်ကူးထားသည့် 'ဂျင်ပါတီ' ဇာတ်ကား စတင် ရုံတင်ပြသ

ဇာတ်လမ်း ရာဇဝင်ကို၊ မင်းတော်ဝင်နှင့် ဇာတ်ညွှန်း သက်ဦးမောင်၊ မင်းတော်ဝင်တို့ ရေးသားပြီး ဒါရိုက်တာ ရာဇဝင်ကို ရိုက်ကူး၍ ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် ဂျင်ပါတီရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၂ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ရန်အောင်၊ လူမင်း၊ မင်းမော်ကွန်း၊ ထူးအောင်၊ ရဲရင့်အောင်၊ အိန္ဒြာကျော်ဇင်၊ ယဉ်လတ်၊ ရွှေအိမ်စည်၊ မြတ်သီရိလွင်(Bella)၊ ခင်လှိုင်၊ Kညီ၊ ဂျိုကာနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။




ဒါရိုက်တာ ရာဇဝင်ကိုက "ဂျင်ပါတီက ဟာသကားလေးတစ်ကားပါပဲ၊ အားလုံးပြောကြသလို ပေါကားလေးတစ်ကားပဲဆိုပါတော့၊ ဒါပေမယ့် ပညာရစေမယ့် အခန်းလေးတွေ ပါပါတယ်၊ ဇာတ်ကားရဲ့ အဓိကပြောချင်တာလေးကတော့ အမွေဆိုတာ ကိုယ်နဲ့ထိုက်မှရတယ်၊ သူတစ်ပါးဥစ္စာပစ္စည်းဆိုရင် ဘယ်လိုပဲကြံစည်ပြီးရယူပါစေ၊ မမှန်ကန်သောနည်းမို့ လွယ်ကူစွာ မရနိုင်ပုံလေးတွေ၊ ကိုယ်ကျိုးစွန့်ပြီး ကူညီတတ်တဲ့ သူစိမ်းတစ်ယောက်ဟာ ဆွေမျိုးအရင်းတွေထက် ပိုကောင်းတယ်ဆိုတာတွေကို ရည်ညွှန်းထားတယ်၊ ပစ္စည်းဥစ္စာတွေဆိုတာ လူသေသွားရင် ဘာတစ်ခုမှ သယ်ယူသွားလို့မရဘူး ဆိုတာလေးတွေကို ကြည့်တဲ့သူတွေ မပျင်းစေရအောင် ဟာသလေးနဲ့ တင်ဆက်ထားပါတယ်၊ ပါးစပ်မစေ့ရအောင် ရယ်ရမယ့် ဟာသကားလေးတစ်ကားမို့ စိတ်ညစ်နေတယ်ဆို သွားကြည့်သင့်တဲ့ကားလေး တစ်ကားလို့ပဲ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောသည်။

**ကိုလင်း**

## 'စစ်ကား'ဟုအမည်ပေးထားသော အက်ရှင်၊ ဟာသ၊ ဒရာမာ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးလျက်ရှိ

အက်ရှင်၊ အပစ်အခတ်၊ ဟာသနှင့် ဒရာမာ ရသစုံပါဝင်မည့် စစ်ကားဟုအမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးကို 7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။



စစ်ကားရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာ ကိုပေါက်နှင့် ပါဝင်မည့် သရုပ်ဆောင်များကို တွေ့ရစဉ်။

အဆိုပါရုပ်ရှင်တွင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ရွှေထူး၊ ထူးအောင်၊ နေမျိုးအောင်၊ နေထူးနိုင်၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ညီညီမင်းထက်၊ အေးမြတ်သူ၊ နွယ်ဒါလီထွန်း၊ ရွှေရင်အေးနှင့် လူကြမ်းသရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကာ ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးမည်ဖြစ်သည်။

"ဒီက နိုင်ငံတော်ကားလည်း မဟုတ်၊ ပေါ်လစီကားလည်း မဟုတ်ပါဘူး၊ ဖျော်ဖြေရေးတွေပဲ အများကြီးပါမယ့်ကား ဖြစ်ပါတယ်၊ ပရိသတ်ကို ဖျော်ဖြေ မှုပေးမယ့် ဘဝအမောတွေ ပြေစေနိုင်တဲ့ ကားပါ၊ တချို့တွေက ပေါ်လစီကားလို့ ထင်နေကြတယ်၊ အဲဒီလိုမဟုတ်ဘဲ ပရိသတ်တွေ တဝါးဝါး တဟားဟားနဲ့ ရယ်နေရမယ့်ကားလေးလို့ ပြောချင်ပါတယ်၊ စစ်ကားလို့ အမည်ပေးဖြစ်တာက အများအမြင်မှာ စစ်ကားဆိုရင် စစ်တိုက်တဲ့ကား၊ စစ်တိုက်တဲ့အက်ရှင်ကား ဒါမှမဟုတ် စစ်တိုက်တဲ့ ဒရာမာကား၊ နောက်တစ်မျိုးအနေနဲ့ ကားတစ်စီးအနေနဲ့ ပြောမယ်ဆိုရင် ဒီကားက စစ်ကား၊ ဟိုကားက အိမ်စီးကား စသဖြင့် ကြိုက်သလို တွေးလို့ရတဲ့ဟာမျိုးကို ကျွန်တော်က အမည်ပေးထားတာပါ"ဟု ဒါရိုက်တာ ကိုပေါက်က ပြောသည်။

ရိုက်ကူးရေးအတွက် ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍လည်း ကိုပေါက်က "ဒီဇာတ်ကား ဇာတ်ဝင်ခန်းတွေမှာ ယမ်းဖောက်ခွဲမှုတွေ ပါတဲ့အပေါ် သရုပ်ဆောင်တွေအတွက် ကြိုတင်ပြင်ဆင်မှုတွေရှိပါတယ်၊ အာမခံကိစ္စကတော့ ကျွန်တော်တို့ရဲ့ ရုပ်ရှင်ကဏ္ဍမှာ မတွင်ကျယ်သေးဘူး။ ဒါပေမယ့် ပါဝင်တဲ့ မင်းသား မင်းသမီးတွေအတွက် Safe ဖြစ်အောင် ကျွန်တော်တို့မှာ ဆေးဝါးကုသရေး Team တွေ ပါပါတယ်၊ ဆရာဝန်ပါမယ်၊ သူနာပြုပါမယ်၊ လိုအပ်တဲ့ ဆေးဝါးအပြည့်အစုံပါမယ်၊ Safe ဖြစ်ဖို့အတွက်တော့ ကျွန်တော်တို့ အကုန်လုံး ပြင်ဆင်ထားပါတယ်"ဟု ဆက်ပြောသည်။

အဆိုပါ စစ်ကား ဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင် နွယ်ဒါလီထွန်းကလည်း "နယ်ဘက်နောင်ချိုဘက်ကို တစ်ခါမှ မရောက်ဖူးသေးတော့ စိတ်လှုပ်ရှားတယ်၊ ဒါရိုက်တာ ကိုပေါက်နဲ့က အရင်ကလည်း ခရီးသွားပရိုဂရမ် ရိုက်ဖူးတော့ Adventure ဖြစ်တဲ့ နေရာတွေကို ခရီးသွားရင်းနဲ့ ပျော်စရာတွေ၊ အခက်အခဲတွေ တွေ့ရင် အတူရင်ဆိုင်ဖြေရှင်းကြတယ်၊ ဒီကားလေးကတော့ ဟိုးတုန်းက တိုင်းရင်းသားရွာလေး တစ်ရွာမှာ ဖြစ်ခဲ့ဖူးတဲ့ ဇာတ်လမ်းလေးကို အခြေပြုရိုက်ထားတာပါ"ဟု ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဒွိန်းဂျွန်ဆင် လက်ထပ်ပွဲကျင်းပ

ဟောလိဝုဒ်မင်းသား ဒွိန်း ဂျွန်ဆင်ဟာ သူနဲ့ ကာလရှည်ကြာလက်တွဲ လာတဲ့ ချစ်သူလောရန်ဟက်ရှင်နဲ့ လက်ထပ်လိုက်ပြီလို့ သြဂုတ် ၂၀ ရက်က ကြေညာ ခဲ့ပါတယ်။ ဟာဝိုင်အီမှာ သမုဒ္ဒရာကြီးကို နောက်ခံထားပြီး သူတို့နှစ်ဦးရဲ့ မင်္ဂလာ ဝတ်စုံနဲ့ပုံကို ဂျွန်ဆင်က သူ့ရဲ့ တရားဝင်အင်စတာဂရမ်အကောင့်မှာ တင်ခဲ့ပါတယ်။ ဂျွန်ဆင်နဲ့ ဟက်ရှင်တို့မှာ သမီးနှစ်ဦး ရှိပါတယ်။ သူတို့ကတော့ ဂျင်စမင်နဲ့ တီနာလို့ အမည်ရပါတယ်။

ဒါ့အပြင် ဂျွန်ဆင်မှာ ဇနီးဟောင်းဖြစ်သူ ဂရေစီရာနဲ့ရတဲ့ အသက် ၁၈ နှစ်အရွယ် ဆိုင်မုံဆိုတဲ့ သမီးတစ်ယောက်လည်းရှိပါသေးတယ်။ ဂျွန်ဆင်ဟာ လောရန် ဟက်ရှင်နဲ့ ၂၀၀၆ ခုနှစ်က တွေ့ခဲ့ပြီး ဟက်ရှင်ကတော့ အဆိုတော်၊ သီချင်းရေးဆရာနဲ့ ထုတ်လုပ်သူလည်း ဖြစ်ပါတယ်။ ဂရေစီရာနဲ့ ကွာရှင်းပြီးတဲ့နောက် ဂျွန်ဆင်ဟာ ဟက်ရှင်နဲ့ ၂၀၀၇ ခုနှစ်မှာ စတင်တွဲခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်းမှာတော့ ဂျွန်ဆင်ဟာ နောက်တစ်ကြိမ် လက်ထပ်ဖို့အတွက် အလျင်စလို မလုပ်တော့ဘူးလို့ အင်တာဗျူးတစ်ခုမှာ ပြောခဲ့ပါတယ်။ ဂျွန်ဆင်ဟာ ၂၀၁၆ ခုနှစ်တုန်းက ဆွဲဆောင်မှုအရှိဆုံး အမျိုးသားအဖြစ် ရွေးချယ်ခံရဖူးပါတယ်။ နောက်ပြီး ဒီလထဲမှာလည်း သူ့ရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ Hobbs and Shaw ရုံတင်ဖို့ရှိတဲ့အတွက် ဂျွန်ဆင်အတွက် စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေတဲ့လလို့ ဆိုရမှာပါပဲ။

**စီအင်န်အင်န်**



ပူပူနွေးနွေးလက်ထပ်ထားသည့် ဒွိန်း ဂျွန်ဆင်နှင့် လောရန်ဟက်ရှင်တို့ စုံတွဲ

### ဒဲမီလိုဗာတို၏ မွေးနေ့ပွဲကို အာရီယာနာဂရန်ဒီ၏ ရှိုးပွဲတွင် ပြုလုပ်

ဒဲမီလိုဗာတိုဟာ သြဂုတ် ၂၀ ရက်မှာ ကျရောက်တဲ့ သူ့ရဲ့ ၂၇ နှစ်ပြည့်မွေးနေ့ပွဲကို လန်ဒန်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ ဒဲမီဟာ အာရီယာနာရဲ့လန်ဒန်မြို့မှာ ပြုလုပ်တဲ့ ရှိုးပွဲကို တက်ရောက်ခဲ့ပါတယ်။ ဒဲမီအတွက် မွေးနေ့ဆုတောင်းကို အဆိုတော်အာရီယာနာဂရန်ဒီက ဦးဆောင်ပြီး ရှေ့ကနေတိုင်ပေးခဲ့ပါတယ်။

အာရီယာနာဂရန်ဒီဟာ သူ့ရဲ့အဖွဲ့သား၊ သူတို့နှစ်ဦးရဲ့မန်နေဂျာဖြစ်တဲ့ စကူတာဘရူအန်တို့နဲ့အတူ ဒဲမီရဲ့မွေးနေ့ပွဲကို လုပ်ပေးခဲ့တာပါ။ ဒဲမီလိုဗာတိုဟာ ဆေးလွန်ပြီး ဆေးရုံတက်ရပြီးတဲ့နောက်မှာတော့ အခုတစ်ဖန် ဂီတလမ်းကြောင်းမှာ တည့်တည့်မတ်မတ်ပြန်လျှောက်ဖို့ ကြိုးစားနေပါတယ်။ လန်ဒန်မြို့မှာ မွေးနေ့ပွဲလုပ်ပြီးတဲ့နောက် သီချင်းအသစ်တွေ ထပ်လုပ်နေပါတယ်။

နောက်ပြီး ကျန်းမာရေးအတွက်လည်း အားကစားလိုက်စားနေတယ်လို့ သိရပါတယ်။ အာရီယာနာဂရန်ဒီကတော့ ၂၀၁၇ခုနှစ် မန်ချက်စတာမှာ ပြုလုပ်တဲ့ သူ့ရဲ့ ဖျော်ဖြေပွဲမှာ ဗုံးပေါက်ကွဲပြီး လူ ၂၂ ဦး သေဆုံးပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် လန်ဒန်မြို့ကိုပြန်လာပြီး ဖျော်ဖြေပွဲပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

**အီးနယူး**



အဆိုတော် ဒဲမီလိုဗာတို

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၇)

# မှန်ရာကို အစစ်ခံပါမည်

**ဦးဟန်ညွန့် (ဥပဒေ)**



**သက်သေများ၏ ကဏ္ဍ**

တရားရုံးအမှုတစ်မှုတွင် သက်သေများ၏ အစစ်ခံချက်က အဓိကကျကြောင်း လူတိုင်းအသိပါပဲ။ သက်သေလိမ်လျှင် အမှုလိမ်၊ သက်သေမှားလျှင် အမှုမှား၊ သက်သေမှန်လျှင် အမှုမှန်ဖြစ်မည်မှာ အသေအချာပါ။

**မုသားမပါ လင်္ကာမချော**

"မုသားမပါ လင်္ကာမချောလို့ ကြားဖူးတယ်ဆရာ။ နေရာတကာမှာ အမှန်ပြောလို့ ဘယ်လိုလုပ်မလဲ။ လိမ်သင့်ရင် လိမ်ရမှာပဲ။ ညာပြောမှ၊ လိမ်ထွက်မှ အမှုက လွတ်မယ်ဆိုပြီး သက်သေလိမ်တွေ ဖန်တီးကြတယ်။ ကျွန်တော်ကတော့ တရားခံ အမှုလွတ်ဖို့ လိမ်ပြောခိုင်းဖို့။ ဒါမှ နာမည်ကြီး ရှေ့နေဖြစ်မှာ မဟုတ်လား" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား ကလိတိတိမေးခွန်း မေးနေလေသည်။ ယနေ့လူငယ် ရှေ့နေအတော်များများကလည်း သက်သေလိမ်နည်း၊ အမှုလိမ်နည်း၊ ဥပဒေလမ်းကြောင်းအတိုင်း မစဉ်းစားဘဲ ဖြတ်လမ်းက မတော်မတရားနည်းလမ်းမျိုးစုံ သုံး၍ အမှုလွတ်ရာ လွတ်ကြောင်း ကြိုးပမ်းနေကြပေသည်။ သို့သော် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် **(တရားဥပဒေဘောင်အတွင်းမှ သက်သာခွင့်ရထိုက်ရသင့်သည့် နည်းလမ်းများ)** သည်သာ အကောင်းဆုံး ရှေ့နေ ရှေ့ရပ်ကျင့်ထုံးအဖြစ် လက်ခံကြမည်သာ ဖြစ်ပေသည်။ အမှန်တရားအဓိက။



**ကတိသစ္စာ**

"ဤ အမှုတွင် အမှန်အကန် အစစ်ခံပါမည်။ မမှန်မကန် မပါရှိပါဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်" ဟူသော သက်သေ၏ လေးနက်တည်ကြည်သော ကတိသစ္စာသည် များစွာအရေးကြီးလှပါသည်။

ကျမ်းကိုင်ပြီး ကတိသစ္စာပြုသော နည်းလမ်းကို ယနေ့ တရားရုံးများတွင် ကျင့်သုံးလျက်ရှိပါသည်။ ကျမ်းကိုင်၍ ကတိသစ္စာပြုသူများ၊ သက်သေများသည် မှန်ရာကို အစစ်ခံပါမည်ဆိုသည့်အတိုင်း မှန်မှန်ကန်ကန် အစစ်ခံသင့်ပါသည်။ မလိမ်ညာသင့်ပါ။ မြင်သည်ကို မြင်သည်၊ တွေ့သည်ကို တွေ့သည်၊ ကြားသည်ကို ကြားသည်ဟုသာ ထွက်ဆိုသင့်ပါသည်။ လိမ်ညာထွက်ဆိုသည်နှင့် ဘယ်သူမသိ မသိ၊ မိမိကိုယ်မိမိ အသိဆုံးဖြစ်ပါသည်။ လိမ်နေပြီဆိုတာ ကိုယ်အသိဆုံး။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာ၍ မရ။

**ပတ်ဝန်းကျင်**

လိမ်နေပြီဆိုတာ ကိုယ်အသိဆုံးဆို၍ မိမိ၏ ဘေးပတ်ဝန်းကျင်ကရော မသိဘူးဟု သင်ထင်ပါသလား။ အတွက် မမှားလေနှင့်။ သင်လိမ်နေသည်ကို သင်ကိုယ်တိုင်သိသလို သင်၏ ပတ်ဝန်းကျင်က သိပါ သည်။ ရွာမှာ သင်နှင့်အတူ မြင်တွေ့ခဲ့သော သက်သေ အဖော်များ၊ သူငယ်ချင်းများက သိပါသည်။ ဖြစ်စဉ်ဖြစ်ပွားစဉ်က သင်နှင့် အတူရှိနေခဲ့ကြ၊ အမြင်အတွေ့ အတူရှိနေကြသူ ရွာသူ ရွာသား အားလုံးက ထပ်တူထပ်မျှ သိကြပါသည်။ အားလုံးက မြင်ပါသည် ပြောပြီး သင်တစ်ဦးတည်းက မမြင်ဘူးဟု ထူးထူးခြားခြား မလိမ်ညာသင့်ဘဲ လိမ်လည်ထွက်ဆိုနေပါသလား။

**တရားလိုဘက်ရှေ့နေ**

တရားလိုဘက်ရှေ့နေက ငြိမ်ခံနေမည် မဟုတ်ပါ။ ဥပဒေအရာရှိကလည်း သင်လိမ်နေကြောင်း သိနေပါပြီ။ ရဲစခန်းနှင့် တိုက်ဆိုင်စစ်ဆေးဖို့ တာဝန်ထမ်းဆောင်ရတော့မှာပါ။ တရားသူကြီးကလည်း သိပါသည်။ ဤသို့ လိမ်ညာထွက်ဆိုသော သက်သေအတော်များများကို တရားသူကြီးက တွေ့ဖူး၊ ကြုံဖူးခဲ့တာများပြီ။

**တရားခွင်မှာ လာနားထောင်သူများ**

တရားခွင်မှာ လာရောက်နားထောင်သူများ(ပရိသတ်) က ပို၍ပို၍ သိပါသေးသည်။ လိမ်သောသက်သေ၏ အသံက ထူးခြားနေပါသည်။ မတိုးမကျယ်။ မပြောရဲ ပြောရဲ။ မျက်နှာအမူအရာမကောင်း။ ဟိုကြည့် ဒီကြည့်။ လက်တွေပင် တုန်နေပြီ။ လိမ်ညာသော သက်သေကို တရားခွင်ပရိသတ်က ထူးခြားအံ့သြသော မျက်စိဖြင့် ဝိုင်းကြည့်နေကြလေပြီ။ သက်သေလိမ်ကို ဝိုင်းပယ်ကြစို့။

**အမှားအမှန်**

ဘယ်သက်သေက အလိမ်၊ ဘယ်သက်သေက အမှန်၊ အမှားအမှန်ကို တရားသူကြီးက ချိန်ဆမည်ပါ။ အစိုးရရှေ့နေ၊ တရားလို အကျိုးဆောင်၊ ဥပဒေအရာရှိကလည်း ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း အမှန်တရားကို ပေါ်အောင် ဖော်မည်မှာ သေချာသည်။ တရားသူကြီးကလည်း သူ့တာဝန်ထမ်း၊ တရားခံရှေ့နေကလည်း ကာကွယ်စရာရှိတာ ကာကွယ်။ နောက်ဆုံးတော့ အမှန်တရားက ပေါ်မလွတ်နိုင်ပါ။ သက်သေအလိမ် ဘယ်ထွက်ပြေးမလဲ။

**ကွယ်ထောင့် ထိမ်ဝှက်**

အမှန်တရားကို ရှာဖွေရာ၌ တရားသူကြီးတစ်ဦးတည်းနှင့်မပြီး။ ရှေ့နေများကလည်း ကူညီရမည်။ အမှုသည်များကလည်း မိမိတို့ ကိုယ်တိုင်သိရှိသည့် အကြောင်းခြင်းရာများကို အမှန်အတိုင်းတင်ပြကြရန် တာဝန်ရှိသည်။ အမှုသည်များက အမှန်အတိုင်းတင်ပြခြင်းမပြုလျှင် အမှန်တရားကို လွယ်လွယ်ကူကူနှင့် ရှာဖွေ၍ ရနိုင်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အမှုသည်တစ်ဦးဦးက မိမိကိုယ်တိုင် သိရှိသော အချက်အလက်ကို ပွင့်ပွင့်လင်းလင်းတင်ပြခြင်း မပြုဘဲ ကွယ်ထောင့်ထိမ်ဝှက်ထားကာ မိမိအပေါ်ကျရောက်လာသောတာဝန်ကို မကျေပွန်လျှင် ထိုအမှုသည်အပေါ် သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပဒေ (ဆ)အရ ဆန့်ကျင်ဘက် ကောက်ယူရမည်ဖြစ်သည်ဟု (၁၉၆၆၊ မတစ၊ စာ-၁၁၆၃) အမှုတွင် ဆုံးဖြတ်ထားသည်။

**သက်သေခံဥပဒေပုဒ်မ ၁၁၄**

ဖြစ်ပွားဖြစ်တန်ရာသည်ဟု လက္ခဏာရှိကြောင်း ထင်မြင်သည့် အကြောင်းခြင်းရာ တစ်စုံတစ်ရာတည်ရှိကြောင်းနှင့် တရားရုံးက မှတ်ယူခွင့်ရသည်မှာ သက်ဆိုင်ရာအမှုအကြောင်းအရာများအလိုက် ဖြစ်ပျက်မြဲဓမ္မတာ သော်လည်းကောင်း၊ လူတို့၏ အပြုအမူနှင့် အများပြည်သူ (သို့မဟုတ်)တစ်ဦးပုဂ္ဂိုလ်တို့၏ အလုပ်ကိစ္စများကို သော် လည်းကောင်း ထောက်ချင့်၍ တည်ရှိကြောင်း မှတ်ယူခွင့်ရသည်။

(ဆ) သက်သေအထောက်အထားကို တင်ပြနိုင်သော်လည်း တင်ပြခြင်းမပြုလျှင် တင်ပြခြင်းပြုပါက မတင်မပြဘဲ နေသူ၏ အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဟု မှတ်ယူနိုင်သည်ဟု ဖော်ပြ ပြဋ္ဌာန်းထားပါသည်။

**တင်ပြရန် တာဝန်ရှိ**

အမှုသည်များအနေဖြင့် မိမိတို့ သိသမျှ၊ တင်ပြနိုင်သမျှ အထောက်အထားများကို တင်ပြကြရန် တာဝန်ရှိပေသည်။ သို့မှသာ တရားမျှတမှုကို ရရှိမည်ဖြစ်သည်။ အမှန်တရားကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။ တင်ပြသင့် တင်ပြထိုက်သော သက်သေအထောက်အထားကို မတင်ပြလျှင် (တင်ပြပါက မိမိ၏အမှုကို ထောက်ခံခြင်းမပြု၍သာ ဖြစ်သည်ဟု ယူဆခြင်း) ခံရမည်ဖြစ်သည်။ သက်သေထူရန် တာဝန်မရှိ၍ တင်ပြခြင်း မပြုဟု စာတွေ့သဘော သက်သက်ထုချေခြင်း မပြုနိုင် ပေဟု (၁၉၇၀၊ မတစ၊ ရုံးချုပ်၊ စာ-၁၁၇) တွင် ဆုံးဖြတ်ထားသည်။

**မဖြေမဆိုဘဲ နေခွင့်မရ**

သက်သေတစ်ဦးသည် မိမိအား မေးသောမေးခွန်းကို ဖြေဆိုလျှင် မိမိအပေါ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်လိမ့်မည်ဟု အကြောင်းပြ၍ မဖြေမဆိုဘဲ နေခွင့်မရပါ။ ဖြေဆိုရမည်သာ ဖြစ်သည်။ သို့ရာတွင် ထိုသို့ ဖြေဆိုခြင်းကြောင့် ၎င်းအား တရားစွဲဆိုခွင့် မရှိစေရဟု ဥပဒေက အကာအကွယ်ပေးထားပါသည်။ **(သက်သေခံ ဥပဒေပုဒ်မ ၁၃၂)**

**မမှန်သက်သေခံမှု**

သက်သေအား စစ်ဆေးနေစဉ် မေးသောမေးခွန်းကို ဖြစ်စေ၊ မမေးသောအချက်တွင်ဖြစ်စေ တစ်ဖက်သား အကျိုးယုတ်အောင်၊ နစ်နာအောင်၊ သိက္ခာထိခိုက်အောင် မလိုမုန်းထားစိတ်ဖြင့် တမင်သက်သက်ထွက်ဆိုလျှင်မူကား၊ ၎င်းသက်သေအား မမှန်သက်သေခံမှုဖြင့်ဖြစ်စေ၊ အသရေဖျက်မှုဖြင့်ဖြစ်စေ၊ တရားစွဲဆိုနိုင်ပါမည်။

**ပြောရဲဆိုရဲ**

သက်သေတစ်ဦးသည် အမှန်တရားကို တရားရုံးတွင် ပြောရဲဆိုရဲရှိစေဖို့ လိုအပ်သည်။ အမှန်ကို အမှန်အတိုင်း အရှိကို အရှိတိုင်းပြောဆိုမှ တရားရုံးသည် အမှန်တရားရှာဖွေရာတွင် လွယ်ကူမည်။ မှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်မည်။ အမှန်အတိုင်းထွက်ဆိုရဲအောင် သက်သေအား အကာအကွယ်ပေးရမည်။ အမှန်အတိုင်းပြောလျှင် တရားစွဲခံရမည်လားဟု စိုးရိမ်ကြောင့်ကြနေရလျှင် အဟန့်အတား ဖြစ်စေနိုင်သည်။ သက်သေက သိသမျှ အကုန်အစင်ပြောမည်မဟုတ်။ ဤရှုထောင့်ကလည်း ကြည့်သင့်သည်။

**မှန်ရာပြောသစ္စာ**

"**မှန်ရာပြောသစ္စာ**" ဆိုသော စကားထင်ရှားပါသည်။ လူတိုင်းလက်ခံကြပါသည်။ အမှုမှန်သည်၊ အမှုမှားသည်ဟူသော ပေတံကို သစ္စာစကားဖြင့်သာ တိုင်းတာကြစမြဲ မဟုတ်ပါလား။ ယနေ့တရားရုံးများက လက်တွေ့ပြသဖို့ အချိန်တန်ပါပြီ။

**စေတနာ**

"**မှန်ရာကို အစစ်ခံပါမည်**" ဟု သက်သေများနှင့် စပ်ဆိုင်သူအားလုံးအကြောင်း (သစ္စာစကားအကြောင်း) တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"ကျမ်းကိုင်၍ ကတိသစ္စာပြုသူများ၊ သက်သေများသည် မှန်ရာကို အစစ်ခံပါမည်ဆိုသည့်အတိုင်း မှန်မှန်ကန်ကန် အစစ်ခံသင့်ပါသည်။ မလိမ်ညာသင့်ပါ။ မြင်သည်ကို မြင်သည်၊ တွေ့သည်ကို တွေ့သည်၊ ကြားသည်ကို ကြားသည်ဟုသာ ထွက်ဆိုသင့်"**

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော အမျိုးသားမြေအသုံးချမှုမူဝါဒများကို အခြေခံပြီး အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) အများပြည်သူအကျိုးအလို့ငှာ ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းဖြင့် မြေသိမ်းဆည်းခြင်းခံရသူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) မြေသိမ်းဆည်းခြင်းပြုရာတွင် ထိခိုက်နစ်နာသူများနှင့် ဒေသခံပြည်သူများ ပါဝင်သော လုပ်ငန်းစဉ်များဖြင့် ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ထိခိုက်နစ်နာသူတို့အတွက် တရားမျှတသည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

(င) မြေသိမ်းဆည်းရာတွင် မြေစွန့်လွှတ် ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ခံစားခွင့်အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပြန်လည်နေရာချထားပေးခြင်း သို့မဟုတ် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးခြင်းတို့ ပြုနိုင်ရန်၊

(စ) မြေကို သိမ်းဆည်းပြီး အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ်ပါဝင်စေလျက် ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကော်မတီကိုဖွဲ့စည်းရာတွင် အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်ပါက ဒုတိယ ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ နေပြည်တော်ကောင်စီကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ မြေသိမ်းဆည်းရေးအတွက် တင်ပြလာသည့် အဆိုပြုတင်ပြချက်များအပေါ် စိစစ်ပြီး မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊

(ဂ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာသည့် မြေသိမ်းဆည်းရန် သင့်မသင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(င) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများတွင် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များနှင့် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့ကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) အများပြည်သူအကျိုးအလို့ငှာ အဆောတလျင် မြေသိမ်းဆည်းခြင်းနှင့် ယာယီမြေသိမ်းဆည်းခြင်းတို့အတွက် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊

(ဇ) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရေး၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိစေရေး၊ အဂတိလိုက်စားမှုနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားမှုများ မဖြစ်စေရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၄)
## မြေသိမ်းဆည်းရန် အဆိုပြုခြင်း၊ စိစစ်ခြင်းနှင့် ပဏာမစုံစမ်းစစ်ဆေးခြင်း

၇။ ဤဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းပြုပေးရန် အောက်ပါအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းတို့သည် အဆိုပြုတင်ပြနိုင်သည် -

(က) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့။

၈။ မြေတစ်ရပ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန် လိုအပ်သည့် ပုဒ်မ ၇ ပါ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာ တင်ပြရမည် -

(က) မြေသိမ်းဆည်းရန်အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတို့ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ခ) ဖက်စပ်ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူအတွက် ပြည်တွင်းပြည်ပမှ ထောက်ပံ့ကူညီလှူဒါန်းသည့် အစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း။

၉။ အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းပေးရန်တင်ပြသည့် အဆိုပြုလွှာတွင် အောက်ပါအထောက်အထားများ ပူးတွဲပါရှိစေရမည်-

(က) အဆိုပြုတင်ပြသူ သို့မဟုတ် အဆိုပြုရန် တာဝန်ပေးအပ်ခံရသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာ၊

(ခ) အလိုရှိသည့်မြေနှင့် သက်ဆိုင်သည့် မြေပုံနှင့် မြေရာဇဝင်မှတ်တမ်း၊ မြေတိုင်းတာပြီးစီးခြင်းမရှိပါက မြေပုံကြမ်း၊ တည်နေရာနှင့် ခန့်မှန်းဧရိယာ၊

(ဂ) မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် အလိုရှိသည့် အကြောင်းရင်း ဖော်ပြချက်နှင့် မြေအသုံးချမည့် လျာထားချက်ပုံစံ၊

(ဃ) အလိုရှိသည့်မြေပေါ်တွင် ဘာသာရေးအဆောက်အအုံများ၊ အများပြည်သူဆိုင်ရာ သုသာန်မြေနှင့် သင်္ချိုင်းဂူများ ပါဝင်မှုရှိ မရှိနှင့် ပါရှိပါက ယင်းနေရာကို ချန်လှပ်ထားရေးအပေါ် သဘောထားတင်ပြချက်၊ ချန်လှပ်ခြင်းမရှိဘဲ သိမ်းဆည်းလိုပါက သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်နှင့် ညှိနှိုင်းသဘောတူညီချက်နှင့် ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် အခြားကုန်ကျစရိတ်အတွက် တာဝန်ယူကြောင်း ကတိခံဝန်ချက်၊

(င) အလိုရှိသည့်မြေတွင် လုပ်ဆောင်မည့်လုပ်ငန်းတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုစီးပွားရေး ထိခိုက်မှုဆန်းစစ်ချက်၊

(စ) အလိုရှိသည့်မြေရှိ မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် အဆိုပြုချက်၊

(ဆ) မြေသိမ်းဆည်းခြင်း လုပ်ငန်းစဉ်အရပ်ရပ်အတွက် ဆောင်ရွက်ရာတွင် ကုန်ကျမည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စအတွက် အဆိုပြုတင်ပြသူက တာဝန်ယူကြောင်း ဝန်ခံကတိပြုလွှာ၊

(ဇ) အဆောတလျင် မြေသိမ်းဆည်းခြင်း သို့မဟုတ် ယာယီမြေသိမ်းဆည်းပေးခြင်းပြုရန် လိုအပ်လျှင် လုံလောက်သော အကျိုးအကြောင်းဖော်ပြချက်၊

(ဈ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်။

၁၀။ ဗဟိုကော်မတီသည် မြေကိုအလိုရှိကြောင်းတင်ပြသည့် အဆိုပြုလွှာကို စိစစ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးစေရန်နှင့် မြေသိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်တင်ပြရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အဆိုပြုလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည့်အပြင် ထိုအကြောင်းကြားစာမိတ္တူကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၁။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ မြေကိုအလိုရှိကြောင်းတင်ပြသည့် အဆိုပြုချက်ကိုစိစစ်ပြီး ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံစွာဖော်ပြပါရှိပါက အောက်ပါကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည်-

(က) သိမ်းဆည်းရန်ရည်ရွယ်သည့်မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့် အဆိုပြုမှုအပေါ် အများပြည်သူ ရှင်းလင်းစွာ သဘောပေါက်သိရှိရေးအတွက် ဒေသခံပြည်သူများနှင့် ဆွေးနွေးခြင်း၊ သဘောထားရယူခြင်း၊ ထိုသို့ ပြုလုပ်ရာတွင် သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေခြင်း၊

(ခ) သိမ်းဆည်းရန် ရည်ရွယ်သည့် မြေနေရာရှိ ထိခိုက်နစ်နာသူများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အလားအလာများအပေါ် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်များကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ဂ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လျာထားချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် ထိခိုက်နစ်နာသူများ၏ လိုလားချက်များအပေါ် အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အဆိုပြုသည့် မြေသိမ်းဆည်းမှုသည် နိုင်ငံတော်၏ အကျိုး၊ အများပြည်သူအကျိုး ဖြစ်ထွန်းနိုင်မှု အခြေအနေ ရှိ မရှိ၊

(င) အဆိုပြုလွှာတွင် ပူးတွဲပါရှိသည့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာလုပ်ငန်းအစီအမံများ ပြည့်စုံလုံလောက်မှု အခြေအနေ၊

(စ) ဌာနဆိုင်ရာနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ၏ သဘောထားမှတ်ချက် ရယူခြင်း၊

(ဆ) စိစစ်တွေ့ရှိချက်များကို သုံးသပ်ခြင်း၊ သဘောထားမှတ်ချက်နှင့်တကွ ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၁၂။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁ ပါ ကိစ္စများအပြင် အခြားလိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ တစ်ဖွဲ့ဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရမည်။

၁၃။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည်-

(က) သိမ်းဆည်းရန် အဆိုပြုသည့်မြေနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူတို့ထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြား၍ မြေပြင်သို့ကွင်းဆင်းပြီး ထိုမြေသည် အသုံးပြုရန်သင့်လျော်ခြင်း ရှိ မရှိ သေချာစေရန် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည်။

(ခ) ကွင်းဆင်းတိုင်းတာခြင်း၊ ထိခိုက်နစ်နာသူများနှင့် ထိခိုက်နစ်နာမည့် အခြေအနေ စာရင်းကောက်ယူရမည်။

(ဂ) မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်ချက်များကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၁၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်များနှင့် မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် သင့် မသင့် မိမိတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက အများပြည်သူသိရှိရန် ထိုမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာမူကြမ်းကိုပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း တင်ပြလာသည့် မြေနှင့် အဆောက်အအုံတို့မှာ အောက်ပါတို့နှင့် အကျုံးဝင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိမှသာ မြေသိမ်းဆည်းခြင်းကိစ္စကို ဆောင်ရွက်ရမည်-

(က) တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံ တည်ရာမြေနေရာများ၊

(ခ) သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည့်နေရာများ၊

(ဂ) သမိုင်းကြောင်း ခိုင်မာစွာတည်ရှိလာပြီး ပြည်သူအများ တန်ဖိုးထားထိန်းသိမ်းလာသည့် အထင်ကရနယ်မြေများနှင့် အဆောက်အအုံများ၊ ပရိဝုဏ်များ၊ အထိမ်းအမှတ်နေရာများ၊

(ဃ) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံအရ အသုံးပြုနေသော မြေများနှင့် အမြတ်တနိုးရိုသေတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းထားသည့် နေရာများ။

*ဆက်လက်ဖော်ပြပါမည်*

# ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ခ) ဂျီနီဗာသဘောတူညီချက်များနှင့်အညီ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့အား အကူအညီပေးရန် ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုလျှင် တာဝန်ပေးထားသော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာအသုံးပြုနိုင်သည်။

(ဂ) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပုဒ်မခွဲ(ခ)အရ ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ပုဂ္ဂိုလ်များသည် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီအမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ထားရမည့်အပြင် ကြက်ခြေနီ အမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်း ယူဆောင်ထားရမည်။

(ဃ) ဝန်ကြီးဌာနသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် လက်နက်ကိုင် ပဋိပက္ခကြောင့် ဒဏ်ရာရသူနှင့် နာမကျန်းဖြစ်သူများ၊ ပင်လယ်ပြင်၌ သင်္ဘောပျက်၍ ဒုက္ခရောက်သူများကို သယ်ယူပို့ဆောင်ပေးရန် သို့မဟုတ် ပြုစုစောင့်ရှောက်မှုပေးရန် တာဝန်ပေးထားသော အရပ်ဘက်မှ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးကုသရေး အဖွဲ့၊ ဆေးရုံ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအား ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ အသုံးပြုခွင့်ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ကြက်ခြေနီအသင်းနှင့်လည်းကောင်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ(ဃ)အရ တာဝန်ထမ်းဆောင်သူများသည် ဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီ အမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီ အမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်း ယူဆောင်ထားရမည်။

(စ) ကြက်ခြေနီအသင်းသည် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့အား အကူအညီပေးရန် တာဝန်ပေးထားသော ကြက်ခြေနီအသင်း၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ တပ်ဆင်အသုံးပြုခွင့်ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကြက်ခြေနီအသင်းသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) ပုဒ်မခွဲ(စ)အရ တာဝန်ထမ်းဆောင်သူသည် ကြက်ခြေနီအသင်းက ထုတ်ပေးသော ကြက်ခြေနီအမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီအမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်း ယူဆောင်ထားရမည်။

**အခန်း (၅)**
**ကြက်ခြေနီ အမှတ်အသားကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခြင်း**

၁၀။ ကြက်ခြေနီအသင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ကြက်ခြေနီလှုပ်ရှားမှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိကြောင်း ဖော်ညွှန်းပြသရာတွင် ကြက်ခြေနီအမှတ်အသားကို လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစား သေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။

၁၁။ ကြက်ခြေနီအသင်းသည် -

(က) ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန် နှစ်မျိုးလုံးတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ကြက်ခြေနီအသင်းနှင့် ဆက်နွှယ်မှုရှိကြောင်း ပြသရန်အလို့ငှာ ကြက်ခြေနီအမှတ်အသားကို ကြက်ခြေနီအသင်း၏ အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစား သေးငယ်စွာ အသုံးပြုရန် ခွင့်ပြုခြင်း၊

(ခ) ငြိမ်းချမ်းသည့်အချိန်တွင် ဒဏ်ရာရသူနှင့် ဖျားနာသူများကို အခမဲ့ပြုစုကုသမှုပေးရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်တာဝန်ပေးထားသည့် သူနာတင်ယာဉ်အဖြစ် အသုံးပြုသောယာဉ်ကို ခွဲခြားသိရှိနိုင်ရန်လည်းကောင်း၊ အကူအညီပေးရေးစခန်းကို အမှတ်အသားပြုနိုင်ရန်လည်းကောင်း အချိန်အကန့်အသတ်တစ်ခုအတွက် ကြက်ခြေနီ အမှတ်အသားကို အသုံးပြုရန် ခြွင်းချက်အဖြစ် ခွင့်ပြုခြင်း။

၁၂။ ကြက်ခြေနီအသင်းသည် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် သဘာဝဘေးဒဏ်ခံရသူများကို ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆောင်ရွက်ရာ၌ ကြက်ခြေနီအမှတ်အသားကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် ပုဒ်မ ၁၀ နှင့်အညီ အရွယ်အစားသေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။ ထိုသို့ အသုံးပြုသည့်အခါ ကြက်ခြေနီအမှတ်အသားနှင့်အတူ ကြက်ခြေနီအသင်း၏ အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် အသုံးပြုရမည်။

၁၃။ မြန်မာနိုင်ငံ ပိုင်နက်နယ်နိမိတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လာရောက်ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသား ကြက်ခြေနီအသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း ယင်းတို့၏ ကြက်ခြေနီအမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

**အခန်း (၆)**
**လခြမ်းနီ အမှတ်အသားနှင့် ခရစ္စတယ်နီ အမှတ်အသားကို အသုံးပြုခြင်း**

၁၄။ မြန်မာနိုင်ငံ ပိုင်နက်နယ်နိမိတ် အတွင်းတွင် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လာရောက်ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသား လခြမ်းနီ သို့မဟုတ် ခရစ္စတယ်နီ အသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ယင်းတို့၏ လခြမ်းနီ အမှတ်အသား သို့မဟုတ် ခရစ္စတယ်နီ အမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

**အခန်း (၇)**
**နိုင်ငံတကာအဖွဲ့အစည်းများက အသုံးပြုခြင်း**

၁၅။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) နှင့် ယင်းတို့က အခွင့်အာဏာပေးထားသော ပုဂ္ဂိုလ်တို့သည် မည်သည့်အချိန်တွင်မဆို ယင်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအားလုံးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှာ သိသာထင်ရှားသော အမှတ်အသားများကို လည်းကောင်း၊ ကြက်ခြေနီအမှတ်အသား သို့မဟုတ် ကြက်ခြေနီ အမှတ်အသားနှင့် လခြမ်းနီ အမှတ်အသားတို့ ပါရှိသော ယင်းတို့၏ အဖွဲ့အစည်းတံဆိပ်ကို လည်းကောင်း အသုံးပြုနိုင်သည်။

**အခန်း (၈)**
**ကြက်ခြေနီအသင်း၏ တာဝန်**

၁၆။ ကြက်ခြေနီအသင်း၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အသုံးပြုမှုကို စောင့်ကြည့်လေ့လာခြင်း၊

(ခ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အလွဲသုံးမှုအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ အကူအညီရယူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ် အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားစေရေးနှင့် ယင်းတို့ကို အသုံးပြုရာတွင် ဤဥပဒေနှင့်အညီ အသုံးပြုစေရေးတို့အတွက် အများပြည်သူကို အသိပညာပေးခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ကြက်ခြေနီအသင်းက အသုံးပြုသော ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ခြင်း၊

(င) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ကြက်ခြေနီ အခြေခံမူများနှင့် မဆန့်ကျင်စေဘဲ ထမ်းဆောင်ခြင်း။

**အခန်း (၉)**
**တားမြစ်ချက်များ**

၁၇။ မည်သူမျှ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် သိသာထင်ရှားသော အမှတ်အသား သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးပြု၍ သစ္စာမဲ့သော လုပ်ရပ်ကို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန် အမိန့်ပေးခြင်း မပြုရ။

၁၈။ အသုံးပြုခွင့်ရှိသူ မည်သူမှအပ ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား၊ ယင်းတို့၏အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို ဤဥပဒေပါ ရည်ရွယ်ချက် သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်ခြင်း မရှိသည့်ကိစ္စရပ်တွင် အသုံးမပြုရ။

၁၉။ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ သို့မဟုတ် ယင်းတို့၏ အမည်နာမကိုဖြစ်စေ၊ ကြက်ခြေနီ အမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားကို တုပ၍ဖြစ်စေ၊ ယင်းတို့၏ အမည်နာမကို မည်သည့် ဘာသာစကားဖြင့်မဆို ဘာသာပြန်ဆို၍ ဖြစ်စေ အသုံးပြုနေသောသူများသည် ဤဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ ဆက်လက် အသုံးမပြုရ။

၂၀။ ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ သို့မဟုတ် ယင်းတို့၏ အမည်နာမကို တုပ၍ဖြစ်စေ၊ မည်သည့် ဘာသာစကားဖြင့်မဆို ဘာသာပြန်ဆို၍ ဖြစ်စေ အသုံးပြုနေသောသူများသည် မိမိတို့၏ ကုန်ပစ္စည်းများကို စျေးကွက်မှ ပြန်လည်သိမ်းဆည်းရမည်။

၂၁။ အသုံးပြုခွင့်ရှိသူမှအပ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးမပြုရ။

၂၂။ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများနှင့် ခွဲခြားမရအောင် တူညီသော၊ မှားယွင်းနိုင်သော သို့မဟုတ် ဆင်တူယိုးမှားဖြစ်စေနိုင်သော အဆင်ဒီဇိုင်းကိုဖြစ်စေ သို့မဟုတ် ပုံသဏ္ဍာန် အချက်ပြခြင်းကိုဖြစ်စေ၊ အမှတ်အသားကို ဖြစ်စေ၊ စကားလုံးကိုဖြစ်စေ အသုံးမပြုရ။

၂၃။ မည်သူမျှ ကြက်ခြေဖြူ အမှတ်အသားကို မည်သည့်ရည်ရွယ်ချက်နှင့်မျှ အသုံးမပြုရ။

**အခန်း(၁၀)**
**ပြစ်မှု ပြစ်ဒဏ်များ**

၂၄။ မည်သူမဆို

(က) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ဆယ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအများအား အပြင်းအထန် နာကျင်စေလျှင် ထိုသူကို နှစ် ၂၀ ထောင်ဒဏ် ချမှတ်ရမည်။

(ဂ) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအများအား သေစေလျှင် ထိုသူအား သေဒဏ် ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၈၊ ၁၉၊ ၂၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်းမှ အများဆုံးကျပ် ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ် ဆယ်သိန်းထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်းမှ အများဆုံးကျပ် ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံးကျပ် သုံးသိန်းထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၁)**
**အထွေထွေ**

၂၉။ ဝန်ကြီးဌာနသည် ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များတွင် သတ်မှတ်ထားသည့် သိသာထင်ရှားသော အမှတ်အသားများ အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူက သိရှိလိုက်နာစေရေးအတွက် အသိပညာပေးရန်နှင့် ယင်းအမှတ်အသားများကို အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၀။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များတွင် သတ်မှတ်ထားသည့် သိသာထင်ရှားသော အမှတ်အသားများ အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်နှင့် ယင်းတို့၏ လက်အောက်ရှိ တပ်ဖွဲ့များက သိရှိလိုက်နာစေရေးအတွက် အသိပညာပေးရန်နှင့် ယင်း အမှတ်အသားများကို အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် ညှိနှိုင်းရေးအဖွဲ့၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၃၂။ ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန် မသင့်လျော်သော အခြေအနေ တစ်ရပ်ရပ်၌ ကြက်ခြေနီအသင်းသည် ကြက်ခြေနီ အမှတ်အသားအစား ခရစ္စတယ်နီ အမှတ်အသားကို ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ ယာယီအသုံးပြုနိုင်သည်။ ယင်းသို့ အသုံးပြုခြင်းသည် ယာယီမျှသာဖြစ်ပြီး သင့်လျော်သော အချိန်ကာလကုန်ဆုံးလျှင် ယင်းအသုံးပြုခြင်းကို ရပ်စဲရမည်။

၃၃။ ဤဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၄။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနနှင့် ကြက်ခြေနီ အသင်းတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၆။ The Geneva Convention Implementing Act (India Act XIV, 1936) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ကျိုကျန်းလိုဏ်ဂူသို့ အလည်တစ်ခေါက်

**အောင်အောင် IR**

**စာရေးသူ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မြို့တော် ကူမင်းသို့ ဖိုရမ်အစည်းအဝေးတစ်ခုတက်ရောက်ရန် ပြီးခဲ့သည့် ဇွန်လက ရောက်ရှိခိုက် အစည်းအဝေးအပြီးတွင် ယူနန်ပြည်နယ်နှင့် တရုတ်နိုင်ငံအဝန်းတွင်သာမက ကမ္ဘာတစ်လွှား လိုဏ်ဂူလေ့လာသူများနှင့် ခရီးသွားများအကြား ထင်ရှားသော ကူမင်းအနီးရှိ ကျိုကျန်းလိုဏ်ဂူများဆီသို့ သွားရောက်လည်ပတ်ဖြစ်ခဲ့သည်။**

**ကျိုကျန်းလိုဏ်ဂူများ (Jiuxiang Caves)**

ကျိုကျန်းလိုဏ်ဂူများသည် ယူနန်ပြည်နယ်၊ ရီလျံကောင်တီ၊ ကျိုကျန်း 'ရီ' နှင့် 'ဟွေ' တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့နယ်တွင် တည်ရှိပြီး Stone Forest မှ မြောက်ဘက် ၂၂ ကီလိုမီတာ (၁၄ မိုင်) ကွာဝေးပါသည်။ ကူမင်းမြို့မှဆိုလျှင် ၉၀ ကီလိုမီတာ (၅၅ မိုင်) ကွာဝေးပါသည်။ ကူမင်းမြို့သားအချို့က သူတို့မှာ မြေပေါ်တွင် Stone Forest ရှိပြီး မြေအောက်တွင် Jiuxiang Cave ရှိသည်ဟု ဂုဏ်ယူစွာ ပြောဆိုလေ့ရှိကြောင်း သိရသည်။ အသွင်အမျိုးမျိုးဖြင့် တည်ရှိပြီး မြင့်မားလှသော ကျောက်စိုင်၊ ကျောက်သား၊ ကျောက်တန်းကြီးများနှင့် ပြည့်နှက်နေသော နေရာတစ်ခုဖြစ်သည့် Stone Forest သည် ကူမင်းမြို့အနီးတွင် တည်ရှိပြီး ကျိုကျန်းလိုဏ်ဂူများနှင့် ကားဖြင့် နာရီဝက်ခန့်သာ ကွာဝေးပါသည်။ အမှန်ပင် မြေပေါ်တွင် ထိုးထွက်နေသော ကျောက်တုံး၊ ကျောက်တောင်များရှိရာ Stone Forest မှ မြေအောက်တွင် ဂူအမိုးခေါင်မိုးမှ ပြောင်းပြန် စိုက်စင်းနေသော ကျောက်စက်၊ ကျောက်တန်းများရှိရာ ကျိုကျန်းလိုဏ်ဂူသို့ နေ့ချင်းအတွင်း ရောက်ရှိသွားသည့်အခါ အလင်းမှ အမှောင်၊ အပေါ်မှ အောက်၊ အပြင်မှ အတွင်း စသည့် ထူးခြားသည့် ဆန့်ကျင်ဘက် ခံစားစိတ်များကို ပေးစွမ်းပါသည်။

ကျိုကျန်းလိုဏ်ဂူသည် နှစ်သန်းပေါင်းများစွာ ဖြစ်တည်ရာမှာ ဆင့်ပွားဖြစ်ထွန်းလာသော သဘာဝ ဖြစ်စဉ်များကြောင့် ရေတွင်ပျော်ဝင်လွယ်သော ထုံးကျောက်များ၊ ဂျစ်ပဆမ်များ ပြိုကွဲပျက်စီးရာမှ ဖြစ်တည်လာသော မြေတွင်း၊ မြေခွက်များ၊ လိုဏ်ဂူ၊ လိုဏ်ခေါင်းများ၊ မြေအောက် မြစ်ချောင်းများ၊ ကျောက်ခက်၊ ကျောက်စက်များဖြင့် ပြည့်နှက်နေသော နေရာတစ်ခု ဖြစ်သည်။ ကျိုကျန်းလိုဏ်ဂူ အပါအဝင် ဧရိယာတစ်ခုလုံးသည် ၂၀၀ စတုရန်းကီလိုမီတာ (၇၇ စတုရန်းမိုင်) ကျယ်ဝန်းပြီး ဂူများအပြင် အခြားသော လေ့လာလည်ပတ်စရာ နေရာများလည်း ရှိပါသည်။ ဂူပေါင်း ၁၀၀ ကျော်ဖြင့် စုဖွဲ့ထားသည့် ဂူအစုအဝေးကြီးတွင် လည်ပတ်စရာနေရာ Green Shady Valley, Grand Underground Valley, Grand Lion Cave (White Elephant Cave ဟုလည်း အချို့က ခေါ်ကြသည်), Fairy Palace Cave, Lying Dragon Cave နှင့် Bat Cave စသည်ဖြင့် အပိုင်းခြောက်ပိုင်း ရှိပါသည်။

**ကိုယ်တွေ့ Jiuxiang Cave**

စာရေးသူတို့ Stone Forest သို့ သွားရောက်လေ့လာပြီး ထိုမှ နာရီဝက်ခန့် ကားမောင်းသော် ကျိုကျန်းလိုဏ်ဂူ (Jiuxiang Cave) သို့ ရောက်ရှိကြပါသည်။ ဝင်ခွင့်လက်မှတ်မှာ တစ်ဦးလျှင် ယွမ် ၉၀ ကျသင့်ပါသည်။ ဂူအပေါက်ဝမှ ဂူအပေါ်ထိပ်အထိ ၅၃ မီတာ (၁၇၄ပေ) အမြင့်ရှိပြီး ဂူထိပ်မှ ဂူပေါက်ရှိရာသို့ ဓာတ်လှေကားဖြင့် ဆင်းကြရပါသည်။ ဂူပေါက်ဝ အဝင်တွင် မီတာ ၁၀၀၀ (ပေ ၃၂၈၀) အကျယ်ရှိသော သာယာလှပသည့် တောင်ကြားလမ်း (Green Shady Valley) ဆီးကြိုနေပါသည်။ တောင်ကြားအတွင်း မြစ်တစ်စင်း တသွင်သွင် စီးဆင်းနေပြီး မြစ်အတွင်း အပျော်စီးလှေများ စီးနင်းနိုင်ပါသည်။ လက်မှတ်ခတွင် လှေစီးခပါဝင်ပြီးဟု သိရပါသည်။ သို့သော် လှေစီးရန် လူတန်းရှည်ကြီးအား ၁၅ မိနစ်ခန့် စောင့်ရမည်ဖြစ်သဖြင့် စာရေးသူတို့ တောင်ကြားအတွင်း ခြေကျင်လျှောက် ဝင်ရောက်လေ့လာကြပါသည်။ တောင်ကြား တစ်ဖက်တစ်ချက် တွယ်ကပ်ချိတ်ဆက် ဆောက်လုပ်ထားသော လူလုပ်တံတားပေါ်မှ တောင်ကြား သဘာဝအလှအပများကို မြစ်ရေစီးသံများ တသွင်သွင်၊ တစ်ခါတစ်ရံ တောင်စောင်း၊ တောင်ကြားများမှ ဖောက်ထွင်းဝင်ရောက်လာသော အလင်းတန်းများအကြား လမ်းလျှောက်ကြရင်း စာရေးသူတို့ တဖြည်းဖြည်း ဂူအတွင်းပိုင်းသို့ တိုးဝင်နေကြပြီဖြစ်သည်။



ကျိုကျန်းလိုဏ်ဂူအတွင်းရှိ Fairy Palace Cave ။

**"Jiuxiang Cave ဂူအဝ နက်ရှိုင်းမြင့်မားသော တောင်ကြားလမ်းများမှ ဖြတ်လျှောက်ကာ မီးရောင်စုံအလှအပများ၊ မြစ်ရေစီးသံများ၊ ရေတံခွန်များ၊ ကျောက်စက်၊ ကျောက်ခက်များအကြား ဂူအစိတ်အပိုင်း တစ်ခုမှ နောက်ဂူအစိတ်အပိုင်းတစ်ခုသို့ ကူးပြောင်းသွားလာနေချိန်ဝယ် ဇာတ်ဝင်ခန်း မြင်ကွင်းများ တစ်ကွက်ပြီးတစ်ကွက် ကူးပြောင်းသွားသော ရုပ်ရှင်ဇာတ်ကားတစ်ကား ကြည့်ရှုနေရဘိသကဲ့သို့ ခံစားခဲ့ရ"**

မကြာမီ ဂူအတွင်းရှိ မြေအောက်တောင်ကြားသို့ ရောက်ရှိပါသည်။ မြစ်ရေသံမှာလည်း ပိုမိုပြင်းထန်ကြမ်းတမ်းလာပါသည်။ ဂူမှာ ပိုမိုနက်ရှိုင်းလာပြီး မတ်စောက်သည့် ကျောက်တုံးကျောက်ဆောင် အများအပြား တွေ့ရှိရပါသည်။ Grand Underground Valley ကိုလွန်လျှင် အမှန်တကယ် ဂူအတွင်းပိုင်း လေ့လာရေးကို စတင်ပြီဖြစ်သည်။ စာရေးသူတို့ အတွေ့အကြုံအရ ဂူအတွင်းပိုင်းကြီး လေးပိုင်း ရှိပါသည်။ ပထမ ဂူအပိုင်းကို Grand Lion Cave ဟု ခေါ်ပါသည်။ ဂူအဆုံးတွင် ကြီးမားကျယ်ဝန်းသော ခန်းမကြီးသဖွယ် သဘာဝအတိုင်း ဖြစ်တည်နေသော ဂူအမိုးကြီးကို တွေ့ရပါလိမ့်မည်။ Grand Lion Cave ကို ကျော်လွန်သော နောက်ထပ် ဂူအပိုင်းတစ်ခုဖြစ်သော Fairy Palace Cave ကို ရောက်ရှိပါသည်။ ဂူအတွင်း ဂူအမိုးနေရာအနှံ့မှ ကျောက်စက်၊ ကျောက်ပန်းများ စီးဖြာကျနေပြီး ဂူနေရာအနှံ့ အောက်ခြေမှ စိမ်း၊ ဝါ၊ ပြာ၊ နီ မီးအရောင်စုံဆလိုက်များဖြင့် ပင့်ထိုးထွန်းညှိထားရာ အမြင်မရိုးလှဘဲ အထူးပင်ဆွဲဆောင်မှု ရှိလှပါသည်။ Jiuxiang Cave နှင့်ပတ်သက်၍ အလှအပ ပုံရိပ်ဓာတ်ပုံ အများစုမှာ အဆိုပါ Fairy Palace Cave မှ ရိုက်ယူထားခြင်းဖြစ်သည်။ ရောင်စုံမီးရောင်များဖြင့်အတိပြီးသော Fairy Palace Cave မှ ဆက်သွားလျှင် ပေတစ်ရာ အမြင့်ရှိသော အမြွှာရေတံခွန် နှစ်ခု စီးဖြာကျဆင်းနေသည့် မြေအောက်မြစ် အဓိကဖြတ်စီးဆင်းရာ Lying Dragon Cave သို့ ရောက်ရှိပါလိမ့်မည်။ အဆိုပါ ဂူအတွင်း ဒေသခံ ရီ တိုင်းရင်းသားတို့၏ ကျေးရွာသဖွယ်ဖန်တီးထားသည့် ရီတိုင်းရင်းသားကျေးရွာ ပုံစံငယ်လည်း တည်ရှိပါသည်။ အဆိုပါ နေရာတွင် ရီတိုင်းရင်းသား လူငယ်များက ရိုးရာအဆိုအကများဖြင့် ဧည့်ခံသည်ဟု ဖော်ပြထားသော်လည်း စာရေးသူတို့ ရောက်ရှိသည့် နေ့လယ်နှောင်းချိန်တွင် မည့်သည့် အဆိုအကမှ မတွေ့ရှိခဲ့ရပါ။ Lying Dragon Cave မှ လွန်သော် နောက်ဆုံးရောက်ရှိသွားသော လိုဏ်ဂူမှာ Bat Cave လိုဏ်ဂူ ဖြစ်ပါသည်။ ၎င်းလိုဏ်ဂူတွင် ယခင်က လင်းနို့အများအပြား နေထိုင်ခဲ့သောကြောင့် လင်းနို့လိုဏ်ဂူဟု အမည်တွင်ပါသည်။ လိုဏ်ဂူအတွင်း အမိုးမှ ကျောက်စက်၊ ကျောက်ခက်များ အပြိုင်းအရိုင်း ကျဆင်းနေပုံမှာ မြေပေါ်မှာထိုးထွက်နေသော ကျောက်တုံး၊ ကျောက်တောင်များတည်ရှိရာ Stone Forest ကို ပြောင်းပြန်လှန်ထားသကဲ့သို့ရှိသဖြင့် ထူးခြားသော ဂူတစ်ခုဟုဆိုနိုင်ပါသည်။

**မြင်တွေ့သမျှ အထူးအဆန်းချည်းဖြစ်**

Jiuxiang Cave ဂူအဝ နက်ရှိုင်းမြင့်မားသော တောင်ကြားလမ်းများမှ ဖြတ်လျှောက်ကာ မီးရောင်စုံအလှအပများ၊ မြစ်ရေစီးသံများ၊ ရေတံခွန်များ၊ ကျောက်စက်၊ ကျောက်ခက်များအကြား ဂူအစိတ်အပိုင်းတစ်ခုမှ နောက်ဂူအစိတ်အပိုင်းတစ်ခုသို့ ကူးပြောင်းသွားလာနေချိန်ဝယ် ဇာတ်ဝင်ခန်းမြင်ကွင်းများ တစ်ကွက်ပြီး တစ်ကွက် ကူးပြောင်းသွားသော ရုပ်ရှင်ဇာတ်ကား တစ်ကား ကြည့်ရှုနေရဘိ သကဲ့သို့ ခံစားခဲ့ရသည်။ စာရေးသူမှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်ဘက်များဆီမှ ဂူအချို့သို့ ရောက်ဖူးသော်လည်း ယခုကဲ့သို့ Jiuxiang Cave အတွေ့အကြုံမှာ မြင်တွေ့သမျှ အထူးအဆန်းချည်း ဖြစ်နေလေတော့သည်။

Jiuxiang Cave အတွင်း ဒေသခံ ရီမျိုးနွယ် အမျိုးသမီးလေးနှင့်အတူ နှစ်နာရီခန့် လေ့လာပြီးနောက် ဂူအဆုံး အခြားတစ်ဖက်သို့ ရောက်ရှိပါသည်။ မူလ ဂူအဝင်နေရာသို့ ပြန်ရန် နည်းလမ်းသုံးသွယ်ရှိပါသည်။ ခြေကျင်လမ်းလျှောက် ပြန်ဆင်း၍ရသည်။ မြင်းငှားစီးကာ မြင်းထိန်းနှင့်အတူ ပြန်ဆင်း၍ရသည်။ အဖွင့်ကေဘယ်ကြိုးထိုင်ခုံဖြင့် ပြန်ဆင်း၍ရသည်။ စာရေးသူ နိုင်ငံပေါင်းများစွာတွင် ကေဘယ်ကားများ စီးခဲ့ဖူးပါသည်။ ကေဘယ်ကားများမှာ အပိတ်ဖြစ်ကြသည်။ ယခု ကေဘယ်မှာမူ အဖွင့်ဖြစ်ပြီး ထိုင်ခုံတန်းလေးတစ်ခုသာဖြစ်သဖြင့် လတ်ဆတ်သောလေကို ရှူရှိုက်ရင်း Jiuxiang Cave နှင့် ဝန်းကျင်တစ်ခုလုံးကို အပေါ်စီးမှ စီးမြင်ရမည် ဖြစ်သည်။ ကေဘယ်အဖွင့် ထိုင်ခုံနှင့် ပြန်ဆင်းရန် ရွေးချယ်လိုက်သည်။ ကေဘယ်ထိုင်ခုံ စီးနင်းခ တစ်ကြောင်းလျှင် ယွမ် ၃၀ ထပ်မံကျသင့်ပါသည်။

Jiuxiang Cave ပြီးဆုံးပြီးနောက် စာရေးသူတို့ ကူမင်းမြို့ဆီ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ယခု ကျိုကျန်းလိုဏ်ဂူများ လေ့လာရေးခရီးစဉ်နှင့် ဆက်စပ်အခြားအလည်အပတ်ခရီးစဉ်များအတွင်း မမေ့နိုင်သော ဖြစ်ရပ်နှစ်ခု ရှိပါသည်။ ၎င်းတို့မှာ ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်က ကူမင်းမြို့မှ ရီလျံကောင်တီသို့ အလာလမ်းတွင် ညစာ မြင်းသားစားသောက်ခြင်းနှင့် ၂၀၁၉ ခုနှစ် ဇွန်လ ၁၅ရက်က ရီလျံကောင်တီမှ ကူမင်းမြို့သို့ အပြန်လမ်းမှာ ညစာဘဲကင် စားသောက်ခြင်းတို့ဖြစ်သည်။

**မြင်းသားအတွေ့အကြုံ**

မြင်းသားစားသုံးခြင်း အတွေ့အကြုံအကြောင်း အနည်းငယ် ရေးခြစ်ပါမည်။ စာရေးသူ မြင်းသား တစ်ခါမှ မစားဖူးပါ။ ကိုရီးယားတွင် ကျောင်းတက်စဉ် ခွေးသားတစ်ကြိမ် စားခဲ့ဖူးပါသည်။ အမေရိကန်တွင် ကြက်ဆင်သား၊ ဂျပန်တွင် ငါးအစိမ်း၊ ကိုရီးယားတွင် အမဲသားအစိမ်းသုပ်၊ စင်ကာပူတွင် မိကျောင်းသား စသည်ဖြင့် စားဖူးပါသည်။ စာရေးသူတို့ မြင်းသားစားသုံးသော ဆိုင်မှာ ရှီလင် 'ရီ' တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကောင်တီ၊ ဖုဇီကျေးရွာရှိ ရှောင်ဂိုပြန်း မြင်းသားစားသောက်ဆိုင် ဖြစ်ပါသည်။ စာရေးသူနှင့် ပါလာသူ တရုတ်မိတ်ဆွေတစ်ဦးက ၎င်းကျေးရွာရှိ မြင်းသား စားသောက်ဆိုင်များသည် ယူနန်ပြည်နယ်တွင် အရသာအရှိဆုံးနှင့် အကောင်းဆုံးဖြစ်ပြီး ယခု ရှောင်ဂိုပြန်း စားသောက်ဆိုင်သည် လူအစည်ဆုံး စားသောက်ဆိုင်ဖြစ်သည်ဟု ဆိုပါသည်။

မြင်းသား ညစာ မစားမီ စာရေးသူအား ဆိုင်ရှင်ဖြစ်သူနှင့် မိတ်ဆက်ပေးသဖြင့် ဆိုင်ရှင်ဖြစ်သူက ဖော်ရွေစွာပင် သူ၏ဆိုင်အနှံ့လိုက်လံပြသပါသည်။ မီးဖိုချောင်အတွင်းသို့ ဝင်ရောက်နိုင်ကြောင်း ဖိတ်ခေါ်သဖြင့် ချိတ်ဆွဲထားသော မြင်းသား အစိမ်းများနှင့် ကြော်လှော် ချက်ပြုတ်ပုံ အချို့ကို တွေ့ခဲ့ရသည်။ သို့သော် မြင်းနှင့်တူသည့် အစိတ်အပိုင်းများကို မတွေ့ရသဖြင့်မေးရာ မိုးဖွဲဖွဲကျနေသည့်ကြားမှ ဆိုင်ရှင်ဖြစ်သူက ဆိုင်အနီး သန့်ရှင်းသော ရေမြောင်းအတွင်း ညလုံးပေါက် ရေစိမ်ထားသော မြင်းခြေထောက်များကို ညှပ်ဖြင့်ဆွဲယူထုတ်ပြသဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူခဲ့ပါသည်။

*စာမျက်နှာ ၂၃ သို့*




ရှောင်ဂိုပြန်း စားသောက်ဆိုင်

# ဩဂုတ် ၂၂ ရက်တွင် ယာဉ်လိုင်းများ ပြေးဆွဲရန် စီစဉ်နေပြီး ခရီးသည်များ ဌာနေပြန်ရန်ပြင်ဆင်နေ

**AA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များက ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီးခဲ့သည်။**

နောင်ချိုမြို့နယ် ဂုတ်တွင်းတံတား ပျက်စီးခြင်းကြောင့် ကျောက်မဲ၊ သီပေါ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့အထိ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး မူဆယ်မြို့တွင် ခရီးသည်များ၊ ယာဉ်မောင်းများ၊ ကုန်စည်၊ ကုန်စိမ်းများ သောင်တင်နေကာ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိပြီး ကုန်ဈေးနှုန်းများ ယခင်ထက် ဈေးတက်သွားခဲ့သည်။

**ကုန်စိမ်းတွေ ဈေးနည်းနည်းတက်**

မူဆယ်မြို့တွင် ယခင်က ဆန်တစ်အိတ်လျှင် ငွေကျပ် လေးသောင်းခွဲ တန်သည် ယခု တစ်အိတ်လျှင် ငွေကျပ်ခြောက်သောင်းသို့ မြင့်တက်သွားကြောင်း ဆန်ကုန်သည် ဦးကြည်မြင့် က ပြောသည်။ ပြည်တွင်းမှ ကုန်စည်တင်ပို့မှု ရပ်တန့်ခြင်းကြောင့် ကုန်စိမ်းများ နှင့် အခြားကုန်ပစ္စည်းများ ဈေးတက်ရခြင်းဖြစ်သည်။

"တရုတ်နိုင်ငံ ဘက်ကနေ ဝင်လာတဲ့ ကုန်စိမ်းတွေတော့ ဈေးမတက်ဘူး။ ပုံမှန်အတိုင်းပဲ ရောင်းပါတယ်။ မြန်မာနိုင်ငံအတွင်းပိုင်းကနေ တင်ပို့လာတဲ့ ကုန်စိမ်းတွေတော့ အရင်ထက် ဈေးနည်းနည်းတက်သွားတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

**လုပ်အားခက ပုံမှန်အတိုင်း**

မူဆယ်မြို့တွင် ကုန်ဈေးနှုန်းများ ယခင်ထက်မြင့်တက်နေခြင်းကြောင့် မူဆယ်မြို့ရှိ ပြည်သူများနှင့် မူဆယ်မြို့တွင် သောင်တင်နေသည့် ပြည်သူများ အပေါ် တိုက်ရိုက်သက်ရောက်မှုရှိစေသည်။ "ဈေးနှုန်းသာမြင့်တက်ပြီး လုပ်အားခတွေက ပုံမှန်အတိုင်းဖြစ်ပါတယ်။ ကုန်ဈေးနှုန်း မြင့်တက်နေတာဟာ နေ့လုပ်အားခတွေနဲ့ ရုန်းကန်နေရတဲ့ ပြည်သူတွေအတွက်တော့ အခက်အခဲဖြစ်စေပါတယ်။ တစ်နေ့လုပ်တစ်နေ့စားနေတာဆိုတော့ အရင်ထက် ပိုခက်ခဲတာပေါ့"ဟု ကိုကျော်နိုင်က ကုန်ဈေးနှုန်းမြင့်တက်ခြင်းအပေါ် သူကြုံတွေ့ရသည့် အခက်အခဲကို ပြောသည်။ မူဆယ်မြို့တွင် သောင်တင်နေသည့် ယာဉ်မောင်းသူများနှင့် မိမိဌာနေသို့ ပြန်ရမည့်ခရီးသည်များလည်း အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်နေကြရသည်။ မူဆယ်မြို့တွင် သောင်တင်နေသည့် ယာဉ်မောင်းအချို့သည် ငွေကြေးများ မလုံလောက်သည့်အတွက် မိမိနေအိမ်မှ ပြန်ပို့ပေးနေရကြောင်း သိရသည်။ ရက်တိုခံ ကုန်စိမ်းများလည်း ပျက်စီးခြင်းကြောင့် ကုန်သည်ပိုင်ရှင်များနှင့် ညှိနှိုင်းကာ ကုန်ဈေးနှုန်းများကို ယာဉ်မောင်းတချို့က ပြန်လည်လျော်ကြေးပေးခဲ့ကြောင်း သိရသည်။



ဈေးရောင်းဈေးဝယ် စည်ကားသည့် မူဆယ်မြို့တွင်း တစ်နေရာ။

မူဆယ်မြို့နယ်တစ်ဝိုက်တွင် တိုက်ပွဲများ ဖြစ်ပွားမှုရှိသော်လည်း မူဆယ်မြို့ ပြည်သူလူထုများသည် ပုံမှန်အတိုင်း သွားလာလှုပ်ရှားနေကြသည်။ "ကြောက်တော့ ကြောက်တာပေါ့။ အန်တီ ကတော့ ဈေးဆက်ရောင်းနေမှာပဲ။ ဈေးမရောင်းရရင် စားစရာရှိမှာ မဟုတ်ဘူး"ဟု ကုန်စိမ်းရောင်းသည့် ဒေါ်အိုက်ခမ်းက သူ့ခံစားချက်ကို ပြောသည်။

**ပြည်သူများ၏ မျှော်လင့်ချက်**

ပျက်စီးသွားသည့် ဂုတ်တွင်းတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ယာယီဘေလီတံတားကို ဩဂုတ် ၂၀ ရက် နေ့လယ်တွင် ပြီးစီးခဲ့ပြီး ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ခဲ့သည်။ မူဆယ်မြို့တွင် ပိတ်မိနေသော မိမိဌာနေပြန်မည့် ပြည်သူများအတွက် သတင်းကောင်းဖြစ်သည်။ ယာယီရပ်ဆိုင်းထားသည့် အဝေးပြေး ယာဉ်လိုင်းများသည်လည်း ဩဂုတ် ၂၂ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲတော့မည်ဟု သိရသည်။ " ဩဂုတ် ၂၂ ရက်မှာ ခရီးသည်ယာဉ်လိုင်းတွေ စတင်ပြေးဆွဲဖို့ စီစဉ်ထားပါတယ်။ တချို့ခရီးသည်တွေက ဌာနေပြန်ဖို့ အခုချိန်ကတည်းက ဂိတ်မှာလာအိပ်ပြီး စောင့်နေကြတယ်"ဟု ထက်ဦး ယာဉ်လိုင်းဂိတ်မှူးက ပြောသည်။

**တံတားပြီးတော့ နေရပ်ကိုသာပြန်ချင်**

"ဒီနေ့တက်လာပြီးတော့ မနက်ဖြန်လောက်ပြန်ဆင်းရင် အဆင်ပြေတယ်။ ခုဟာက ခြောက်ရက်ကြာနေပြီဆိုတော့ ဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူး။ ကျွန်တော်တို့ ထမင်းဖိုးက တစ်ရက်မှာ သုံးထောင်ပဲရတယ်။ အိမ်မှာလည်း မိန်းမနဲ့ ကလေးတွေပဲ ကျန်ခဲ့တာဆိုတော့ စိတ်ပူရတာပေါ့။ ဂုတ်တွင်းတံတားပြီးတာကြားတော့ အလွန်ဝမ်းသာပါတယ်။ ဒါကြောင့် မူဆယ်မြို့ကနေ မိမိနေရပ်ကို အမြန်ဆုံးပြန်ချင်ပါတယ်"ဟု ယာဉ်မောင်း ဦးဌေးအောင်က ပြောသည်။

**ဒုက္ခမျိုးစုံ ခံစားနေရ**

တိုက်ပွဲကြောင့် ပြည်သူများမှာ မြေစာပင်ဖြစ်ကြရသည်။ တိုက်ပွဲကြောင့် ပြည်သူအချို့ အသက်ဆုံးရှုံးကြရသည်။ တိုက်ပွဲကြောင့် မလိုလားအပ်သည့်အရာများ ပြည်သူလူထုများသာ ခံစားကြရသည်။ တိုက်ပွဲကြောင့် ပြည်သူများ ငြိမ်းချမ်းစွာ အိပ်စက်မရဘဲ ပူပန်နေကြရပြီး ဒုက္ခအမျိုးမျိုး ခံစားနေကြရသည်။ တိုက်ပွဲကြောင့် ပို၍နစ်နာသည်မှာ ပြည်သူများသာ ဖြစ်သည်။ ထို့ကြောင့် ပြည်သူများက တိုက်ပွဲများကို မုန်းတီးနေကြသည်။

**ဆလိုင်းပန်ရှီးထန်**




## မိုင်းစထိမှန်၍ ပြင်ဦးလွင်ဆေးရုံကြီး၌ ဆေးကုသခံယူနေသည့် လူနာသုံးဦးအား အလှူငွေထောက်ပံ့

**ပြင်ဦးလွင် ဩဂုတ် ၂၀**

ပြင်ဦးလွင်မြို့ပြည်သူ့ဆေးရုံကြီးသို့ မိုင်းစထိမှန်၍ တက်ရောက်ဆေးကုသမှုခံယူနေသည့် နောင်ချိုမြို့နယ် နားကော်ကျေးရွာတွင် နေထိုင်သူများဖြစ်သည့် မောင်အိုက်စီ (၂၀ နှစ်)၊ မောင်ထွန်းလူ (၂၀နှစ်)၊ အောင်ကျော်ဦး (၁၉ နှစ်)တို့ကို ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီက အဆိုပါဆေးကုသဆောင်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များဖြစ်ကြသော သန္တိသုခနှင့် စိမ်းလန်း ( ပြင်ဦးလွင် ) ဥက္ကဋ္ဌနှင့် အဖွဲ့၊ ပြင်ဦးလွင်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့၊ ပြင်ဦးလွင်စက်ဘီးချစ်သူများအဖွဲ့၊ အခြားသောအရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များစုပေါင်း၍ တစ်ဦးလျှင် အလှူငွေကျပ် ၁ သိန်းခန့်နှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ပြန်/ဆက် )**

## ထိုင်းနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာနဂါးလှေ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလှေလှော်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၀**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာနဂါးလှေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီး ရိုးရာလှေလှော်ကစား သမားအဖွဲ့သည် ဩဂုတ် ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သလို (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လှေလှော်အဖွဲ့ချုပ်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းသည်လည်း ထိုအဖွဲ့နှင့်အတူ ထွက်ခွာခဲ့ကြောင်း သိရသည်။

လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အားကစားသမားများအား လှေလှော်အဖွဲ့ချုပ်မှ အမှုဆောင်များက လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး မြန်မာလှေလှော်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ စုစုပေါင်း ၅၃ ဦး ပါဝင်ကြောင်း သိရသည်။

မြန်မာအသင်းသည် အလွတ်တန်းပြိုင်ပွဲ၌ ၁၀ တက်နှင့် တက် ၂၀ ပြိုင်ပွဲတွင်လည်းကောင်း၊ ယူ-၂၄ ပြိုင်ပွဲတွင် မီတာ ၂၀၀၀၊ မီတာ ၅၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲများတွင် လည်းကောင်း၊ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၁၈ ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲတွင် အင်္ဂလန်၊ ဂျာမနီ၊ ဗြိတိန်၊ ယူကရိန်းနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ လှေလှော်အသင်းများ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

*စာမျက်နှာ ၂၂ မှ*

ဆိုင်ရှင်၏ အဆိုအရ ပုံမှန်တစ်နေ့ မြင်းတစ်ကောင် ကုန်သည်ဟု ဆိုပါသည်။ ညစာစားပွဲတွင် ပုံစံအမျိုးမျိုးနှင့် ချက်ပြုတ်ထားသော မြင်းသားအမျိုးမျိုး လာချပါသည်။ စာရေးသူလည်း အတန်ငယ် ဆာလောင်နေသဖြင့် မြင်းသား အတော်များများကို စားသုံးခဲ့ပါသည်။ မြင်းသားသည် မည်သည့်အတွက်ကောင်းသည်ကိုတော့ မသိပါ။ နောက်တစ်နေ့မနက် အိပ်ရာထတော့ အတော်ပင် စိတ်ကတက်ကြွနေပါသည်။

**ဘဲကင် အတွေ့အကြုံ**

နောက်အတွေ့အကြုံတစ်ခုက ဘဲကင်စားသောက်ခြင်းဖြစ်ပါသည်။ စာရေးသူ ဘဲသား မကြာခဏ စားဖူးပါသည်။ အမှန်တော့ ဘဲသားကို မကြိုက်နှစ်သက်လှပါ။ ယခု ကူမင်းခရီးစဉ်မတိုင်မီ ပြီးခဲ့သည့် အပတ်ကပင် ဘေဂျင်းမြို့တော်မှ ပြန်လာသည်ဖြစ်ရာ ဘေဂျင်းတွင် နာမည်ကျော် ပီကင်းဘဲကင် စားသုံးခဲ့ပါသည်။ စားသုံးပြီး ဘဲဆိပ်တက်သည်လားတော့ မသိ၊ တစ်ချိန်လုံး ရင်ပြည့်နေသကဲ့သို့ ဖြစ်ခဲ့လေရာ ယခုကူမင်းခရီးစဉ်တွင် ညစာ စားသုံးရန် တရုတ်မိတ်ဆွေများက ဘဲကင်ဆိုင်သို့ သွားကြမည်ဆိုသောအခါ စာရေးသူ ပီကင်း ဘဲကင်အတွေ့အကြုံများကို ပြောပြရင်း အနည်းငယ် ငြင်းဆန်မိပါသည်။ သို့သော် မိတ်ဆွေများက ရီလျံဘဲကင်သည် ယူနန်ပြည်နယ်တွင် အထူးနာမည်ကြီးသည်။ ပီကင်းဘဲကင်ထက် အရသာပိုရှိသည်၊ ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ညွှန်းဆိုနေသဖြင့် ရီလျံဘဲကင် ညစာ သုံးဆောင်ရန် သဘောတူပြီး ရီလျံကောင်တီ၊ ရီလျံမြို့တွင်းရှိ နန်ယန်ရုံဟွာစားသောက်ဆိုင်သို့ သွားရောက်ခဲ့ကြသည်။ ဆိုင်ရှေ့တွင် သံအခုံးအဖုံးဖြင့် လေးပေဝန်းကျင်ခန့် အမြင့်ရှိ ကြီးမားသော အုတ်၊ အင်္ဂတေဖိုကြီး လေးလုံး ရှိပါသည်။ အခြားဆိုင်များရှေ့တွင်လည်း ဤကဲ့သို့ အုတ်ဖိုကြီးများ တွေ့ပါသည်။ အထဲတွင် မီးမြိုက်ထားပြီး ဘဲအကောင် ၁၅ ကောင်ခန့်ကို တစ်ပြိုင်တည်း ကင်နိုင်ပါသည်။ စာရေးသူ လည်း ဆိုင်လုပ်သားများမှာ ဘဲ (အသေ) များကို ဖိုအတွင်းသို့ အသွင်းအထုတ်လုပ်နေသည်ကို မှတ်တမ်းတင် ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးခဲ့ပါသည်။

ဖိုအတွင်းသို့ ဘဲများ မထည့်သွင်းမီ ဘဲအသေများကို ဖိုအနီးလမ်းဘေးတွင် ချိတ်ဆွဲကာ တစ်ကောင်းချင်းကို ပျားရည်ဖြင့် ကျကျနနသုတ်လိမ်း နှိပ်နယ်နေသည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့ခဲ့ရပါသည်။ ဆိုင်ရှေ့ အခြားထောင့်တစ်နေရာတွင် ဆူဖြိုးဝဖီးနေသော ဘဲသုံးကောင်ခန့် သံခြံဝင်းအတွင်း မွေးမြူထားသည်ကို တွေ့ပါသည်။ အမှန်ပင် ရီလျံဘဲကင်မှာ ပီကင်းဘဲကင်နှင့် သိသာစွာ ကွာခြားလှပါသည်။ အသားလည်းများပြီး အရသာလည်း ပိုရှိသည်ဟု ခံစားရပါသည်။ မြန်မာနိုင်ငံက ဘဲကင်အရသာများနှင့် ပိုနီးစပ်သည်ဟု ထင်မိပါသည်။

ကူမင်းမြို့သို့ ၂၀၁၉ ခုနှစ် ဇွန်လ ၁၅ ရက် ညနေက အတော်မှောင်မှ ပြန်ရောက်သည်။ ကူမင်းတွင် တစ်ညအိပ်၊ နောက်တစ်နေ့ ၂၀၁၉ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကူမင်းမှ ရန်ကုန်သို့ China Eastern Airline ဖြင့် ချောမောစွာ ပြန်လည်ရောက်ရှိပါသည်။ ။

## ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ ဆိပ်ကမ်းကပ်ခကောက်ခံခွင့် တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးသည် မိမိရေလမ်းနယ်မြေအတွင်းရှိ အောက်ဖော်ပြပါ ဆိပ်ကမ်း(၅၆)ခုအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၁၉ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၂၀ခုနှစ် စက်တင်ဘာလ ၃၀ရက်အထိ)အတွက် ငှားရမ်းလုပ်ကိုင်ရန် သက်ဆိုင်ရာ ခရိုင်အလိုက် အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပြီး ဆိပ်ကမ်းကပ်ခ ကောက်ခံခွင့်တင်ဒါများ တင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ခရိုင်အမည် | ဆိပ်ကမ်းကပ်ခ ကောက်ခံခွင့် တင်ဒါခေါ်ယူမည့်ဆိပ်ကမ်းများ |
|---|---|---|
| ၁ | ပုသိမ်ခရိုင် | ကန်ကြီးထောင့် မြို့မဆိပ်ကမ်း၊ ဒါးကဆိပ်ကမ်း၊ မြင်းကဆိပ် ဆိပ်ကမ်း၊ ကန်ရွာဆိပ်ကမ်း၊ ရှမ်းရွာဆိပ်ကမ်း၊ ကျောင်းကုန်းမြို့မဆိပ်ကမ်း၊ ကျုံပျော်မြို့မဆိပ်ကမ်း၊ အသုတ်ဆိပ်ကမ်း၊ ငါးသိုင်းချောင်းဆိပ်ကမ်း၊ သာပေါင်းမြို့မဆိပ်ကမ်း |
| ၂ | မြောင်းမြခရိုင် | မြောင်းမြမြို့မဆိပ်ကမ်း၊ စကားမြားဆိပ်ကမ်း၊ ပြင်ရွာဆိပ်ကမ်း၊ အိမ်မဲမြို့မဆိပ်ကမ်း၊ ဝါးခယ်မမြို့မဆိပ်ကမ်း၊ ကျုံမငေးဆိပ်ကမ်း၊ ရွှေလောင်းဆိပ်ကမ်း၊ ကျွန်းကုန်းဆိပ်ကမ်း |
| ၃ | လပွတ္တာခရိုင် | လပွတ္တာမြို့မဆိပ်ကမ်း၊ ဘီတွတ်ဆိပ်ကမ်း၊ ကန်ဘက်ဆိပ်ကမ်း၊ ကြာကန်ဆိပ်ကမ်း၊ လပွတ္တာ(၃)မိုင် ဆိပ်ကမ်း၊ ပင်လယ်လေးဆိပ်ကမ်း၊ မော်လမြိုင်ကျွန်းမြို့မဆိပ်ကမ်း |
| ၄ | မအူပင်ခရိုင် | မအူပင်မြို့မဆိပ်ကမ်း၊ ရေလဲဆိပ်ကမ်း၊ ရွှေတောင်မော်ဆိပ်ကမ်း၊ ကျွဲဒုံးဆိပ်ကမ်း၊ အင်းမ(မအူပင်)ဆိပ်ကမ်း၊ အိုင်ဝိုင်းဆိပ်ကမ်း၊ ဝါးတောဆိပ်ကမ်း၊ကျုံစုတ်ဆိပ်ကမ်း၊ ပန်းတနော်မြို့မဆိပ်ကမ်း၊ ပသွယ်ဆိပ်ကမ်း၊ အင်းမ(ပန်းတနော်)ဆိပ်ကမ်း၊ ညောင်တုန်းမြို့မဆိပ်ကမ်း၊ ဓနုဖြူမြို့မဆိပ်ကမ်း |
| ၅ | ဖျာပုံခရိုင် | ဖျာပုံမြို့မဆိပ်ကမ်း၊ ဘိုကလေးမြို့မဆိပ်ကမ်း၊ ကျိုက်လတ်မြို့မဆိပ်ကမ်း၊ ဒေးဒရဲမြို့မဆိပ်ကမ်း၊ ညောင်တပင်ဆိပ်ကမ်း၊ ယောဟဏီဆိပ်ကမ်း၊မာတလိဆိပ်ကမ်း၊ ကျုံဒါးဆိပ်ကမ်း |
| ၆ | ဟင်္သာတခရိုင် | ဟင်္သာတမြို့မဆိပ်ကမ်း၊ နတ်မော်ချောင်းဆိပ်ကမ်း၊ မြန်အောင်မြို့မဆိပ်ကမ်း၊ ကနောင်ဆိပ်ကမ်း၊ ကြံခင်းမြို့မဆိပ်ကမ်း၊ ဇလွန်မြို့မဆိပ်ကမ်း၊ ထူပါရုံဆိပ်ကမ်း၊ ရွှေကြက်ကျဆိပ်ကမ်း၊ ဇီးပင်ကွင်းဆိပ်ကမ်း၊ ညောင်ကျိုးဆိပ်ကမ်း |

၂။ တင်ဒါဖွင့်လှစ်မည့်ရက်စွဲ၊ အချိန်နှင့်နေရာ

| စဉ် | ခရိုင်အမည် | တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် | တင်ဒါဖွင့်လှစ်မည့်နေရာ |
|---|---|---|---|
| ၁ | ပုသိမ်ခရိုင် | ၂၅-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီ | ရေမြစ်ဖြိုးတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ |
| ၂ | မြောင်းမြခရိုင် | ၂၆-၉-၂၀၁၉ရက် နံနက် ၁၁နာရီ | မြောင်းမြခရိုင်ထွေ/အုပ်ရုံး၊ မြောင်းမြမြို့ |
| ၃ | လပွတ္တာခရိုင် | ၂၇-၉-၂၀၁၉ရက် နံနက် ၁၁နာရီ | လပွတ္တာခရိုင်ထွေ/အုပ်ရုံး၊ လပွတ္တာမြို့ |
| ၄ | မအူပင်ခရိုင် | ၁၈-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီ | မအူပင်ခရိုင်ထွေ/အုပ်ရုံး၊ မအူပင်မြို့ |
| ၅ | ဖျာပုံခရိုင် | ၂၀-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီ | ဖျာပုံခရိုင်ထွေ/အုပ်ရုံး၊ ဖျာပုံမြို့ |
| ၆ | ဟင်္သာတခရိုင် | ၁၉-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီ | ဟင်္သာတခရိုင်ထွေ/အုပ်ရုံး၊ ဟင်္သာတမြို့ |

မြောင်းမြမြို့၊ တိုက်သစ်ပဉ္စောတာရုံကျောင်းတိုက်၊ မဟာနာယက၊ မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဂုဏိသာရ မဟာထေရ်မြတ်သည် (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်) ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ သာဓုကီဠနပူဇာပွဲသဘင်ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ပင့်ဆောင်ပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက နောက်ဆုံးပူဇော်လျက် ညနေ ၅နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး မှ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ**
**သာသနာ့ဝန်ဆောင်ကျောင်းတိုက်**
**မှော်ဘီမြို့**

---

## တစ်နှစ်ပြည့် လွမ်းဆွတ်တမ်းတသတိရခြင်း

### ကိုဖြိုးနေလင်း(ခ)ကိုဖြိုး

### (၂၁-၈-၂၀၁၈)-(၂၁-၈-၂၀၁၉)

အကြွေစောရှာတဲ့ သားလေး ကိုဖြိုးရေ…မိသားစုနဲ့ ခွဲခွာသွားတာ (၁)နှစ်တင်းတင်းပြည့်ခဲ့ပေမယ့် အချိန်နဲ့အမျှ အောက်မေ့တမ်းတသတိရနေကြလျက်ပါ။ မိသားစုတို့ရဲ့ နေ့စဉ်၊ လစဉ် ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ သားလေးရောက်ရှိရာ ဘုံဘဝကနေပြီး သာဓုခေါ်ပါ… သာဓုခေါ်တိုင်းလဲ ကုသိုလ်ကောင်းမှုအစုစုတို့ရဲ့ အဖို့ဘာဂကို ရနိုင်ပါစေ။

**သားလေးရေ အမျှ…အမျှ…အမျှ**

**ဖေဖေ- ဦးမြညွှန့်**
**မေမေ- ဒေါ်ခင်စန်း**
**ညီအစ်ကိုမောင်နှမများ**
**တူမလေးများ**

---

## (၇)နှစ်ပြည့် အမျှပေးဝေခြင်း

### ဒေါ်စန်းစန်းရီ

### (၂၁-၈-၂၀၁၂)-(၂၁-၈-၂၀၁၉)

မြစ်ကြီးနားမြို့၊ သမ္မိဒ္ဓေါဒယသီလရှင်စာသင်တိုက် ယောဂီဆောင်(၁၄)၏ ကျောင်းအမကြီး ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ ကျော်ဝင်း(ငြိမ်း)၏ဇနီး ဒေါ်စန်းစန်းရီအားရည်စူး၍ ၂၁-၈-၂၀၁၉ရက် နံနက်တွင် အရဏ်ဆွမ်းကပ်လှူပြီး အမျှပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ဒေါ်သီရိမာလာ (ပါမောက္ခ-ငြိမ်း)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်ခင်သန်း (မဟာစည်ယောဂီ)

### (ဆင်ပေါင်ဝဲ/ကျောက်တန်း)

### အသက် (၁၀၅)နှစ်

သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့၊ သမာဓိမြို့ဝန် (ဦးစိုး-ဒေါ်ကျင်မိ)တို့၏သမီး၊ ကျောက်တန်းမြို့၊ ရေလယ်ဘုရားလမ်း၊ အမှတ် ၂၄နေ (ဦးဖွယ်-ဒေါ်ဂျုန်း)တို့၏သမီးချွေးမ၊ [ဦးကျင်ဝမ်း(ခ)ဦးအောင်ခိုင်]၏ဇနီး၊ ဦးစိန်ကျော်-ဒေါ်အေးသိန်း(ထ/ပြ-ငြိမ်း)၊ (ဦးမြင့်လွင်)-ဒေါ်ခင်မာမာဝေ၊ ဦးငွေဇင်-ဒေါ်တင်ထွေး၊ ဦးအောင်အောင်လွင်-ဒေါ်ညွှန့်ညွှန့်ဝေတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၆၃)နေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၆၃၂၈၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ 24 Power Hight Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၃၁၈၈ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကျင်စု (ဟင်္သာတ)

### အသက် (၈၀)

ဟင်္သာတမြို့၊ မနော်ဟရီလမ်း၊ အမှတ် ၁၁၀၊ စိန်ကမ္ဘာအိမ်နေ (ဦးစိုးနိုင်)၏ဇနီး၊ (ဦးအောင်ကျော်ဦး)- ဒေါ်သက်သက်စိုး၊ ဦးရဲမြတ်စိုး-ဒေါ်ယုဇနအေး၊ ဦးဇော်မင်းစိုး၊ ဦးအောင်ကိုမြတ်စိုး-ဒေါ်နွေးနွေးတို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၁၉ ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## G.E.C (ပညာရေး) တာမွေ၏ အမြတ်ဝေစုခွဲဝေပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် G.E.C(ပညာရေး)သမဝါယမအသင်းလီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေးပွဲ ၁၈-၈-၂၀၁၉ ရက်တွင် အသင်းသားများ၏ အမြတ်ဝေစုအဖြစ် တစ်ဦးလျှင် ၁၁၀၀၀ိ/-နှုန်းဖြင့် အစုပြည့်အသင်းသား ၅၄၇ ဦးအတွက် ၆၀၁၇၀၀၀ိ/-ကို အသင်းဥက္ကဋ္ဌဆရာမကြီး ဒေါ်ခင်စန်းမြင့်မှ အသင်းသားများသို့ ခွဲဝေပေးနိုင်ခဲ့ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**G.E.C (ပညာရေး) တာမွေမြို့နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ ၂၀၊ မောသီရိတိုးချဲ့-၂၊ ဦးပိုင်အမှတ် (၂၂၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ မြေဂရန်အမှုတွဲအမှတ် ၄၂၃-၅/၂၀၁၇-၂၀၁၈ (A)၊ ဗိုလ်ကြီးသန်းစိုးအမည်ပေါက်မြေကွက်အား ၁၈-၆-၂၀၀၇ ရက်တွင် ဗိုလ်ကြီးသန်းစိုးမှ သရက်မြို့နယ်စာချုပ်စာတမ်းအမှတ်(၆/၂၀၀၇)ဖြင့် မနန်းခေါင် ၁၃/ပဆတ(နိုင်)၀၄၂၅၁၀ သို့ SPလွှဲအပ်ခဲ့ပါသည်။ ၁၂-၉-၂၀၁၇ ရက်တွင် မနန်းခေါင်မှ ဦးကျင်သက် ၁၃/ဟပတ(နိုင်)၀၀၃၉၉၇ အား လားရှိုးမြို့နယ်စာချုပ်စာတမ်းအမှတ် (၂၄I/၂၀၁၈)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပြီး ဦးကျင်သက်မှ မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## အများသိစေရန် ကြေညာအပ်ပါသည်

တာချီလိတ်မြို့၊ တာလော့ရပ်ကွက်၊ ဇမ္ဗူတိုက်ခန်း၊ အမှတ်(၁၀)နေ ကျွန်ုပ်၏မိတ်ဆွေ ကျန်ကျီလာဓာတ်ပုံလုပ်ငန်းရှင် ဦးအိုက်ရှန်၏ လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွန်ကျိုင်းကွင်း၊ အကွက်အမှတ် (၂၃)၊ ဦးပိုင်အမှတ် (၁၈၅)၊ ယာမြေဧရိယာဧက (၁၀)ကို လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်အကြောင်းပြချက်များ အခိုင်အမာဖြင့်တင်ပြလျှောက်ထားခဲ့ရာ သက်ဆိုင်ရာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဦးစီးဌာနများက လုပ်ထုံးလုပ်နည်းများ၊ လယ်နှင့်ယာမြေနည်းဥပဒေအရ ခွင့်ပြုချက်ရရှိခဲ့ပြီး တာချီလိတ်မြို့၊ မြေစာရင်းဦးစီးဌာနမှ မြေစာပုံစံ (၁၀၅)ကို ၁၉၉၉ ခုနှစ် မတ် ၈ ရက်တွင် ဦးအိုက်ရှန်အမည်ပေါက် တရားဝင်ရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးအိုက်ရှန်၏ ခွင့်ပြုချက်မရရှိဘဲ အခြားနည်းများသုံး၍ နေထိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ကျူးကျော်လုပ်ကိုင်ခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-ဦးအိုက်ရှန်** **လွှဲအပ်ချက်အရ- ဦးရဲမြင့်**
**BA(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၂၂၂၀/၈၂၊ တာချီလိတ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ် (အောင်စေတနာတိုးချဲ့) ဦးပိုင်အမှတ် (အေ/၂၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒုတပ်ကြပ်တင်မြင့်(ငြိမ်း) ၁၃/လရန(နိုင်)၁၂၈၄၅၉ အမည်ပေါက်မြေကွက်အား ဦးနေထွန်း ၁၂/လမတ(နိုင်)၀၀၇၃၀၂ သို့ ၈၉၄ VI/၂၀၁၆ ဖြင့် SPလွှဲအပ်ကာ ဦးနေထွန်းမှတစ်ဆင့် ၁၈-၇-၂၀၁၉ ရက်စွဲပါ လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ စာချုပ်အမှတ် (၄၇၉I/၂၀၁၉) ဖြင့် ဒေါ်ဇာလီအောင် ၁၂/ထတပ(နိုင်)၁၁၆၉၅၇ သို့ ရောင်းချပြီးဖြစ်ပါ၍ ဒေါ်ဇာလီအောင် အမည်ပေါက် မြေငှားဂရန်အသစ်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/3900 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8K/4693 အမည်ပေါက်သူ ဒေါ်အေးကြိုင် ၁၃/နဆန(နိုင်)၀၄၆၂၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၁)ရပ်ကွက်၊ ရွှေသံလွင်လမ်း၊ မြေကွက်အမှတ် ၆၆၉၊ (၄၀'×၆၀') အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေအား ဒေါ်ခင်ဆွေဝင်း(ခ)လျူရှီလန် ၁၃/လရန(နိုင်)၀၉၇၈၇၀ မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးခင်လှိုင် ၁၂/သဃက(နိုင်)၀၄၆၉၅၉ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လိုအပ်သောအထောက်အထားစာရွက်စာတမ်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်။

**(ဆက်သွယ်ရန်)**
**ဦးခင်လှိုင်**
**ဖုန်း-၀၉-၇၆၄၈၆၀၅၃၄၊ ၀၉-၇၈၈၈၄၄၄၁၄**

---


## မွေးသက္ကရာဇ် အမှန်

ဦးသိန်းဇော်ဦး၏သား မိုင်းဖြတ်မြို့နယ်၊ အထက(မိုင်းဖြတ်)ကျောင်းတွင် တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သော မောင်သူရဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၉၇ ဖြစ်ပါကြောင်း။


---

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၂/၁က စီတာပူတောင်၊ ဦးပိုင်အမှတ် (၄၀)ဟု ခေါ်တွင်သော ဧရိယာ ၀ ဒသမ ၁၈၃ ရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်လုအောင် ၁၂/ကမရ(နိုင်)၀၃၄၅၈၂ အမည်ပေါက်ဖြင့် မြေငှားဂရန်အမှတ် ၃၉၀/V(၂၀၁၈-၂၀၁၉)အရ ၁၇-၆-၂၀၁၉ မှ ၁၆-၆-၂၀၄၉ ရက်ထိ နှစ်၃၀ ဂရန်ရရှိပိုင်ဆိုင်ထားပါသည်။

အထက်ဖော်ပြပါမြေကွက်၏ ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်လုအောင်က ခြံမြေကွက်အား ရောင်းချရန်ကမ်းလှမ်းပြောဆိုခဲ့သဖြင့် မြစ်ကြီးနားမြို့၊ နောင်နန်းကျေးရွာအုပ်စု၊ ဆယ်မိုင်ကျေးရွာတွင် နေထိုင်သူများဖြစ်သော ဦးဇော်လောဒ် ၁/ကမန(နိုင်)၀၁၉၃၉၄၊ ဒေါ်ဆိုင်းလို ၁/ပတအ(နိုင်)၀၀၁၅၃၁၊ ဦးထိန်နန်ဒူ ၁/မကန(နိုင်)၀၀၆၂၀၃၊ ဒေါ်ထုရာ ၁/မကန(နိုင်)၀၉၃၃၁၃ တို့ (၄)ဦးကို ဝယ်ယူရန် သဘောတူညီခဲ့ကြပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်(တစ်ပတ်)အတွင်း မူရင်းအထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ချုပ်ဆိုခြင်းပြုမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းအောင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၀၇၈)**
**ရှေ့နေများနားနေခန်း**
**ကချင်ပြည်နယ်တရားလွှတ်တော်ရုံးဝင်း၊ မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက်အမှတ် ၅၃၉/က၊ မြေကွက်တည်နေရာအမှတ် ၅၃၉/က၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက် ဦးဌေးကြွယ် KKK-၀၇၀၂၃၄၊ ဒေါ်ခင်အေးသွင် ( HGU-၁၀၀၆၀၈) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် (ဇနီး)ဒေါ်ခင်အေးသွင်သည် ၁၉-၃-၂၀၀၆ ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးဌေးကြွယ်မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် ၁/၂၄၄၈၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ဦးဌေးကြွယ်ထံမှ GP No ၁၄၀၃၀/၁၈(၂၇-၁၂-၁၈)ဖြင့် ရရှိသူ ဦးအောင်ကောင်းမြတ် ၁၂/ဥကမ(နိုင်)၂၁၄၅၉၃ မှ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် နှစ်ထပ်အုတ်ညှပ်တစ်လုံးရှိပြီး ဦးအောင်ကောင်းမြတ်မိသားစုနေထိုင်ခြင်းအတွက် ပြဿနာတစ်စုံတစ်ရာမရှိ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြထားပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/F နံ့သာကုန်း၊ မြေကွက်အမှတ် ၆/ဃ ၃၁-G ဧရိယာ ၀ ဒသမ ၂၀၃ ဧက၊ မြေကွက်တည်နေရာအမှတ် ၆/၁၁-G မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးသိန်းတန်) ၁၂/ဗဟန(နိုင်)၀၅၆၆၃၁၊ ဒေါ်မင်းသက်မွန် ၁၂/ဗဟန(နိုင်)၀၁၂၃၂၉ အမည်ပေါက် မြေပိုင်မြေ (စက်မှုလက်မှုအလုပ်ရုံမြေသတ်မှတ်)မြေအား အမည်ပေါက်များဖြစ်ကြသော ဦးသိန်းတန်၊ ဒေါ်မင်းသက်မွန်တို့ ကိုယ်တိုင်မှ ၎င်း၏အမည်ပေါက်ခဲ့သဖြင့် အရောင်းအဝယ်အမှတ်-၅၂၆/၉၃ (၁၀-၃-၉၃) စာချုပ်မိတ္တူမှန် အမှားပြင်စာချုပ်အမှတ်-၂၁၉၅/၉၄(၁၄-၁၂-၉၄)စာချုပ်မိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ သုဝဏ္ဏ၊ မြေကွက်အမှတ် (၂၅၆/က)၊ မြေကွက်တည်နေရာအမှတ် (၆၀/က)၊ ယင်းမာမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးကိုလေး ၁၂/သဃက(နိုင်)၁၁၉၂၇၇ အမည်ပေါက် နှစ် ၆၀ မြေအား အမည်ပေါက် ဦးကိုလေးထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ (SP) ဒေါ်သန်းရီ ၁၂/သဃက(နိုင်)၁၁၉၂၇၆ မှ အပိုင်ပေးမြေပုံကူးလျှောက်ထားလာရာ ဌာန၏ မြေစာရင်းမှတ်ချက်ပါ (၂၀၀၁) ဦးကိုလေးမှ ဘဏ်ချေးမြေပုံလျှောက်ထားရယူ၍ အာရှနေဘဏ်တွင် ချေးငွေရယူခဲ့ပြီး ယင်းဘဏ်မှ လျှောက်ထားမြေ၏ ဘဏ်ချေးမြေပုံနှင့်ဂရန်အားပြန်လည်ထုတ်ယူရရှိခဲ့သော်လည်း ၎င်းဘဏ်ချေးမြေပုံ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ယခုလျှောက်ထားသည့် အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက လျှောက်ထားသူမှ အလုံးစုံတာဝန်ယူကြောင်း ကျိန်ဆိုသည့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် (၆/၂၁၃/၄-၆-၁၉) ဂရန်မူရင်း၊ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၅၂၁/၁၁-၃-၁၉) တို့ တင်ပြထားပါသဖြင့် အဆိုပါအပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဂုတ်တွင်း ယာယီဘေလီတံတားတွင် ကားများ ဖြတ်သန်းသွားလာခွင့်ပြုပြီ

**ရန်ကုန် ဩဂုတ် ၂၀**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မူဆယ်-ရွှေလီ၊ ချင်းရွှေဟော်-မိန်းတိန် နယ်စပ်ကုန်သွယ်ရေး စခန်းသွားကားလမ်းပေါ်မှ ဩဂုတ် ၁၅ ရက်က မိုင်းခွဲခံလိုက်ရသည့် ဂုတ်တွင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၅ ရက်နှင့် အပြီးတည်ဆောက်လိုက်ပြီး ယနေ့ မွန်းလွဲ ၁ နာရီတွင် အိမ်စီးကားငယ်လေးကို ယာယီဘေလီတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

အဆိုပါဘေလီတံတားမှာ အလျားပေ ၂၁၀ ရှိပြီး သုံးလွှာ တစ်ထပ် နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားပစ္စည်းများကို ရန်ကုန်မှ အမြန်သယ်ယူပြီး ကရိန်းစက်ကြီးများ အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာချုပ်များရုံးချုပ်မှ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားဖွင့်လှစ်ပြီးနောက် တံတားအနီးမှ ဗုံးနှစ်လုံးတွေ့ရှိသဖြင့် သက်ဆိုင်ရာက ညနေ ၄ နာရီခွဲတွင် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ဗုံးများဖောက်ခွဲနေစဉ် တံတားပေါ်မှ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ခေတ္တပိတ်ထားပြီး ညနေ ၅ နာရီခွဲခန့်တွင် ပြန်လည်ဖြတ်သန်းခွင့်ပြုလိုက်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**



ဂုတ်တွင်း ယာယီဘေလီတံတားပေါ်မှ အိမ်စီးကားငယ်လေးများ ဖြတ်သန်းမောင်းနှင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဆောက်လုပ်ရေးဦးစီးဌာန

# အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု ဒုတိယနေရာသာရရှိ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၁၉ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဩဂုတ် ၂၀ ရက်က ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် ဗီယက်နမ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး အုပ်စုဒုတိယနေရာသာ ရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့သော်လည်း ဗီယက်နမ်အသင်းက မြန်မာအသင်း၏ ခံစစ်အားနည်းမှုကို အခွင့်ကောင်းယူကာ ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံထိပ်သီး ဗီယက်နမ်၊ ထိုင်းတို့နှင့် ပြိုင်ပွဲများ၌ တွေ့ဆုံရာတွင် ရလဒ်ကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး ယခုပွဲတွင်လည်း အရေးနိမ့်ခဲ့သောကြောင့် အုပ်စု ပထမနေရာရယူနိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

ဗီယက်နမ်အသင်းသည် ပွဲအစ သုံးမိနစ်မှာပင် ဖန်ဟိုင်ရန် သွင်းယူသည့်ဂိုးဝင်ခဲ့သောကြောင့် အဖွင့်ဂိုး စောစီးစွာရခဲ့ပြီး ပွဲကိုဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံလိုအပ်ချက်များရှိခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်းမှ ထိုင်သီသောင်၏ ဒုတိယဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ဒုတိယပိုင်းအစတွင်လည်း ဗီယက်နမ်အသင်းက ပွဲကိုဆက်လက်စိုးမိုးထားပြီး မိနစ် ၆၀ တွင် ဖန်ဟိုင်ရန်နှင့် ၆၃ မိနစ်တွင် ငုယင်ဒူနာတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဗီယက်နမ်အသင်း ရရှိခဲ့သည့် စတုတ္ထဂိုးမှာ ပယ်နယ်တီမှ တစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။



မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-MFF

*စာမျက်နှာ ၁၂ ကော်လံ ၁* ✤

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်နိုင်မှု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၀**

Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေ သော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၆ ရက်အတွင်း နေ့စဉ် ၃ မိနစ်မှ ၁၅ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိနိုင်ကြောင်း သိရသည်။ **မောင်လူမော်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



# ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်းက ကြီးမားသော သံမဏိအမိုးသစ်ကြီး

သို့မဟုတ်

# အသစ်တည်ဆောက်လျက်ရှိသော မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံ

**ရှင်နော်၊ ဓာတ်ပုံ - ထိန်လင်း**

ရုံဖန်ရုံခါမှသာ ဖြတ်သွားလေ့ရှိသော်လည်း ကြီးမားသော သံမဏိအမိုးခုံး ကြီးကြောင့် ဤနေရာကို စိတ်ဝင်တစားကြည့်မိနေသည်မှာ အကြိမ်ကြိမ်ရှိပြီ ဖြစ်သည်။ ယင်းအမိုးခုံးကြီးနှင့် မနီးမဝေးတွင် အင်းစိန်မီးရထား စက်ခေါင်းစက်ရုံများတည်ရှိသည်။ သာမန်အားဖြင့် ကားပေါ်မှမြင်ရသည်မှာ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်မှုလုပ်ငန်း ဆောင်ရွက်နေသော အေဝမ်းကုမ္ပဏီရုံးကိုသာ မြင်ရလေ့ရှိသည်။

ဩဂုတ်လ ၁၇ ရက် ည ၈ နာရီခန့်တွင် ဖြစ်သည်။ "ခင်ဗျားသတင်းလိုချင်ရင် မနက် ၆ ခွဲလောက် အရောက်လာခဲ့။ အင်းစိန်စက်ခေါင်း စက်ရုံသစ်သွားရအောင်"ဟု ပို့ဆောင်ဆက်သွယ်ရေးဂျာနယ်မှ မိတ်ဆွေတစ်ဦးက ဖုန်းဖြင့် အသိပေးလာသည်။ "ငါကြည့်ကြည့်မိနေတဲ့ စက်ရုံများလားမသိ"ဟူသော အတွေးဖြင့် နောက်တစ်နေ့မနက်တွင် လိုက်ပါခဲ့မိသည်။

**လိုအပ်ချက်များကို ညှိနှိုင်းတိုင်ပင်**

ခရီးစဉ်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံ တိုးချဲ့တည်ဆောက်ရေး စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်ဖြစ်နေသည်။ ပြည်ထောင်စုဝန်ကြီးအား မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးအပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများက စက်ခေါင်းစက်ရုံတိုးချဲ့တည်ဆောက်နေမှုများ၊ ရထားလမ်းပိုင်းအခြေအနေများကို မိမိတို့ကဏ္ဍအလိုက် တင်ပြကြသည်။ ဌာနဆိုင်ရာနှင့် ကုမ္ပဏီတို့အကြား လိုအပ်ချက်များကို ညှိနှိုင်းတိုင်ပင်ကြသည်။ ပြည်ထောင်စုဝန်ကြီးက ရထားစီးပြည်သူများ စိတ်အေးချမ်းသာ အန္တရာယ်ကင်းစွာ လိုရာခရီးသွားလာနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာသွားအပြီး မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ (မြို့ပြအင်ဂျင်နီယာ) ဦးမောင်မောင်သွင်ကို လက်ရှိအသုံးပြုနေသော မြို့ပတ်စက်ခေါင်းစက်ရုံနှင့် တိုးချဲ့တည်ဆောက်လျက်ရှိသော အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံအကြောင်းတို့ကို မေးမြန်းကြည့်ခဲ့ရာ "ဒီအင်းစိန်စက်ခေါင်းစက်ရုံက မြို့ပတ်ရထားတွဲဆိုင်းတွေကို နေ့စဉ် စစ်ဆေးတယ်၊ ပြုပြင်တယ်၊ ပြေးဆွဲဖို့အတွက် အဆင်သင့်လုပ်ပေးတဲ့စက်ရုံပါ။ လက်ရှိ အင်းစိန်မြို့ပတ်စက်ခေါင်းစက်ရုံထဲမှာတော့ လမ်းက ၁၁ လမ်းရှိပါတယ်။ မြို့ပတ်ပြေးဆွဲနေတဲ့ ရထားတွဲဆိုင်းတွေ ညဘက်ဆိုရင် ဒီမှာလာသိပ်ပါတယ်။ နောက်ပြုပြင်တာတို့၊ စစ်ဆေးတာတို့၊ ရေတို့၊ လောင်စာဆီဖြည့်တာတို့ကို ဒီမှာ လုပ်ပါတယ်။ အဲဒါတွေလုပ်ပြီးတော့မှ နေ့စဉ်ပြေးဆွဲပါတယ်။

အချပ်ပို (ဃ) သို့




ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း၊ အချက်ပြ ဆက်သွယ်ရေးစနစ်များ အဆင့်မီအောင် ဆောင်ရွက်ခြင်းနှင့် ရထားတွဲဆိုင်းများ လဲလှယ်ခြင်းစသော အဓိက အပိုင်းသုံးပိုင်းဖြင့် ရန်ကုန်မြို့ပတ်ရထားများအား အဆင့်မြှင့်တင်လျက်ရှိသည်။





# ရန်ကုန်မှာ ထွက်ပေါ်လာဖို့ရှိနေတဲ့ မြို့သစ်တစ်မြို့

❑ ဇင်လင်းမြင့် ❑

**ရန်ကုန်**မြို့မှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ စီးပွားရေး လုပ်ငန်းတွေ၊ စက်မှုဇုန်တွေ၊ အိမ်ရာစီမံကိန်းတွေ၊ စက်မှုမြို့တော်တွေအပြင် မြို့သစ်တည်ဆောက်ဖို့ အစီအစဉ်လည်း ရှိနေပါတယ်။ မြို့သစ်တည်ဆောက်မှုကိုတော့ ရန်ကုန်တစ်ဖက်ကမ်း ဒလဘက်အခြမ်းမှာ အကောင်အထည်ဖော်နိုင်ရေး အကြိုလေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။

"ဒလဘက်ခြမ်းမှာ မြို့သစ်တည်ဆောက်ဖို့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနဲ့ ပူးပေါင်းဆောင်ရွက်နေပြီး အကြိုလေ့လာဆန်းစစ်မှုလုပ်ငန်းတွေလည်း ပြီးစီးနေပြီ ဖြစ်ပါတယ်"လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဩဂုတ် ၁၃ ရက်က ပြောကြားပါတယ်။

**အသေးစိတ်လေ့လာမှု လုပ်ဆောင်သွားမည်**

ဒလဘက်ခြမ်းမှာ မြို့သစ်တစ်မြို့ တည်ဆောက်ရေးကို အကောင်အထည်မဖော်ခင် အကြိုလေ့လာဆန်းစစ်မှုတွေ ပြီးစီးလို့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ပထမအဆင့်တင်ပြထားတယ်လို့ ဝန်ကြီးချုပ်က ဆိုပါတယ်။ အသေးစိတ်လေ့လာမှုတွေလည်း ပြီးစီးအောင် လုပ်ဆောင်သွားမှာဖြစ်ပြီး အဆင့်ဆင့်တင်ပြမှုတွေကတစ်ဆင့် ခွင့်ပြုခဲ့ရင်တော့ မြို့သစ်စီမံကိန်းကို စနစ်တကျအစီအစဉ်တွေနဲ့အတူ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဒီလို ဒလဘက်ခြမ်းမှာ မြို့သစ်အကောင်အထည်ဖော်နိုင်ခဲ့ရင်တော့ လက်ရှိမှာ တည်ဆောက်နေတဲ့ ရန်ကုန်-ဒလမြစ်ကူးတံတားပြီးစီးသွားရင် ဒလဝန်းကျင်ဒေသဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ မြန်မာ-ကိုရီးယားချစ်ကြည်ရေး ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဟာ ဒလဘက်ခြမ်းမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အခုဆိုရင် ဘိုးပိုင်လုပ်ငန်းတွေ၊ ချဉ်းကပ်လမ်းနဲ့ တံတားအခြေတွေ လုပ်ကိုင်နေသလို ရန်ကုန်ဘက်ခြမ်းမှာလည်း လုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။ အဲဒီတံတားဟာ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနဲ့ ရန်ကုန်ဘက်အခြမ်းက လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းတို့ကို ဆက်သွယ်တည်ဆောက်သွားမှာဖြစ်ပါတယ်။ လေးလမ်းသွား၊ သံမဏိကြိုးဆိုင်းအမျိုးအစားဖြစ်ပြီး တံတားအရှည် ၆၁၄၄ ပေ၊ အမြင့် ၄၉ ပေရှိကာ စီမံကိန်းကာလ ၄၁ လကြာမြင့်မှာဖြစ်ကြောင်း သိရပါတယ်။

အဲဒီ ရန်ကုန်-ဒလမြစ်ကူးတံတား တည်ဆောက်ပြီးသွားရင် ရန်ကုန်နဲ့ဒလမြို့နယ်တို့ဟာ အချိန်တိုအတွင်း အချိန်မရွေးသွားလာလို့ရပြီဖြစ်တာမို့ နှစ်ပေါင်းများစွာဖွံ့ဖြိုးမှုနည်းပါးခဲ့တဲ့ ဒလမြို့နယ်ဟာ ဖွံ့ဖြိုးတိုးတက်စည်ကားလာမှာဖြစ်ပါတယ်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကျတဲ့ အချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးလည်း အဓိကပါဝင်ပါတယ်။

**ဒလမြို့သစ်စီမံကိန်းဆောင်ရွက်ဖို့ ကြိုးစားနေ**

ဒီလိုအခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ရန်ကုန်-ဒလမြစ်ကူးတံတား တည်ဆောက်နေချိန်မှာပဲ ဒလမြို့သစ်စီမံကိန်းကို ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေတာပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်နဲ့ ပိုမိုအနီးကပ်ဆုံး ဖြစ်လာမယ့် ဒလမြို့နယ်ဟာ ဖွံ့ဖြိုးမှု တန်းတူဖြစ်လာစေဖို့ တံတားပြီးချိန်ထိ မစောင့်ဆိုင်းတော့ဘဲ မြို့သစ်စီမံကိန်းအတွက် အကြိုလေ့လာမှုတွေ စတင်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဒလမြို့သစ်စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။




ဒ့ါအပြင် ဒလမြို့နယ်မှာ စက်မှုဇုန်သစ်တစ်ခု အကောင်အထည်ဖော်ဖို့လည်း အစီအစဉ်ရှိနေတာကြောင့် အဲဒီမြို့သစ်က ပြည်သူတွေ၊ ဒလမြို့နယ်က လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ထွက်ပေါ်လာဖို့ရှိနေပါတယ်။ စက်မှုဇုန်တည်ဆောက်ရေး၊ စက်မှုဇုန်လုပ်ငန်းခွင်တွေအတွက်လည်း လုပ်သားအင်အားစုစည်းမှုရှိစေမယ့် မြို့သစ်အဖြစ်လည်း တည်ရှိလာမယ့်အနေအထားရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနေထိုင်မှုအများဆုံး၊ စက်မှုဇုန်လုပ်သားအများဆုံးဖြစ်တဲ့ လှိုင်သာယာမြို့နယ်လို အခု ဒလမြို့သစ်နဲ့ ဒလမြို့နယ်ဟာလည်း ရန်ကုန်မြို့လယ်နဲ့ နီးကပ်ပြီး စက်မှုဇုန်လည်း ထူထောင်နိုင်ခဲ့ရင်တော့ လူနေထိုင်မှုများပြားလာမယ့် မြို့နယ်တစ်ခုအဖြစ် ရောက်ရှိလာမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ဧရိယာကို တိုးချဲ့ဖို့စီစဉ်နေတယ်လို့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားသလို လက်ရှိအချိန်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထန်းတပင်မြို့နယ်မှာ စက်မှုဥယျာဉ်စီမံကိန်းကို မြေအကျယ်အဝန်း ၂၂၂၀ ဒသမ ၈၂ ဧကပေါ်မှာ ထူထောင်ဖို့ အစီအစဉ်ရှိနေပါတယ်။

**ရန်ကုန်မြို့ဖွံ့ဖြိုးမှု ကျယ်ပြန့်စွာဖြစ်ထွန်းနိုင်**

နောက်ပြီး လှည်းကူးမြို့နယ်မှာလည်း မြေဧက ၁၃၄၆ ဒသမ ၅၇ ဧကပေါ်မှာ ဖော်ဆောင်မယ့် လှည်းကူးစက်မှုဥယျာဉ်မြို့တော် စီမံကိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်ရွာအနီးမှာ ဖော်ဆောင်မယ့် မြို့တော်သစ်အသေးစား စက်မှုဥယျာဉ်စီမံကိန်း(မလစ်)၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ကိုရီးယား-မြန်မာ စက်မှုမြို့တော်စီမံကိန်း၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ဖော်ဆောင်မယ့် ရန်ကုန်မြို့သစ်စီမံကိန်း စတဲ့ စီမံကိန်းတွေသာ အကောင်အထည်ဖော်နိုင်ခဲ့ရင် ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ကြီးမားကျယ်ပြန့်စွာဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

လာမယ့် ၂၀၂၃ ခုနှစ်လောက်မှာ ပြီးစီးမယ့် ရန်ကုန်-ဒလ တံတားနဲ့အတူ ဒလမြို့သစ်စီမံကိန်း ဖော်ဆောင်မှုတွေ ဆောင်ရွက်နိုင်ခဲ့ရင်တော့ ရန်ကုန်မြို့လယ်နဲ့အပြိုင် ဖွံ့ဖြိုးစည်ပင်မှုတွေ မြင်တွေ့ရဦးမှာ အမှန်ပါပဲ။ ။

**ဒလမြို့နယ်မှာ စက်မှုဇုန်သစ်တစ်ခု အကောင်အထည်ဖော်ဖို့လည်း အစီအစဉ်ရှိနေတာကြောင့် အဲဒီမြို့သစ်က ပြည်သူတွေ၊ ဒလမြို့နယ်က လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ထွက်ပေါ်လာဖို့ရှိနေပါတယ်။ စက်မှုဇုန်တည်ဆောက်ရေး၊ စက်မှုဇုန်လုပ်ငန်းခွင်တွေအတွက်လည်း လုပ်သားအင်အားစုစည်းမှုရှိစေမယ့် မြို့သစ်အဖြစ်လည်း တည်ရှိလာမယ့်အနေအထားရှိ**

# စက်လှေစီးသူများ အသက်ကယ်အင်္ကျီဝတ်ဆင်ကြပါ

သျှင်ဝင်းသျှင်၊ ဓာတ်ပုံ-ဒလယဉ်ဦး

ပြီးခဲ့သည့် ရက်က ပုံနှိပ်သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ သေဆုံးသူလေးတွေရဲ့ပုံကိုပါ ဖော်ပြထားတဲ့အတွက် ဖတ်ပြီး အတော့်ကိုစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

ကရင်ပြည်နယ် ဘားအံမြို့နယ် လေသာကုန်းကျေးရွာ အင်းတဲမှာ လှေတိမ်းမှောက်ပြီး ကျောင်းသားအရွယ်ကလေးငယ်ငါးဦး ရေနစ်သေဆုံးရတဲ့သတင်းပါ။

ဝါခေါင်လပြည့်ပွဲတော်အတွက် ဘုရားပန်းခူးဖို့ ၄င်းတို့နေတဲ့ စိမ့်ပိုင်ကျေးရွာကနေ ဒေါင်းကျေးရွာကို လောင်းလှေလေးနဲ့ ထွက်ခဲ့ကြရင်းက လှေတိမ်းမှောက်ခဲ့ရတဲ့အဖြစ်ပါ။ ဆယ်တန်း၊ ရှစ်တန်း၊ ခြောက်တန်း၊ နှစ်တန်းကျောင်းသားကျောင်းသူလေးတွေပါ။ ဘုရားမှာ ပန်းတွေလှူဖို့ ကောင်းမြတ်တဲ့စိတ်ထားလေးတွေနဲ့ သွားကြတာမို့ ကုသိုလ်တရားများနဲ့ ကောင်းရာမွန်ရာဘုံဘဝကိုတော့ ရောက်ကြမှာပါ။

**ရင်နင့်စရာအဖြစ်**

ဒါပေမယ့် ကလေးအရွယ်၊ အညွန့်လေးတွေ တလူလူနဲ့ လိပ်စာတူများပါ ပါတဲ့အတွက် ညီအစ်ကို မောင်နှမတွေလည်း ဖြစ်နိုင်ပါတယ်။ မိဘတွေအတွက်ကတော့ ရင်နင့်စရာအဖြစ်ပါ။

သူ့ရွာနဲ့သူ့ဓလေ့ သွားနေကျလာနေကျမို့ သတိမမူမိ၍ ဂူမမြင်ကြခြင်းသာဟု စိတ်ကဖြေမိပါတယ်။ သူတို့အတွက် အသက်ကယ်အင်္ကျီဆိုတာ အပိုဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ယနေ့ရန်ကုန်မြို့မှာ မြစ်ကူးချောင်းဖြား၊ စက်တပ်သမ္ဗန်စီးနေကြတဲ့ နေ့စဉ်ခရီးသွားများအဖို့ကတော့ မဖြစ်မနေ အသက်ကယ်အင်္ကျီ ဝတ်ဆင်ဖို့ အထူးပဲလိုအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ရာသီဥတုက ပုံမှန်မဟုတ်တော့ပါဘူး။ မိုးရွာရင်လည်း သဲသဲမဲမဲ ရွာတတ်လာသလို၊ မိုးမရွာခင် လေပြင်းလေးကပါ ရှေ့ကနေပြီး ခရီးဦးကြိုပြု လာတတ်နေပါပြီ။ သစ်ပင်ကြီးတွေလဲ၊ အိမ်တွေပြို၊ မြစ်ကမ်းနား များပါ ပြိုလာတတ်တာကို နေ့စဉ်ဖတ်ရှုတွေ့မြင်နေရပါတယ်။

ရန်ကုန်မြို့မှာ အထူးသဖြင့် စက်တပ်သမ္ဗန်များနဲ့ ခရီးသွားများတဲ့ ဒလ-ဗိုလ်တထောင်ဆိပ်၊ ပန်းဆိုးတန်းဆိပ်၊ လမ်းမတော်ဆိပ်၊ မော်တင်ဆိပ်၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းကျေးရွာဆိပ်များနဲ့ ကြည့်မြင်တိုင်ကျောက်တံတားဆိပ်၊ ကမ်းနားဈေးဆိပ်၊ ဈေးကြီးဗောတံတားဆိပ်၊ အလုံဆိပ်တို့က မြစ်ကို ကူးသန်းကြတဲ့ ခရီးသည်ပေါင်းက နေ့စဉ်ထောင်ဂဏန်းနီးပါး ရှိနေပါတယ်။

ပြီးခဲ့တဲ့နှစ်ပိုင်းအတွင်းက ဒလ-ပန်းဆိုးတန်းသမ္ဗန်ဆိပ်က ပန်းဆိုးတန်းဆိပ်အနီးမှာ သမ္ဗန်တစ်စင်း တိမ်းမှောက်လို့ အနီးရှိ သမ္ဗန်တွေအကြား ဝင်ရောက်သွားခဲ့ရပြီး ခရီးသည်အချို့အသက်ဆုံးရှုံးမှုနဲ့ ကြုံတွေ့ခဲ့ရဖူးတာကို ပြန်အမှတ်ရမိပါတယ်။



ကျောင်းသူလေးများ လှိုင်မြစ်အတွင်း စက်တပ်သမ္ဗန်များစီးနင်းလာမှုကို တွေ့ရစဉ်။

ဒါပေမယ့် ဖြစ်ကာမှသာဖြစ်ရော၊ စက်တပ်သမ္ဗန်စီးခရီးသည်များအားလုံးနီးပါး သက်ကယ်အင်္ကျီဝတ်ဆင်ထားကြတာကို မတွေ့ရပါဘူး။

ရေကြောင်းပို့ဆောင်ရေးဌာနနဲ့ သက်ဆိုင်ရာမြို့နယ်က တာဝန်ရှိသူတွေက ရေလမ်းခရီးသွားများအနေနဲ့ အသက်ကယ်အင်္ကျီများ ဝတ်ဆင်စီးနင်းကြဖို့ ညွှန်ကြားနေတာ အမြဲကြားသိနေရပါတယ်။ လိုက်နာမှုအားက အလွန်မှပင် နည်းကြောင်း တွေ့မြင်ရပါတယ်။

သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရပါတယ်။ ဗိုလ်တထောင်ဆိပ်ကမ်းကနေ ဒလဘက်ကမ်း စက်တပ်သမ္ဗန်စီးခရီးသွားများကို အသက်ကယ်အင်္ကျီဝတ်ဆင်ကြပါရန်၊ ထိုလမ်းခရီးမှာ သင်္ဘောကြီးများ အချိန်မရွေး ခုတ်မောင်းလျက် ရှိပါကြောင်း၊ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် အန္တရာယ်များလည်းရှိနိုင်ပြီး ယခုအခါ မိုးလေပြင်းထန်၍ သတိထားသွားလာကြပါရန် နှိုးဆော်ထားသော်လည်း လိုက်နာဆောင်ရွက်မှုတို့မှာ အားနည်းလျက်ပင်ရှိနေကြောင်း ဖြစ်ပါတယ်။

ဒါကလည်း ယင်းဆိပ်ကမ်းတစ်ခုတည်းမှာ မဟုတ်ပါ။ ကြည့်မြင်တိုင်လှိုင်မြစ်ကို ကူးသန်းကြသော စက်တပ်သမ္ဗန်များမှာလည်း ထိုနည်းလည်းကောင်းပင်ဟု ဆိုရမည်ဖြစ်ပါတယ်။ လှိုင်မြစ်အတွင်း၌ သင်္ဘောများ ခုတ်မောင်းမှုရှိနေတတ်သကဲ့သို့ ကျောက်၊ သဲ စီဘီတွဲများကလည်း ဖြတ်သန်းမှုရှိနေတတ်ပါတယ်။ ဒါ့အပြင် မြစ်အလယ်မှာ ကျောက်ချရပ်နားနေတဲ့ သင်္ဘောကြီးများကလည်း အစဉ်အမြဲရှိနေတတ်ပါတယ်။

ဒလဘက်အခြမ်းမှာ သမ္ဗန်ဆိပ် ၁၁ ဂိတ် ရှိတယ်လို့ နယ်ခံသတင်းထောက် ဦးထွန်းလှကဆိုပါတယ်။ သမ္ဗန်အစင်းရေပေါင်း က ၅၀၀ နီးပါးရှိတယ်လို့လည်း ပြောပါတယ်။

ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ဝါးရုံဆိပ်၊ အေးရွာ(အရှေ့ အနောက်)၊ ဘလုတ်ညွှန့်၊ စက်ကလေး၊ စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်း၊ ဆိပ်ကြီး ၁/၂ ၁၀ ဂိတ်ရှိပြီး မြို့နယ်ဤမှာဘက်ကမ်းမှာ ဗားကရာ၊ ကမ်းနားဈေး၊ ဈေးကြီးဗောတံတားဆိပ်နဲ့ အလုံမြို့နယ် ကွင်းချောင်းမှာ ဆိပ်တစ်ဆိပ်ရှိပါတယ်။ စက်တပ်သမ္ဗန်အစင်းပေါင်း ၇၅၀ ခန့် ရှိတယ်လို့ သမ္ဗန်ဂိတ်မှူး ဦးမျိုးမြင့်က ဆိုပါတယ်။

အထက်ကစကားကို ပြန်ကောက်ရရင် ဒီကနေ့ မြစ်ကူးစက်တပ်သမ္ဗန်စီးသူများအနေနဲ့ မိမိအသက်လုံခြုံရေး၊ ဘေးအန္တရာယ် ကာကွယ်ရေးအတွက် အသက်ကယ်အင်္ကျီများကို ဝတ်ဆင်ရမှာ အလွန်ဝန်လေးနေကြပါတယ်။

လှိုင်မြစ်ကူး စက်တပ်သမ္ဗန်များအနေနဲ့ သမ္ဗန်တစ်စင်းကို ခရီးသည် ငါးယောက်သာ စီးခွင့်ရှိတဲ့ သမ္ဗန်များရှိသလို၊ ၁၀ ဦးအထိ စီးနင်းလိုက်ပါခွင့်ရှိတဲ့ သမ္ဗန်တွေလည်း ရှိပါတယ်။ ဒါပေမယ့် အချို့သမ္ဗန်တွေမှာ အသက်ကယ်အင်္ကျီ ပြည့်ပြည့်စုံစုံမထားနိုင်တာကို တွေ့ရပါတယ်။ ရှိတဲ့ အသက်ကယ်အင်္ကျီအများစုက ဟောင်းနွမ်းညစ်ထေးမှုတွေကြောင့် ဘယ်သူမှ မဝတ်ချင်ကြပါဘူး။

သမ္ဗန်စီးခရီးသွားတဲ့သူတွေက အခြေခံလူတန်းစားမျိုးစုံပါဝင်ပါတယ်။ ဈေးရောင်း၊ ဈေးဝယ်သူ၊ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကျောင်းသား ကျောင်းသူများ၊ မဖြစ်မနေ လူမှုရေးကိစ္စအဖြာဖြာအတွက် စီးကြသူတွေပါ။ ဝတ်ကောင်းစားလှတွေအပေါ်မှာ ဟောင်းနွမ်းနေတဲ့ အသက်ကယ်အင်္ကျီဝတ်ရမှာကို အတော် ‘တွန့်’ နေကြပါတယ်။

**သမ္ဗန်စီးခရီးသွားတဲ့သူတွေက အခြေခံလူတန်းစားမျိုးစုံပါဝင်ပါတယ်။ ဈေးရောင်း၊ ဈေးဝယ်သူ၊ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကျောင်းသား ကျောင်းသူများမဖြစ်မနေ လူမှုရေးကိစ္စ အဖြာဖြာအတွက် စီးကြသူတွေပါ။ ဝတ်ကောင်းစားလှတွေအပေါ်မှာ ဟောင်းနွမ်းနေတဲ့ အသက်ကယ်အင်္ကျီဝတ်ရမှာကို အတော် ‘တွန့်’ နေကြ**

**တစ်နေ့လုပ်မှ တစ်နေ့စား**

စက်တပ်သမ္ဗန်မောင်းသူတွေအနေနဲ့ကလည်း အညံ့စားအသက်ကယ်အင်္ကျီတစ်ထည်ကို ငွေကျပ် ၄၀၀၀ ခန့်ရှိပြီး သင့်ရင်သင့်သလို၊ ကောင်းရင်ကောင်းသလို တန်ဖိုးများတဲ့အတွက် တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ ဘဝသမားများအဖို့ တစ်ထည်ဟောင်းလို့ တစ်ထည်မလဲနိုင်ကြတဲ့ အခြေခံလူတန်းစားတွေပါ။

ပြီးခဲ့တဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ (၂၀၁၉) ရက် မြန်မာစာဖြေဖို့လာတဲ့ နံနက်ခင်းက လှိုင်မြစ်အတွင်းမှာ နှင်းတွေက ပိန်းပိတ်အောင် ကျဆင်းနေပါတယ်။ စာမေးပွဲဖြေမယ့် ကျောင်းသား ကျောင်းသူလေးများကိုသာ မဖြစ်မနေ ကူးသန်းခွင့်ပြုပြီး ကျန်တဲ့ခရီးသည် သမ္ဗန်တွေကို လုံးဝထွက်ခွင့်မပေးခဲ့ပါဘူး။ ဂိတ်မှူးများက ဦးဆောင်ပြီး ဆောင်ရွက်နေခဲ့ရပါတယ်။

နှင်းတွေကျမှုက မြစ်အတွင်းမှာ မျက်စိရှေ့တစ်ဆုံးတောင် သဲသဲကွဲကွဲမမြင်ရတဲ့အခြေအနေပါ။ သည်ဘက်ကမ်းကို မှုန်မှုန်ဝါးဝါး မှန်းဆလို့ ရေလယ်မှာ ရပ်ထားတဲ့ သင်္ဘောတွေကို ရှောင်ကွင်းပြီးမှ ရောက်လာကြရတာဖြစ်ပါတယ်။

**နှင်းတွေနဲ့ အစိုပြန်**

ဒီဘက်ရောက်လို့ကြည့်လိုက်တော့ ဘယ်ကျောင်းသား ကျောင်းသူမှ အသက်ကယ်အင်္ကျီ ဝတ်ထားကြတာ မတွေ့ရပါဘူး။ အသက်ကယ်အင်္ကျီ လိမ္မော်ရောင်လေးများက သမ္ဗန်ဘေးပေါင်မှာ နှင်းတွေနဲ့ အစိုပြန်နေပါတယ်။ ဘာမှ မဖြစ်လို့ တော်ပါသေးတယ်။

ဆိုချင်ပါသည် စက်တပ်သမ္ဗန်စီးသူများအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများရဲ့သက်ကယ်အင်္ကျီဝတ်ဆင်ရန် သတိပေးနှိုးဆော်မှုကို လိုက်နာကြပါ။ စက်တပ်သမ္ဗန်မောင်း လုပ်သားကြီးများအနေနဲ့လည်း စံပြအဖြစ် ကိုယ်တိုင်ဝတ်ဆင်မောင်းနှင်ကြပါ။ ဂိတ်မှူးများကလည်း အမြဲမပြတ်နှိုးဆော်ကြပ်မတ်ပေးကြပါ။ မြို့နယ်မှ တာဝန်ရှိအဖွဲ့အစည်းအနေဖြင့်လည်း အခုလိုအန္တရာယ်ရှိနိုင်တဲ့အချိန်အပြင် မကြာခဏ သမ္ဗန်ဆိပ်သို့ဆင်း၍ စစ်ဆေးမှုများ ပြုလုပ်ပေးကြပါရန် စေတနာဖြင့် တိုက်တွန်း ရေးသားလိုက်ရပါကြောင်း .......။

**ရန်ကုန်မြို့အင်းစိန်မြို့နယ်အတွင်းက ကြီးမားသော သံမဏိအမိုးသစ်ကြီး ......မှ**

"အခုက စက်ခေါင်းရုံအဟောင်းနဲ့ မနီးမဝေးမှာပဲ အသစ်တည်ဆောက်နေပါတယ်။ အဲဒီဟာကတော့ အခု ကျွန်တော်တို့ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းပြီးသွားတဲ့ အချိန်မှာ တွဲဆိုင်းသစ်တွေ ရောက်ရှိလာမှာဖြစ်ပါတယ်။ အဲဒီရောက်လာမယ့် တွဲဆိုင်းသစ်တွေကို နေ့စဉ်ပြုပြင်ထိန်းသိမ်းဖို့၊ ညအိပ်ဖို့၊ ဆီ၊ ရေ ဖြည့်တာတွေအတွက်ကို မြို့ပတ်စက်ခေါင်းရုံသစ်တည်ဆောက်တာဖြစ်ပါတယ်။ အဲဒီကျရင်တော့ ကျွန်တော်တို့ အဟောင်းရော၊ အသစ်ရော တွဲသုံးသွားမှာဖြစ်ပါတယ်။

"စက်ရုံအဟောင်းမှာတော့ တွဲဆိုင်း ၃၇ ဆိုင်းလောက် ညသိပ်ပြီး ပြုပြင်ထိန်းသိမ်းနေတာဖြစ်ပါ တယ်။ အသစ်ပါ ထပ်ပေါင်းမယ်ဆိုရင်တော့ တွဲဆိုင်းပေါင်း ၁၀၀ နီးပါးလောက်ကို ပြုပြင်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ စက်ရုံသစ်မှာဆိုရင် နေ့စဉ်တွဲတွေကို သန့်ရှင်းရေးလုပ်မယ်၊ ရေဆေးမယ်၊ ဆီရေလောင်စာဖြည့်မယ်၊ နောက်တစ်ခုက လေမှုတ်စက်လို ဟာမျိုးတွေနဲ့မှုတ်မယ်။ ဒီဟာတွေက အခု မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ အသစ်ဆောက်မယ့်ထဲမှာပါမှာ ဖြစ်ပါတယ်။

"မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်တဲ့နေရာမှာ အပိုင်းသုံးပိုင်းပါတာပေါ့။ တစ်ခုကတော့ ရထားလမ်းတွေ၊ ရေနုတ်မြောင်းတွေ၊ တံတားတွေ၊ ပလက်ဖောင်းတွေ၊ ကားလမ်းကူးတွေ မြို့ပြအင်ဂျင်နီယာလုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့အပိုင်းတစ်ခုရှိမယ်၊ နောက်တစ်ပိုင်းက မြို့ပတ်ရထားတွေက အစင်းရေများလာမယ်။ အခေါက်ရေလည်းများလာမယ်၊ တစ်စီးနဲ့တစ်စီး ပြေးနှုန်းတွေကလည်း အချိန်တိုလာမယ်။ အဲဒီဟာတွေအတွက်ကို အဆင်ပြေဖို့အတွက် အချက်ပြဆက်သွယ်ရေးစနစ်တွေရယ်၊ နောက် ကားလမ်းနဲ့ရထားလမ်းဖြတ်တဲ့နေရာတွေက ဂိတ်တွေအဆင့်မြှင့်တာရယ်က ဒုတိယပိုင်းပေါ့။ နောက်တတိယပိုင်းကတော့ လက်ရှိပြေးဆွဲနေတဲ့ တွဲဆိုင်းတွေပေါ့။ အင်မတန်မှ အိုမင်းဟောင်းနွမ်းနေပြီး ချို့ယွင်းချက်တွေရှိပါတယ်။ ဒါတွေကို အဲကွန်းပါတဲ့ တွဲဆိုင်းတွေနဲ့ လဲထုတ်သွားမှာဖြစ်ပါတယ်။ ဒီတွဲဆိုင်းအသစ်တွေ လဲထုတ်တဲ့ဟာက အပိုင်းတစ်ပိုင်းဖြစ်ပါတယ်။



ရန်ကုန်မြို့အင်းစိန်မြို့နယ်ရှိ ဒီဇယ်စက်ခေါင်းစက်ရုံတိုးချဲ့ထားမှုကို တွေ့ရစဉ်။

"ဒီတွဲဆိုင်းအသစ်တွေ ရောက်လာလည်း ပုံမှန် လည်ပတ်ဖို့၊ သန့်ရှင်းရေးလုပ်ဖို့၊ ပြုပြင်ထိန်းသိမ်းဖို့၊ ဆီလောင်စာဖြည့်ဖို့တွေကလည်း မဖြစ်မနေ ပါရမှာဖြစ်ပါတယ်။ အခုအသစ်ဆောက်ထားတဲ့ အင်းစိန်မီးရထားစက်ခေါင်းရုံ အသစ်ဟာ အဲဒါအတွက် အဓိကဖြစ်ပါတယ်။ စက်ရုံအဟောင်းနဲ့ အသစ်နှစ်ခုပေါင်းပြီး အကျိုးရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရောက်ရှိလာမယ့် တွဲဆိုင်းတွေအမီ မြန်မာ့မီးရထားက ဌာနပေါင်းစုံ ညှိနှိုင်းဆွေးနွေးပြီး အချိန်မီဖြစ်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ အဆင့်မီအောင် ဆောင်ရွက်ခြင်းနှင့် ရထားတွဲဆိုင်းများ လဲလှယ်ခြင်းစသော အဓိကအပိုင်းသုံးပိုင်းဖြင့် ရန်ကုန်မြို့ပတ်ရထားများအား အဆင့်မြှင့်တင်လျက်ရှိသည်။ ယင်းတို့အားလုံး ပြီးစီးသွားပါက အသုံးပြုစီးနင်းမည့် ခရီးသည်များအနေဖြင့် အချိန်တိုအတွင်း သက်သောင့်သက်သာ အန္တရာယ်ကင်းစွာဖြင့် ရန်ကုန်တစ်ခွင် သွားလာနိုင်မည်ဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရာတွင် အင်ဂျင်နီယာလုပ်ငန်းများကို ခန့်မှန်းခြေအားဖြင့် ၂၀၂၀ ခုနှစ် မေလတွင် လည်းကောင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ထိုအချိန်အတောအတွင်း ရထားတွဲဆိုင်းသစ်များလည်း ရောက်ရှိလာမည်ဖြစ်ရာ ရထားစီးပြည်သူများအနေဖြင့် ၂၀၂၂ ခုနှစ်ခန့်တွင် အဆင့်မြှင့်တင်ပြီးသော ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များကို စီးနင်းအသုံးပြုနိုင်မည် ဖြစ်ပါကြောင်းနှင့် အင်းစိန်မြို့နယ်ကြို့ကုန်းရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံများအနီးတွင် တည်ဆောက်လျက်ရှိသော သံမဏိအမိုးသစ်ကြီးမှာ အင်းစိန်မြို့ပတ်ဒီဇယ်စက်ခေါင်းစက်ရုံသစ်ကြီးပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ် အွန်လိုင်းနည်းစနစ်သစ်ဖြင့် လျှောက်ထားနိုင်

လူဦးရေသန်းနှင့်ချီ နေထိုင်သော ရန်ကုန်မြို့တော်တွင် အိမ်ရာလိုအပ်ချက်ပမာဏက များပြားလှသည်။ ရန်ကုန်မြို့တော်တွင် အနိမ့်အမြင့် မညီညာသော တိုက်တာအဆောက်အအုံတို့ မြို့နယ်များအလိုက် ရှိပြီးဖြစ်သည်။ ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ အဆောက်အအုံဟောင်းများနေရာတွင် အဆောက်အအုံသစ်တို့က ဝင်ရောက်နေရာယူလာကြသည်။ တစ်ထပ်အိမ်ဟောင်းများ၊ နှစ်ထပ်အိမ်ဟောင်းများမှသည် အထပ်မြင့် အဆောက်အအုံများကို အိမ်ရှင်နှင့် ကန်ထရိုက်တို့ စိတ်ကြိုက်ဆောက်လုပ်လာကြသည်။ ထို့ကြောင့်ပင် အိမ်ဟောင်းဖျက်၍ အိမ်သစ်ဆောက်လုပ်လိုသော မြေပိုင်ရှင်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးအနီးတွင် ယခင်က နေ့စဉ်လို တွေ့မြင်ရလေ့ရှိသည်။

အိမ်သစ်ဆောက်လုပ်လိုသော မြေပိုင်ရှင်များသည် ရှေးအစဉ်အဆက်က သိမ်းဆည်းထားသော စာရွက်စာတမ်းမျိုးစုံကို ယူဆောင်လာပြီး စည်ပင်ရုံးရှေ့တွင် တစောင့်စောင့်နှင့် အလုပ်များနေကြသည်။ မြေယာပိုင်ဆိုင်မှုသည် အရှုပ်အရှင်းများစွာရှိသည့်အတွက် ပွဲစားများကို အားကိုးကြရသည်။ မြေယာပြဿနာများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံ မလွှဲပြောင်းမီ ယခင်ကအိုးအိမ်ဦးစီးဌာနက စီမံခန့်ခွဲသည်။ အိုးအိမ်ဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံ လွှဲပြောင်းအပေးတွင် ရှုပ်ထွေးလှသော မြေယာပြဿနာရပ်များစွာ ပါဝင်ခဲ့သည်။ ယခုအချိန်အထိ အချို့သော မြေယာကိစ္စရပ်များမှာ တရားရုံးများတွင် ပြည်သူများအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်သည်။

ယင်းအခက်အခဲများကို ဖြေရှင်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အင်တာနက် အသုံးပြု၍ အွန်လိုင်းဆောက်လုပ်ခွင့်ပါမစ်စနစ်အသစ်ကို စမ်းသပ်အသုံးပြုလျက်ရှိသည်။

ဩဂုတ် ၉ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) တို့ ပူးပေါင်းဆောင်ရွက်သည့် အဆောက်အအုံဆောက်လုပ်ခွင့်စနစ်အား Automation System (Online Submission System) သို့ ပြောင်းလဲဆောင်ရွက်ရန် ရှေ့ပြေးစမ်းသပ်မှုအဆင့် မိတ်ဆက်သည့်အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမအစည်းအဝေးခန်းမကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ရန်ကုန်မှာ အဆောက်အအုံတွေ ဆောက်လုပ်ရေးဟာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အင်မတန် အရေးကြီးတဲ့ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ အဆောက်အအုံဆောက်လုပ်တဲ့နေရာမှာ အခက်အခဲတွေရှိတယ်။ အဆောက်အအုံတွေကို ဆောက်လုပ်ဖို့အတွက် ရှုန်းကန်ကြိုးပမ်းဆောင်ရွက်နေရတဲ့နေရာတွေမှာ အချိန်တွေကြန့်ကြာနေတဲ့ အနေအထားတွေကို အမျိုးမျိုးတင်ပြနေတဲ့ အသံတွေကို ကြားရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မြို့တော်စည်ပင်သာယာရေးကော်မတီဘက်ကနေ ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို ကြည့်မယ်ဆိုရင် အလွန်အင်မတန်ရိုးရှင်းပါတယ်။ အလွန်အင်မတန် လွယ်ကူပါတယ်။ ဒါတွေအားလုံးကို စနစ်တကျလိုက်နာကျင့်သုံးဆောင်ရွက်သွားမယ်ဆိုရင် ဘာမှခက်ခဲနိုင်စရာမရှိပါဘူး။ ဘာကြောင့်ခက်ခဲနေတာလဲဆိုရင် ကျွန်တော်တို့ရထားတဲ့နေရာတွေ၊ ဝယ်ယူထားတဲ့ မြေနေရာတွေမှာ အဆောက်အအုံတွေ ဆောက်လုပ်တဲ့နေရာတိုင်းမှာ ကိုယ်ဖြစ်ချင်တဲ့ ပုံသဏ္ဌာန်တွေကို၊ ကိုယ်လုပ်ချင်တဲ့ ပုံသဏ္ဌာန်တွေကို ဖြစ်နိုင်ဖို့အတွက် မြို့တော်စည်ပင်သာယာရဲ့ဥပဒေတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ပြင်လွယ်ပြောင်းလွယ်ဖြစ်အောင် လာရောက်ပြီး ညှိနှိုင်းဆောင်ရွက်နေတဲ့ ပြဿနာတွေဟာ အဆိုးဆုံးဖြစ်ပါတယ်။ ဒါဟာ မြို့တော်စည်ပင်သာယာရဲ့ခွင့်ပြုမိန့်တွေကို လျှောက်ထားတဲ့နေရာမှာ အခက်ခဲဆုံး ကိစ္စတစ်ခုဖြစ်ပါတယ်"ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်က ဆက်လက်၍ ယခုအခါ ပြုပြင်ပြောင်းလဲမှုတစ်ခုကို ဆောင်ရွက်နိုင်ရန် IFC ၏ အကူအညီ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီများနှင့် အွန်လိုင်းစနစ်မှ ဆောက်လုပ်ခွင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဝမ်းသာစရာကောင်းသော အခြေအနေတစ်ရပ်ဖြစ်ကြောင်း၊ ဆောက်လုပ်ခွင့် ပါမစ်ရပြီးနောက်ပိုင်း အဆောက်အအုံများ၏ ဆောက်လုပ်ရေးဥပဒေများအား စိစစ်ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် လူနေထိုင်ခွင့်ရသည်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက IFC ပညာရှင်များဖြင့် လက်ရှိဆောင်ရွက်နေသော ပါမစ်စနစ်တစ်ခုလုံးကို လေ့လာဆန်းစစ်ပြီး အဆောက်အအုံခွင့်ပြုမိန့် လျှောက်ထားသူအပေါ် အဟန့်အတားဖြစ်စေမည့်အချက်များနှင့် တင်ပြရသော ထောက်ခံချက်များကို စိစစ်ပြီး ဖြေလျှော့သင့်သည်များကို ဖြေလျှော့နိုင်ရေးအတွက် ကြိုတင်အချက်အလက်များ စုဆောင်းခဲ့ကြောင်း၊ ပါမစ်လုပ်ငန်းစဉ်တွင်ပါရှိသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မီးသတ်ဦးစီးဌာန၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းတို့နှင့် IFC ပညာရှင်များ အကြိမ်ကြိမ်တွေ့ဆုံပြီး အွန်လိုင်းစနစ် ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ၊ ဖောင်ပုံစံများ၊ စစ်ဆေးမှုမှတ်တမ်းများကို အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် လက်ရှိဆောင်ရွက်နေသော အထပ်နိမ့်၊ အထပ်မြင့်ဟူ၍ မခွဲခြားတော့ဘဲ Risk Based System ဖြင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရှေ့ပြေးစမ်းသပ်နိုင်သည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် အပြည့်အဝဆောင်ရွက်နိုင်ရန် လျာထားကြောင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်လွင်တို့က အွန်လိုင်းဆောက်လုပ်ခွင့်ပါမစ်စနစ်သစ်အကြောင်း အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) တို့ တစ်နှစ်ကြာလက်တွဲပူးပေါင်းဆောင်ရွက်ပြီးနောက် YCDC မှ နှစ်စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိသော ပါမစ်လျှောက်လွှာအစောင်ရေ ၄၀၀၀ ၏ ၉၀ ရာခိုင်နှုန်းခန့်ကို စာရွက်စာတမ်းများ အသုံးပြုစရာမလိုတော့ဘဲ နည်းပညာအစားထိုးစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပါမစ်ရရှိရေးလုပ်ငန်းစဉ်ကို ၉၅ ရက်မှ ၄၉ ရက်သို့ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - လင်းညွန့်**

